www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း

## နှင့်

# ဂဠုန်ဦးစော

## (သမိုင်းမလှသော ဝါးရင်းတုတ်ကြွေးကြော်သံရှင်)

နေစိုးထက်

www.burmeseclassic.com

www.burmeseclassic.com

- စာနယ်ဇင်း ကြိုတင်ခွင့်ပြုချက်အမှတ်
- မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ်

ပုံနှိပ်ခြင်း
၂၀၁၃-ခု၊ ဇန်နဝါရီလ၊ ပထမအကြိမ် (၁၀၀၀)

ပန်းချီ -

တန်ဖိုး - ကျပ်

ထုတ်ဝေသူ
ဦးသန်းထွဋ်အောင် (မြဲ ၀၃၉၆၇) အမှတ် ၂၇၁၊
လမ်း ၄၀ (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အဖုံး / အတွင်း ပုံနှိပ်သူ
ဒေါ်အေးမြင့် [ စိန်ပွင့် ပုံနှိပ်တိုက် ] (မြဲ ၀၂၁၆၆)
အမှတ်- ၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

# ပိုလ်ချုပ်အောင်ဆန်း

## နှင့်

## ဂျွန်ဦးစော

### (သမိုင်းမလှသော ဝါးရင်းတုတ် ကြွေးကြော်သံရှင်)

---

**နေမိုးထက်**

မိုးရာဇာစာအုပ်တိုက်
အမှတ်- ၂၇၁၊ လမ်း ၄၀ (အထက်)
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၀၉၄၃၁၀၆၇၈၉၆

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | - ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | - ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | - ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

*ရတနာမြတ်သုံးပါး*
*အနန္တော အနန္တငါးပါး ဦးထိပ်ထားလျက်*
*ဘဝတစ်ကွေ့ တွေ့ခဲ့ရသည့်*
*ထမင်းတစ်လုပ် ကျွေးခဲ့ဖူးသူ*
*ရေတစ်မှုတ် တိုက်ခဲ့ဖူးသူ*
*စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူနှင့်*
*ချစ်သူ၊ မုန်းသူတို့အား ထာဝရဖြင့် ---*

**နေစိုးထက်**
၁၇၊ ၆၊ ၂၀၁၂

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


နိဒါန်း

သို့မဟုတ် အာဇာနည် ဇူလိုင်သမိုင်းနှင့် ဂဠုန်ဦးစော

**အပိုင်း(၁) ဦးစောဘဝပုံရိပ်အကျဉ်း**

အခန်း(၁) မှ အခန်း (၆)

**အပိုင်း အဂ္ဂ၊ မာန်မာနနှင့် ဘဝခရီး**

၇။ ရှန်းကန်လှုပ်ရှား လူသားဖြစ်သူ ဦးစော

၈။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂဠုန်ဦးစောကြားမှအဖုအထစ်များ(၁)

၉။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂဠုန်ဦးစောကြားမှအဖုအထစ်များ(၂)

၁၀။ ဂဠုန်ဦးစောနှင့် ပင်လုံကွန်ဖရင့်

၁၁။ လက်နက်သူလျှိုထုတ်ယူမှုနှင့် လုပ်ကြံမှုစီမံကိန်း

**အပိုင်း(သုံး) သမိုင်းအမှတ်တရဖြစ်ရပ်များ**

၁၂။ သမိုင်းမလှသည့် အမှတ်တရဖြစ်ရပ်(၁)(သို့မဟုတ်) ဂဠုန်ဦးစောနှင့်သခင်ကိုယ်တော်မှိုင်း

၁၃။ သမိုင်းမလှသည့် အမှတ်တရဖြစ်ရပ်(၂)(သို့မဟုတ်) ဂဠုန်ဦးစောနှင့် ဒေါက်တာဘမော်

၁၄။ သမိုင်းမလှသည့် အမှတ်တရဖြစ်ရပ်(၃)(သို့မဟုတ်) ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂဠုန်ဦးစော

၁၅။ ရက်စက်သည့်သွေးမြင်ကွင်း (သို့မဟုတ်) ၁၉-ဇူလိုင်မမေ့နိုင်

၁၆။ ၁၉ ဇူလိုင်၏ ဝမ်းနည်းဖွယ်အမှတ်တရများ

၁၇။ ဇူလိုင်(၁၉)ရက် ဂဠုန်နှင့်ဦးစောပုံရိပ်

၁၈။ မကောင်းမှုဟူသည် စိတ်ကွယ်ရာမရှိ

၁၉။ တရားခံဘယ်သူလဲ

၂၀။ ဂဠုန်ဦးစော နောက်ဆုံးနေ့နှင့် သိသင့်သောအကြောင်းတရားများ

၂၁။ ဂဠုန်ဦးစော၏ နောက်ဆုံးနေ့

၂၂။ အာဇာနည်ခေါင်းဆောင်များ၏ ဘဝပုံရိပ်အကျဉ်း

၂၃။ ဂဠုန်အတု ၁၁၀

၂၄။ လန်ဒန်က ဗိုလ်ချုပ်ကို ချီကျူးပြီ ၁၂၂

၂၅။ အာရှအဖို့ ကြီးလေးစွာ ဆုံးရှုံးခဲ့ပြီ ၁၂၄

၂၆။ လူသတ်ဝါဒ ရှုတ်ချ ၁၂၈

၂၇။ သူရဲဘောနည်းသော အပြုအမူ ၁၃၁

www.burmeseclassic.com


၂၈။ ခံသမာဓိတရားသူကြီးအဖွဲ့ ၁၄၅

၂၉။ ဦးစောပိုင်ပစ္စည်းပေါင်ခွင့်ရောင်းခွင့်ပြု ၁၄၆

၃၀။ သမ္မတကြီးက ဗီဇိတဒါနအဖြစ်
ကယ်လိုက်ပြီ ၁၅၈

၃၁။ ကြိုးစင်ခန်း ၁၆၆

၃၂။ ဂွတ်ဘိုင်–ထောင်ပိုင်ကြီး ၁၆၇

၃၃။ ကြောက်သလားရဲဘော် ၁၇၁

၃၄။ နောက်ဆုံးလမ်း ၁၇၂

၂၃။ ကျမ်းကိုးစာရင်း ။ ။ ။


★

## နိဒါန်း
## သို့မဟုတ်
## မမေ့နိုင်သောဂူလိုင်သမိုင်း နှင့် ဂဠုန်ဦးစော

ကျွန်တော်က ဗိုလ်ချုပ်စာအုပ်အတော်များများအား ရေးသား ပြုစုဖြစ်ခဲ့သလို ဗိုလ်ချုပ်၏နယ်ချဲ့ဆန့်ကျင်ရေး၊သမိုင်း လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းများနှင့် ထိတွေ့ခံစားနိုင်ခဲ့သော မြန်မာနိုင်ငံလွတ်လပ်ရေး၊ မြန်မာပြည်သူတို့၏ လွတ်မြောက်မှု အတွက် လူမှန်းသိစအရွယ်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ခဲ့သူတို့၏ အကြောင်းကို ထိတွေ့ခံစားရင်နာခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းပြောလျှင် ဗိုလ်ချုပ်အား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ဂဠုန်ဦးစောအကြောင်းသည်လည်း မလွဲမသွေတွေ့ရမည်ဖြစ်၏။

www.burmeseclassic.com

ဒါတွေက မြန်မာသမိုင်းစဉ်တွင် သဏ္ဍာန်အမျိုးမျိုးနှင့် ထင်ရှားနေသည်မဟုတ်ကား။

ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းအား ရှုဒေါင့်မျိုးစုံမှ ရှုမြင်ရေးသားခဲ့သလို နိုင်ငံရေးသမားများ၏ အကြောင်းသည်လည်း ရေးဖြစ်ခဲ့သည်။

တစ်ခါက ကျွန်တော်သည် မြန်မာအမျိုးသားဘုရင်ခံနှင့် နန်းရင်းဝန်များအကြောင်းအား ရေးဖြစ်ခဲ့သလို၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာဘမော်၊ ဂဠုန်ဦးစောအကြောင်းအား ရေးဖြစ်ခဲ့သည်။

သည်သို့ရေးရင်းမှ ဂဠုန်ဦးစောအကြောင်းအား သီးခြားရေးသားရန် ဆန္ဒရှိခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ဂဠုန်ဦးစောသည် မြန်မာ့သမိုင်းစဉ်တွင် နံမည်ဆိုးနှင့်ထင်ရှားခဲ့သူတစ်ဦးဖြစ်သော်လည်း သူသည် လူတော်တစ်ဦးဖြစ်သည်အားလည်းကောင်း၊ မကောင်းသည်ကိုဖယ်ပြီး ကောင်းကွက်များကို ကြည့်မည်။ ထိုလျှင်သူသည် အတုယူဖွယ်ရာကောင်းသူ ဖြစ်နေသောကြောင့်တည်။

ဂဠုန်ဦးစောက အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ချီးကျူးခဲ့ရသောသူဖြစ်နေသောကြောင့်ပင်။

★

ဤနေရာတွင် ကျွန်တော်တစ်ခုပြောချင်ပါသည်။ အခြားမဟုတ်ပါ။

ဂဠုန်ဦးစောသည် မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တွင် နံမည်ဆိုးနှင့်ထင်ရှားသူဖြစ်သော်လည်း ကျွန်တော်သည် သူ့အား လူဆိုးကြီးဟူသော အမြင်မျိုးနှင့်ရေးသည်မဟုတ်ပါ။

သူသည် လူသားတစ်ဦးဖြစ်သဖြင့် ကျွန်တော်သူ့အား လူသားတစ်ဦးအဖြစ် ရှုမြင်ရေးသားမည်ဖြစ်ပါသည်။

သူသည် မာန်မာနနှင့် ပတ်သက်လျှင်ဖြစ်စေ၊ ရာထူး၊ ဂုဏ်သိမ်နှင့်ပတ်သက်လျှင်ဖြစ်စေ ကိုယ်ကျိုး၊ ကိုယ့်အတွက် ရှုမြင်သူချည်းဖြစ်ပါသည်။

ဗုဒ္ဓက အကြောင်းကြောင့် အကျိုးအပြစ် ဖြစ်သည်ဟု မိန့်ဆိုခဲ့သည်။

ထို့ကြောင့် ကျွန်တော်သည် သူ့အား အဆိုးမြင်ဝါဒနှင့် ရှုမြင်မရေးပါ။ သူလည်း လူသားတစ်ဦးဖြစ်သည့်အတွက် လူသား စိတ်နှင့်ရေးပါသည်။

ဤစာအုပ်ရေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စာဖတ်သူများ၊ အကောင်းနှင့်အဆိုးအား သုံးသပ်နိုင်ရန်ဖြစ်ပါသည်။


စာဖတ်သူများရဲ့

နေမိုးထက်

www.burmeseclassic.com



နန်းရင်းဝန်ဂဠုန်ဦးစော




နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစော

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း
နှင့်
ဂဠုန်ဦးစော



ဂဠုန်ဦးစော၏နေအိမ်မှ အတွင်းဝန်ရုံးသို့
လာရောက်ခဲ့သည့် လမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com




နန်းရင်းဝန်ဘဝက ဂဠုန်ဦးစော (၁၉၀၀ - ၁၉၄၈)




နန်းရင်းဝန်ဖြစ်စက ဂဠုန်ဦးစော
(၁၉၀၀ - ၁၉၄၈)



ဂဠုန်ဦးစော၏ဇနီး
ဒေါ်သန်းခင် (မာမီခင်)



လုပ်ကြံသောအမှုစစ်ဆေးနေပုံ



လုပ်ကြံမှုစစ်ဆေးသည့် အင်းစိန်ထောင်အတွင်းရှိ
အဆောက်အဦး

www.burmeseclassic.com

www.burmeseclassic.com



ဦးစောသည် တရားခွင်၌ ၎င်း၏ရှေ့နေ ဦးသိန်းမောင်နှင့် ကျွဲသို့ တီးတိုးတိုင်ပင်နေစဉ် (၂၃ - ၁၀ - ၁၉၄၇)



နိုင်ငံတော်လုပ်ကြံမှု တရားခံများဖြစ်ကြသော
ခင်မောင်ရင်၊ သုခ၊ စိန်ကြီး၊ ရန်ကြီးအောင်



ဂျွန်ဦးစောအား ဗိုလ်တထောင်လက်နက်တိုက်မှ ဘရင်းဂန်သေနတ် အလက် ၂၀၀၊ ပြောင်းပို ၂၀၀၊ မဂ္ဂဇင်းကျည်ကပ် ၈၀၀ ထုတ်ယူနိုင်ရန် စီစဉ်ပေးခဲ့သော အင်္ဂလိပ်စစ်ဗိုလ် မေဂျာ ဟင်နရီယန်း။ (၎င်းသည် ထောင်အကျ ၂ နှစ် ကျခံရသော်လည်း အယူခံဖြင့် ပြန်လည်လွတ်မြောက်၍ အင်္ဂလန်သို့ ထွက်ခွာသွားသည်။)




၁၉၄၇၊ ဇူလိုင် ၁၉ ရက်က ဗိုလ်ချုပ်အောင်ဆန်းနှင့်
နိုင်ငံတော်ခေါင်းဆောင်ကြီးများ လုပ်ကြံခြင်းခံရသော
အတွင်းဝန်ရုံး ( နောင် ဝန်ကြီးများရုံး )

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင်ကြီးတွင် ဦးစောအား ကြိုးပေးရန် ကြိုးစင်ပေါ်သို့ ခေါ်ဆောင်လာစဉ်။



## ဦးစော၏ ဘဝပုံရိပ်အကျဉ်း

ဂဠုန်ဦးစောသည် မြန်မာနိုင်ငံရေးသမိုင်းစဉ်တွင် သမိုင်းလှပသူဖြစ်၏၊ သို့သော် သူသည်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က -

" ကိုစောဟာ တကယ့်လူတော်တစ်ယောက်ပါ။ သူ့မှာ ဇွဲလုံ့လနဲ့ ခွမ်းဆောင်နိုင်စွမ်းအပြည့်ရှိတယ်။ အင်္ဂလိပ်စကားပြောကောင်းပြီးသာမန်အောက်တန်းရှေ့နေဘဝကစပြီး ဝန်ကြီးအဖြစ်ရောက်ခဲ့တဲ့ လူတော်တစ်ဦးပါ "ဟုချီးမွမ်းခံခဲ့ရသူဖြစ်သည်။

သူ့ဘဝသမိုင်းကို ဆန်းစစ်ကြည့်လျှင် သူသည်ဇွဲလုံ့လနှင့် စွမ်းဆောင်ရည်မြင့်မားသူလည်းဖြစ်သည်။ ဒေါက်တာဘမော်လိုပုဂ္ဂိုလ်မျိုးနှင့် အင်္ဂလိပ်စကားယှဉ်ပြောနိုင်သူအဖြစ် ထင်ရှား၏။



www.burmeseclassic.com

www.burmeseclassic.com



" နန်းရင်းဝန် " ဘဝက နယ်ချဲ့အင်္ဂလိပ်တို့ထံ၌ မြန်မာပြည်လွတ်လပ်ရေးတောင်းဆိုခဲ့သဖြင့် ယူဂန္ဒာတွင်(၂)နှစ်၊ အကျယ်ချုပ်ထိန်းသိမ်းခံခဲ့ရ၏။

သို့သော်ဂဠုန်ဦးစောကနယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ယုံကြည်မှုရခဲ့သူ၊ ပထမပင်လုံကွန်ဖရင့်တွင် ဘုရင်ခံဒေါ်မန်စဖစ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး တောင်တန်းဒေသအား အင်္ဂလိပ်အစိုးရ၏ ကွပ်ကဲမှုအောက်မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ရပ်တည်ရန် စည်းရုံးသိမ်းသွင်းခဲ့သူ။

" အောင်ဆန်းအက်တလီစာချုပ် " တွင် လက်မှတ်ရေးထိုးရန် သခင်ဗစိန်နှင့်အတူ သဘောတူလက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သူ၊ အောင်ဆန်းအက်တလီစာချုပ်အားဆန့်ကျင်ခဲ့သူ။

ထို့ကြောင့် နိုင်ငံရေးအကဲခပ်သူတွေက ဦးစောဟာ နိုင်ငံတော်လုပ်ကြံမှုတရားခံသာမဖြစ်ခဲ့ဘူးဆိုရင် အတွေးမချော်ဘဲ မှန်မှန်ရပ်ခဲ့မယ်ဆိုရင် အဖိုးတန်နိုင်ငံရေးသမား တစ်ဦးဖြစ်မှာပါ ဟု သုံးသပ်ခဲ့ကြ၏။

သို့သော် ယခုမူ ဂဠုန်ဦးစောသည် သမိုင်းမလှသည့် နိုင်ငံရေးသမား။

သမိုင်းမလှသည့် နိုင်ငံရေးသမားပင်။

ဂဠုန်ဦးစော ----။

အဘယ်ကြောင့် ဂဠုန်ဦးစော အမည်တွင်ခဲ့သနည်းလို့ အထောက်အထား ခိုင်ခိုင်မာမာမတွေ့ရ။

နယ်ချဲ့အင်္ဂလိပ်အုပ်ချုပ်စဉ် မြန်မာနိုင်ငံတွင် အထင်ကရ





အရေးတော်ပုံဖြစ်သည့် တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင် ဂဠုန်ဆရာစံ၏ ဂဠုန်တပ်ဖွဲ့ဝင်တို့အား တရားစွဲဆိုရာ ဦးစော ကဂဠုန်တပ်သားတို့ဘက်မှ ရှေ့နေလိုက်ခဲ့သည်။ ဂဠုန်ဦးစောဟု အမည်အစွဲပြုသည် ဆိုသော်လည်း နိုင်ငံတော်မှတ်တမ်းခိုင်ခိုင်မာမာမတွေ့ရ။

" ဂဠုန်ဆရာစံ " ၏ ထင်ပေါ်မှုအရိပ်ခိုကာ ဂဠုန်ဦးစောဟု မည်စွဲပြုခဲ့သည်ကာမသိ။

ဂဠုန်ဦးစောသည် မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တွင်မူ အမည်ဆိုးနှင့်ထင်ရှားရှင်သန်ခဲ့သူဖြစ်၏။

ဂဠုန်ဦးစောသည် ကြို့ပင်ကောက်အပိုင်တွင်ရှိပြီး လူဆိုးလူမိုက်ပေါသည့် နာမည်ကြီးသည့် ကိုင်စုရွာဇာတိဖြစ်၏။

ဦးစောသည် ဘွဲ့၊ ဒီဂရီရသူမဟုတ်၊ အတန်းပညာကို ခုနှစ်တန်းအောင်ယုံသာ သင်ခဲ့ရသူဖြစ်၏။

သို့သော် ဦးစောက အင်္ဂလိပ်စာတော်သူ အင်္ဂလိပ်စကားပြောကောင်းသူ။

အသက်မွေးဝမ်းကြောင်းအလုပ်က အောက်တန်းရှေ့နေအဖြစ်အသက်မွေးခဲ့သူ။

ဂဠုန်ဦးစော၏ ဘဝမှတ်တမ်းအဖြစ် နိုင်ငံရေးသိသူတို့က

" ဂဠုန်ဦးစောသည် ငယ်စဉ်တောင်ကျေး ဘဝကတည်းက ရည်မှန်းချက်ကြီးသူဖြစ်သည်။ ဇွဲလုံ့လရှိသူဖြစ်သည်။ "

နိုင်ငံရေးဝါသနာထုံ၏။

ငယ်စဉ်ကျောင်းသားဘဝက တစ်ဦးတည်းနေ့လေ့ရှိသူ



www.burmeseclassic.com

www.burmeseclassic.com



"တာဖတ်သူ"

အားလပ်ချိန်၌ စကားပြော၊ စာရေးဟောလေ့ကျင့်နေသူ။

အင်္ဂလိပ်စကားပြောကောင်း၍ ဒေါက်တာဘမော်လို ဟုတ္တိုလ်နှင့် ရင်ဆိုင်ပြောနိုင်သူဖြစ်သည်။

မှတ်တမ်းပြုထားသည်ကို ဖတ်ရှုရဖူးသည်။

★

ဦးစောသည် ရည်မှန်းချက်ကြီးသူ၊ အမြော်အမြင်ကြီးမားသူ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝရှိသူတည်း။

ဦးစောက ရည်မှန်းချက်အောင်မြင်ရေးအတွက် ယုံကြည်မှု ခွဲလုံ့လနှင့်တည်ဆောက်ခဲ့သည်ဟု ပြောလျှင် မမှားနိုင်။

ပညာရေးတွင်ဘွဲ့မရသော်လည်း ရှိသည့်ပညာနှင့်ဘဝကို ပုံဖော်နိုင်သူပင်။

အာဏာနှင့်ဘဝကို ထူထောင်ရမည်ဟု ခံယူပုံရ၏။ ဦးစောသည် အသက်မွေးဝမ်းကြောင်းမှုအတွက် အောက်တန်းရှေ့နေ အလုပ်အားရွေးချယ်ခဲ့သော်လည်းရှေ့နေအဖြစ်ရုန်းကန်လှုပ်ရှားရင်း၊ အာဏာအတွက် အင်အားလိုမည်ဟု သုံးသပ်မိပုံရလေ၏။ ရှေ့နေဘဝတွင် ကျင်လည်ရင်းမှ နိုင်ငံရေးသမားများနှင့် ဆုံဆည်းခဲ့ရပြီး နိုင်ငံရေးလောကထဲသို့ တိုးဝင်ရန်ဆုံးဖြတ်ခဲ့သည်။

နိုင်ငံရေးလောကသို့ရောက်လျှင် နိုင်ငံရေးအာဏာထူထောင်နိုင်ရန် အင်အားလိုကြောင်း သိခဲ့၏။





ရှေ့နေဘဝဖြင့် လူဆိုးလူမိုက်တို့အမှုများအား လိုက်ပါဆောင်ရွက်ရင်း အင်အားစုစည်းခဲ့၏။ လူဆိုးလူမိုက်တို့သည် မိမိအမှုအား လိုက်ပါကူညီသော ဦးစောအား ကျေးဇူးရှင်အဖြစ် သတ်မှတ်ပြီး တပည့်ခံသူအဖြစ် ရပ်တည်ခဲ့၏။

ဦးစောက အကြံရှိသူဖြစ်သဖြင့် ထိုသူများအား စည်းရုံးသိမ်းသွင်းခဲ့၏။

သို့နှင့် တပည့်တပန်း များလာသည့်အခါ ဝံရင်းဒုတ်တပ်ဖွဲ့ ထူထောင်ခဲ့၏။

ဝံရင်းဒုတ်တပ်ဖွဲ့၏ တပ်ဖွဲ့ဝင်များသည် လူဆိုးလူမိုက်များဖြစ်သဖြင့် အသိဉာဏ်နည်းပါကြ၏။ ပြဿနာတစ်ခုဖြစ်လျှင် ဦးစောက မားမားမတ်မတ်ရပ်တည်ပေးသဖြင့် လေးစားကြည်ညိုလာကြသည်။

ဦးစောခိုင်းလျှင် မည်သူမှမငြင်း။

ဦးစောအတွက် အသက်ရင်းရန် ဝန်မလေးသူတွေ ဒုနှင့်ဒေး။

မူလကတည်းက အကြံကြီးသော ဦးစောသည် ဝံရင်းဒုတ်တပ်ဖွဲ့အားတိုးချဲ့ခဲ့၏။ ကျေးလက်တောရွာမှ မြို့သို့ခြေဆန့်ရန်စီစဉ်ခဲ့၏။

★



www.burmeseclassic.com

www.burmeseclassic.com



ဦးစောသည် အမြော်အမြင်ရှိသလို၊ ရည်ရွယ်ချက်ကြီးမားသူဖြစ်သဖြင့် အချိန်ကောင်းအား မျက်ခြေမပြတ်အကဲခတ်နေ၏။

ထိုအချိန်က နယ်ချဲ့အင်္ဂလိပ်အား ပုန်ကန်ရန် နိုင်ငံရေးသမားတို့ လှုပ်ရှားမှုအရှိန်မြင့်မားနေချိန်ဖြစ်၏။ ကောက်ကျစ်စဉ်းလဲပြီး အကြံရှိသည့် နယ်ချဲ့အင်္ဂလိပ်တို့ကိုယ်တိုင်၊ လက်ကိုင်တုတ်ကောင်းအား ရှာဖွေနေချိန်ဖြစ်၏။

ယင်းအချိန်တွင် ဦးစောသည် နိုင်ငံရေးလောကတွင်းသို့ ခြေစုန်ပစ်ဝင်ပြီး ကျေးလက်မှ မြို့ပြသို့ခြေတစ်လှမ်းတိုးဝင်နေပြီ။

နယ်ချဲ့အင်္ဂလိပ်တို့၏ အသိုင်းအဝိုင်းသို့ ဝင်ဆန့်အောင် ကြိုးစားခဲ့သည်။ နယ်ချဲ့တို့ မျက်စေ့ကျနိုင်သည့် ရပ်ကွက်များအား ဝါးရင်းဒုတ်ကိုင်တပ်ဖွဲ့အကူအညီဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ မျက်စေ့ကျအောင် လုပ်ပြခဲ့၏။

★

တစ်နေ့---

အင်္ဂလိပ်အစိုးရအာဏာပိုင်တို့နှင့် ဦးစောတွေ့ခဲ့သည်။

" ဒီကနေ့ ရန်ကုန်မှာ လှုပ်ရှားကျက်စားနေတဲ့ နိုင်ငံရေးသမားတွေကို မောင်မင်းကိုယ်တိုင် နှိမ်နင်းရမယ် "ဆိုရင် မောင်မင်းဘာလုပ်မလဲ။

ဦးစောတည်ငြိမ်စွာပြုံးလိုက်သည်။

"သခင်ကြီးတို့ရဲ့တာဝန်ပေးမှုအပေါ်မှာ မူတည်ပါတယ်"





ကောင်းပြီ - မောင်မင်း အင်္ဂလိပ်အင်ပါယာအရှင်ကိုထိပါးစော်ကားနေတဲ့ မြန်မာနိုင်ငံရေးသမားတွေကို ရှင်းလင်းဖို့ ကျွန်ုပ်တို့ မောင်မင်းကိုတာဝန်ပေးမယ်,

" စိတ်ချပါ မင်းကြီး " ကျွန်တော်တို့တာဝန်ယူပါတယ်၊ အင်ပါယာအရှင်တို့ကို ထိပါးစော်ကားတဲ့ နိုင်ငံရေးသမားတွေ ကျွန်ုပ်ရဲ့ ဝါးရင်းဒုတ်တပ်ဖွဲ့နဲ့ ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းလင်းဖို့ တာဝန်ယူပါတယ်,

ထို့နောက် ရေငတ်သူနှင့် ရေငတ်စာသူတို့ ပလဲနံမသင့်လေပြီ။

အစကတည်းက အင်္ဂလိပ်အစိုးရအကူအညီဖြင့် မိမိကိုယ်မိမိအင်အားထူထောင်ရန် အစီအစဉ်ရှိသူ၊ မိမိအားတာဝန်ပေးလျှင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရမည့် အကြံအစည်ရှိသူဖြစ်သဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရမှ တာဝန်ပေးလျှင် ထိုတာဝန်အား ဦးလည်မသုန် ထမ်းရွက်ခဲ့သည်။

ဦးစော၏ စွမ်းဆောင်ချက်ကြောင့် ရန်ကုန်တွင် အင်္ဂလိပ်အစိုးရအား ပုန်ကန်သည့် နိုင်ငံရေးသမားများကျဆုံးခဲ့သည်။

သို့ဖြင့် ဂျွန်ဦးစောသည် အင်္ဂလိပ်တို့၏ လက်ပါးစေဖြစ်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ လက်ကိုင်ဒုတ်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအား နယ်ချဲ့ကျွန်ပြုသည်၊ အင်္ဂလိပ်အစိုးရအကြိုက်ဆောင်သူဘဝနှင့် ရပ်တည်နိုင်ရုံမက၊ အင်္ဂလိပ်အစိုးရအလိုကျ၊ မိမိကျူးကျော်တော်လှန်ရေးသမားတို့အား နှိမ်နင်းသုတ်



www.burmeseclassic.com

www.burmeseclassic.com



သင်ရန် အင်္ဂလိပ်အစိုးရမှ ချီးမြှင့်မြှောက်စားခံခဲ့ရ၏။

အင်္ဂလိပ်အစိုးရ အလိုလိုက်အကြိုက်ဆောင်၍ ရာထူးအားလက်ခံခဲ့ရပြီ။

★

မိမိအကျိုးစီးပွားအတွက်ဆိုလျှင်၊ မိမိ၏ ပါဝါအာဏာထူထောင်နိုင်ဖို့အတွက်ဆိုလျှင် ရန်သူကိုအဆုံးတိုင်နှိမ်နင်းသုတ်သင်ရန် ဝန်မလေးသည့်၊ ဂျွန်ဦးစောသည် အစဉ်အမြဲ အင်္ဂလိပ်အစိုးရအလိုကျ အကြိုက်ဆောင်ရန် စိုင်းပြင်းနေ၏။

အင်ပါယာအရှင်အင်္ဂလိပ်အစိုးရ၏ အကြိုက်ဆောင်အလိုကျ ပြုနိုင်သဖြင့် မိမိဘဝဖွံ့ဖြိုးတိုးတက်နိုင်သည်ဟု ယုံကြည်ခဲ့သည်။ ဦးစောသည် အင်္ဂလိပ်အစိုးရအား ပုန်ကန်ခြားနားသူများအား သုတ်သင်ရှင်းလင်းရန် အမြဲတမ်းမျက်စေ့ဖွင့်နားစွင့်ထား၏။

ထို့အတူ မိမိခါးပိုက်ဆောင် ဝါးရင်းဒုတ်တပ်ဖွဲ့အား နေရာဒေသအသီးသီးတွင်၊ ဖြန့်ကျက်ကာခိုင်မာစွာ တည်ဆောက်ထားခဲ့သည်။

ဦးစောခါးပိုက်ဆောင် ဝါးရင်းဒုတ်တပ်ဖွဲ့ကလည်း ဦးစောအလိုကျ အကြိုက်ဆောင်ရန် အင်အားကြီးမားစွာ ရပ်တည်နေသည်။

ထိုအချိန်တွင် ဂျွန်ဦးစောနှင့် နန်းရင်းဝန်ဟောင်းဒေါက်တာဘမော်တို့ ရင်ဆိုင်တွေ့ခဲ့ကြ၏။





ဂျွန်ဦးစောနှင့် ဒေါက်တာဘမော်တို့ ရင်ဆိုင်တွေ့ကြသည့်ပွဲက ဗဟန်းရပ်ကွက်တရားပွဲဖြစ်သည်။

အမြင်ကြီးသူ၊ မိမိလုပ်ကိုင်ရသည့် အလုပ်အပေါ်တွင်တာဝန်ကျေသူ၊ နိုင်ငံရေးတွင်ပရိယာယ်ဆင်လှုပ်ရှားတတ်သဖြင့်နန်းရင်းဝန်ဖြစ်ခဲ့သည်။ ဒေါက်တာဘမော်သည် နယ်ချဲ့အင်္ဂလိပ်အစိုးရအတွက် ဂုဏ်တင်းစွာ တာဝန်ယူခဲ့သည်။

သို့သော် ဒေါက်တာဘမော်က မျိုးချစ်စိတ်ဓာတ်အပြည့်အဝရှိသူဖြစ်သည်။

ဒေါက်တာဘမော်သည် မိမိကိုယ်မိမိ ကြီးကျယ်မြင့်မားအောင် စီစဉ်နေထိုင်ခြင်း၊ ပါဝါအာဏာထူထောင်ခြင်းများ ပြုလုပ်ခဲ့၍ အင်အားရယူခဲ့သူဖြစ်သော်လည်း မျိုးချစ်စိတ်ဓာတ်ကမူ ပျက်သုန်းမသွားခဲ့။

ထို့ကြောင့် အင်္ဂလိပ်အစိုးရ၏ နန်းရင်းဝန်ဘဝမှ ပြုတ်သွားခဲ့သော်လည်း နိုင်ငံရေးအထီးကျန်သူ၊ နိုင်ငံရေးအကျဉ်းတန်သူမဖြစ်ခဲ့။

မြန်မာ့နိုင်ငံရေးလောက၌ ဝံသာနုဆင်းရဲသားပါတီ ခေါင်းဆောင်အဖြစ်ထင်ရှားခဲ့သည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံရေးအဖွဲ့အသီးသီးမှ နယ်ချဲ့အင်္ဂလိပ်တို့အားပူးပေါင်းတော်လှန်ရန် နိုင်ငံရေးအဖွဲ့အသီးသီးနှင့်ပူးပေါင်းရန်ဆုံးဖြတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗမာ့ထွက်ရပ်ဂိုဏ်းအား ထူထောင်နိုင်ခဲ့သည်။

မြန်မာမျိုးချစ်နိုင်ငံရေးအဖွဲ့ အသီးသီးပူးပေါင်းမှု အသီးအပွင့်ဖြစ်သည့် ဗမာ့ထွက်ရပ်ဂိုဏ်းတွင် ဒေါက်တာဘမော်သည် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းက အထွေထွေအတွင်းရေးမှူးအဖြစ်တာဝန်ယူရ၏။

ဒေါက်တာဘမော်က မျိုးချစ်စိတ်ပြင်းထန်သူဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး လူထုတရားပွဲများအား စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့၏။

ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်အစိုးရအတွက် ဒေါက်တာဘမော်သည် ခလုတ်ကန်သင်းဖြစ်နေ၏။

ဒေါက်တာဘမော်၏ စည်းရုံးရေးနှင့် ဆန့်ကျင်ရေးကြောင့် နယ်ချဲ့အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးတည်ငြိမ်မှုမရှိတော့ပေ။

သည်အခါ နန်းရင်းဝန်အဖြစ်တာဝန်ယူနေသည့် ဂျွန်ဦးစောသည် အင်ပါယာအရှင်တို့၏ အုပ်ချုပ်မှုယန္တရားမြင့်မားလာစေရန် ဒေါက်တာဘမော်အား ရှင်းလင်းရန်တာဝန်ဖြစ်နေပြီ။

ဒေါက်တာဘမော်အား ရှင်းလင်းလိုက်ခြင်းသည် အင်ပါယာအရှင် နယ်ချဲ့အင်္ဂလိပ်တို့၏ အုပ်ချုပ်မှုယန္တရားခိုင်မာရေးဖြစ်သလို မိမိအကျိုးအတွက်လည်း အရေးပါသဖြင့် ဗဟန်းတရားပွဲ၌ ဒေါက်တာဘမော်အား ဝါးရင်းဒုတ်တုပ်အကူအညီဖြင့် ဖမ်းဆီးလိုက်သည်။

အစဉ်အမြဲ အကောက်ဉာဏ်ကြွယ်သဖြင့် နန်းရင်းဝန်





ဂျွန်ဦးစောသည် ဒေါက်တာဘမော်အား ဖမ်းဆီးပြီး ထောင်ချခဲ့ရာတွင် ဒေါက်တာဘမော်အား ရန်ကုန်ထောင်၌ထားလျှင် နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်နိုင်ငံရေးသမားတို့နှင့် အလွယ်တကူ ဆက်သွယ်နိုင်သည်ကို ကြိုတင်သိသဖြင့် ရန်ကုန်ထောင်တွင် ထိမ်းသိမ်းထားခြင်းမပြုခဲ့။

ချက်ချင်း မိုးကုတ်ထောင်သို့ပို့ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရက ဒေါက်တာဘမော်သည် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုအတွက် နှုတ်ပိတ်ကွက်မျက်ရန် လျှို့ဝှက်အမိန့်ပေးခဲ့သည်။

သို့သော် ဒေါက်တာဘမော်သည် လျှို့ဝှက်မြေအောက်ဂိုဏ်းသားများ အကူအညီဖြင့် လွတ်မြောက်သွားခဲ့သည်တည်း။

★

ဂျွန်ဦးစော၏ ဝါးရင်းဒုတ်ကြွေးကြော်သံသည် ပျံ့လွင့်နေပြီ။

ဝါးရင်းဒုတ်တပ်၏ နှိမ်နှင်းမှုကြောင့် မျိုးချစ်နိုင်ငံရေးသမားအတော်များများသည်လည်း ဖမ်းဆီးခံနေရပြီ။ ဦးစောနန်းရင်းဝန်ဖြစ်လျှင် ဝါးရင်းဒုတ်တပ်သည် မျိုးချစ်နိုင်ငံရေးသမားတို့အား နှိမ်နှင်းရာတွင် ထင်ရှားသည့်အဖွဲ့အဖြစ် အခိုင်အမာအဖြစ်ရပ်တည်နိုင်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ပုသိမ်မြို့မှ ဝါးရင်းဒုတ်တပ်ဖွဲ့ဝင်တို့က ထွက်ရပ်ဝိုက်းမှ ဒို့ဗမာအစည်းအရုံးဝင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ကြီး(ဗိုလ်လကျာ်)သခင်လှဖေ ရွာစဉ်ဆင်းကာနယ်ချဲ့ဆန့်ကျင်ရေးတရားများ ဟောပြောနေကြောင်း ဂျွန်ဦးစောအား သတင်းပို့၏။

ဂျွန်ဦးစောကလည်း အချိန်မဆွဲခဲ့။

အင်ပါယာအရှင်တို့အတွက် ဒီကိစ္စကို အမြန်ဆုံးရှင်းကြဟု တစ်ချက်လွှတ်အမိန့်ထုတ်၏။

ထို့ကြောင့် ပုသိမ်မြို့၌ ဝါးရင်းဒုတ်တပ်ဖွဲ့ဝင်တို့သည် ပုသိမ်ရွာစဉ်တစ်လျှောက်နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံရေးတရားများ ဟောကြားနေသည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ကြီး (ဗိုလ်လကျာ်)၊ သခင်လှဖေတို့အား နှိမ်နှင်းရန် စီစဉ်ကြပြီ။

သခင်ကိုယ်တော်မှိုင်းဦးဆောင်သည့် ဒို့ဗမာအစည်းအရုံးဝင်များရွာစဉ် နယ်ချဲ့ဆန့်ကျင်ရေး တရားဟောပြီး ရန်ကုန်သို့ ပြန်ခဲ့ပြီ။

ပုသိမ်ဘူတာရုံသို့အရောက် ဒို့ဗမာအစည်းအရုံးဝင် သခင်ကိုယ်တော်မှိုင်းဦးဆောင်သည့် အဖွဲ့အား နန်းရင်းဝန်ဂျွန်ဦးစော၏ ညွှန်ကြားချက်နှင့် နှိမ်နှင်းရန် လိုက်နေသည့် ဝါးရင်းဒုတ်တပ်ဖွဲ့ဝင်တို့နှင့် ဆုံဆည်းခဲ့ပြီ။

"အရေးကြီးဆုံးက အင်ပါယာအရှင်တို့ နှောင့်ယှက်တော်လှန်နေတဲ့သူတွေကို နှိမ်နှင်းနိုင်ဖို့ပဲ၊ နောက်ပိုင်းတာဝန်





ငါယူမယ်" ဟု ညွှန်ကြားခဲ့သည့်အတိုင်း ဝါးရင်းဒုတ်တပ်ဖွဲ့မှ ပ်မှူးအဆင့်ရှိအောင်ခင်သည် ဂါရဝတရားနှင့် မျိုးချစ်စိတ်ကင်းမဲ့စွာ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ လက်ကိုင်ဒုတ်များပီပီ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ဝါးရင်းဒုတ်နှင့် ဝင်ရောက်ရိုက်နှိက်ခဲ့ပြီ။

ပုသိမ်ဘူတာရုံ၌ ရုတ်ရုတ်သဲသဲဖြစ်ကုန်ပြီး ဘူတာရှိ မျိုးချစ်စိတ်ရှိသူများ မခံမရပ်နိုင်ဖြစ်ခဲ့၏။

တရုတ်ကပြားလူငယ်တစ်ဦးသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ရိုက်သည့်မြင်ကွင်းအား မြင်ရလျှင် မခံမရပ်နိုင်အောင်ဖြစ်ပြီး၊ ဝါးရင်းဒုတ်တပ်ဖွဲ့ဝင်တပ်သား အောင်ခင်အား ဝင်ရောက်ထိုးကြိတ်ခဲ့၏။

မျိုးချစ်စိတ်ဓာတ်ရှိသည့် သူများကလည်း ဝင်ရောက် ထိုးကြိတ်ရိုက်နှက်ပြီး ဖမ်းဆီးရာ ဝါးရင်းဒုတ်တပ်ဖွဲ့ဝင် တပ်သား အောင်ခင်အား လက်ရဖမ်းဆီးနိုင်ခဲ့၏။

ယင်းကိစ္စရပ်နှင့် ပတ်သက်၍ ပုသိမ်မြို့ရှိ ဒို့ဗမာအစည်းအရုံးဝင်များက မခံမရပ်နိုင်ဖြစ်ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ကြီး (ဗိုလ်လကျာ်)နှင့် သခင်လှဖေတို့အား လက်ရောက် ကျူးလွန်ရိုက်နှက်စော်ကားသည့် ဝါးရင်းဒုတ်တပ်ဖွဲ့မှ တပ်သားအောင်ခင်အား တရားစွဲခဲ့၏။ ဖမ်းဆီးခဲ့၏။

သို့သော်ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် သခင်များအားလက်ရောက်ကျူးလွန်ခဲ့သည့် တပ်သားအောင်ခင်သည် တရားစွဲဆိုအပြစ်ပေးခြင်းမခံရပေ။



www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန်မြို့ရှိ ဝါးရင်းဒုတ်တပ်ဖွဲ့ခေါင်းဆောင် နန်းရင်းဝန် ဂျွန်ဦးစော၏ အမိန့်နှင့်လွှတ်လိုက်ရသည်။

ဂျွန်ဦးစောသည် အင်ပါယာအရှင်၏ အုပ်ချုပ်ရေးဘက်၌ ညွန့်ကြားရေးနှင့် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအဖုအထစ်မရှိရေးအတွက် မျိုးချစ်စိတ်ဓာတ်ကင်းစွာ ပံ့ပိုးကူညီမှုများ ပြုအပြီး နယ်ချဲ့အင်္ဂလိပ်တို့၏ လူယုံဖြစ်ခဲ့၏။

နယ်ချဲ့အင်္ဂလိပ်တို့၏ လက်သပ်မွေးတပည့်ဖြစ်ခဲ့သည်။

လွတ်လပ်ရေးမရမီ နယ်ချဲ့အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးကာလ၌ လက်ရင်းတပည့်အဖြစ် ရပ်တည်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ လူယုံအဖြစ် ဩဇာအာဏာကြွယ်ဝခဲ့သလို ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးအတွက် အင်္ဂလန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့၌လည်း ဘုရင်ခံ၏ လူယုံအဖြစ်ပါဝင်နိုင်ခဲ့ယုံမက ဗိုလ်ချုပ်အောင်ဆန်း အက်တလီစာချုပ်ချုပ်ဆိုရာတွင်လည်း ပြောင်ပြောင်တင်းတင်း ကြောင်းကျိုးမဲ့ဆန့်ကျင်ဝံ့သူဖြစ်၏။

ထို့မျှမက " အောင်ဆန်းအက်တလီစာချုပ် " ချုပ်ဆိုပြီးအပြန်တွင်လည်း ဗိုလ်ချုပ်အဖွဲ့နှင့်အတူတကွမပြန်ဘဲ မြန်မာပြည်သို့စောစွာပြန်ခဲ့ပြီး ဗမာပြည်ဘုရင်ခံနှင့် ပူးပေါင်းကာ တောင်တန်းဒေသအား နယ်ချဲ့အင်္ဂလိပ်ကွပ်ကဲအုပ်ချုပ်မှုနှင့် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းခံရန် ပင်လုံကွန်ဖရင့်အား ဆောင်ရွက်ခဲ့၏။

သို့သော် ဗိုလ်ချုပ်အောင်ဆန်း မြန်မာပြည်သို့ပြန်လည်ရောက်ရှိပြီး ပြည်ထောင်စုအတွင်း လွတ်လပ်ရေးရယူနိုင်ရန် တိုင်းရင်းသားချစ်ကြည်ရေး ပင်လုံကွန်ဖရင့်အား ကျင်းပခဲ့ရာ ပထမပင်လုံကွန်ဖရင့်ဆုံးဖြတ်ချက်များ ပျက်ပြယ်ခဲ့သည်။

တိုင်းရင်းသားချင်း၊ ချစ်ကြည်ရင်းနှီးစွာ ဥမကွဲသိုက်မပျက် ပင်လုံဒုတိယကွန်ဖရင့်မှ " ပင်လုံစာချုပ် " အားချုပ်ဆိုနိုင်ခဲ့ပြီး ပြည်ထောင်စုအသွင် လွတ်လပ်ရေးအား ရယူနိုင်ခဲ့သည်။

ထို့အတူ လွတ်လပ်ရေးမရမီ မြန်မာနိုင်ငံရေးသမိုင်းအား ပြန်လည်သုံးသပ်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျွန်ဦးစောသည် နိုင်ငံရေးအယူအဆ မတူညီကြောင်းတွေ့ရ၏။

နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်သူနှင့် လိုလားသူကြားမှ ပဋိပက္ခအသွင်သဏ္ဌာန်တစ်ခုလေကား။

မည်သို့ဆိုစေ၊ ၁၉၄၇-ခုနှစ်၊ ဇူလိုင်(၁၉)ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ လုပ်ကြံခံရပြီး ဂျွန်ဦးစောသည် နိုင်ငံတော်လုပ်ကြံမှု နံပါတ်တစ်တရားခံဖြစ်ခဲ့၏။

ထိုဖြစ်မှုကြောင့် ဂျွန်ဦးစောသည် ၁၉၄၈-ခု(၈)ရက်နံနက်(၇)နာရီအချိန်၌ အင်းစိန်ထောင်၌ ကြိုးပေးကွပ်မျက်ခံခဲ့ရသည်။

★


ဖိုးရာဇစာအုပ်
www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၂)

# အတွာမာန်မာနနှင့် ဘဝခရီး





## ရန်းကန်လှုပ်ရှား လူ့သားဆန်သူ ဂျွန်ဦးစော

ဦးစောသမိုင်းကို လေ့လာလျှင် ထူးခြားမှုများရှိသကဲ့သို့ ရိုးသားကြိုးစားသူဖြစ်သည်ကို တွေ့ရသည်။

ဦးစော၏ မွေးရပ်မြေသည် လူဆိုးလူမိုက်ပေါသည့်နေရာဖြစ်သော်လည်း ဦးစော၏ငယ်ဘဝအားလေ့လာလျှင် မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါဆိုသည့် စကားနှယ် ငယ်ဘဝက မိုက်မဲဆိုးဝါးသော ဖြစ်စဉ်များကို မတွေ့ရပေ။

ရည်မှန်းချက်ရှိသူ၊ ရိုးသားကြိုးစားသူအဖြစ် တွေ့ရသည်။

ဦးစောငယ်ဘဝများတွင် ဆိုးဆိုးမိုက်မိုက်မရှိ။ ရည်ရွယ်ချက်ရှိသူ၊ အနာဂတ်ရည်မှန်းချက်နှင့် ကြိုးစားသူဖြစ်သည်။ ကျောင်းသားဘဝကလည်း စာကိုကြိုးစားသင်ယူသူ၊ တိုးတက်မှုနှင့်လှုပ်ရှားနေသူအဖြစ်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစောသည် ပညာရေးနှင့်ပတ်သက်ပြီး ဘွဲ့ထူး၊ ဂုဏ်ထူး ရအောင် သင်ကြားခဲ့ရသူမဟုတ်။ ကျောင်းပညာအနေနဲ့ (၇) တန်းသာ နေခဲ့ရသူဖြစ်သည်။

ကျောင်းပညာကုန်စင်အောင် မသင်ကြားရခြင်းသည် မိဘ၏စီးပွားရေးကြောင့်၊ အခြားကြောင်းလား ဟူသည်မသိရသော်လည်း ဦးစောသည် အတန်းပညာထက်ပို၍ ထူးချွန်သူဖြစ်သည်။

ကျောင်းချိန်တွင် ကျောင်းစာသင်အံရပြီး ကျောင်းချိန်ပြင်ပတွင် စာနှင့်မပြတ်အောင် လေ့လာနေသူဖြစ်၏။

ဦးစောသည် ကျောင်းစာကို ကြိုးစားသင်ယူသူ၊ ကျောင်းတက်စဉ် အပြင်အပတွင် အင်္ဂလိပ်စာအား အထူးတလည် သင်ကြားသူဖြစ်ကြောင်း တွေ့ရ၏။

ဦးစောသည် ငယ်စဉ်က ကျောင်းသင်ခန်းစာတွင် ကြိုးစားသူဖြစ်သကဲ့သို့ ကျောင်းချိန်ပြင်ပတွင်လည်း အင်္ဂလိပ်စာအား လေ့ကျင့်သင်ကြားနေသူဖြစ်သည်။

မှတ်တမ်းအချို့၌ တွေ့ရ၏။

အချို့မှတ်တမ်းများ၌--

ဦးစောသည် အင်္ဂလိပ်စာအား လေ့လာသင်ကြားမှုတွင် အထူးဂရုပြုသကဲ့သို့ ပြင်ပအချိန်များတွင် စကားပြောလေ့ကျင့်ခြင်းများ ပြုသည်ကိုတွေ့ရသည် - ဟုတွေ့ရ၏။

စင်စစ်၍ အချက်များအားကြည့်လျှင် ဦးစောသည် ရည်မှန်းချက်ကြီးမားပြီး ကြိုးစားသူတစ်ဦးအဖြစ်မှာ ငြင်းစရာမရှိ။





သူ၏ရည်မှန်းချက်ကြီးမားမှု၊ ကြိုးစားမှုကြောင့်လည်း သူသည်အတန်းပညာ(၇)တန်းမျှသာ သင်ယူခဲ့ရသော်လည်း အင်္ဂလိပ်စကားပြောတွင် ဒေါက်တာဘမော်လို ပညာတတ်တစ်ဦးနှင့် ရင်ဘောင်တန်းစကားပြောနိုင်ခြင်းဖြစ်သည်။

ဦးစောသည် ပညာအရည်အချင်းနည်းပါးသော်လည်း သူ၏ကြိုးစားမှုကြောင့် သူသည် အငယ်တန်းရှေ့နေစာမေးပွဲ အောင်မြင်ခဲ့ပြီး ရှေ့နေအဖြစ် ဘဝခရီးအား အနိုင်ရခဲ့သည်။

ဦးစောသည် ရှေ့နေတစ်ဦးအဖြစ် ရပ်တည်ကျင်လည်ချိန်တွင် မြန်မာပြည်၌ ဂဠုန်ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုသည် အရှိန်ပြင်းခဲ့၏။ ဆရာစံ၏ တောင်သူလယ်သမားအရေးတော်ပုံနှင့် ပုန်ကန်မှုကြောင့် အင်္ဂလိပ်အစိုးရသည် မျက်ကလဲဆန့်ပြာဖြစ်ခဲ့၏။

သို့သော် ဆရာစံ၏ တောင်သူလယ်သမားအရေးတော်ပုံ ပုန်ကန်မှုလည်း မကြာမီချုပ်ငြိမ်းသွားခဲ့၏။ ဆရာစံအပါအဝင် တောင်သူလယ်သမားအရေးတော်ပုံတပ်သားများမှာ နယ်ချဲ့အင်္ဂလိပ်၏ ဖမ်းဆီးအရေးယူခြင်းအား ခံခဲ့ရ၏။

ထိုအချိန်က ရှေ့နေရှေ့ရပ်များစွာသည် တောင်သူလယ်သမားအရေးတော်ပုံတပ်သားများဘက်မှ ရှေ့နေလိုက်ခဲ့သည်ကို ကြားခဲ့ရဖူးသည်။

ဂဠုန်ဦးစော၏ အတွင်းရေးအတွင်းဝန်ဖြစ်ခဲ့ဖူးသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့်ဆုံခဲ့ဖူး၏။ သူကယခု မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူပြောဖူးသည်စကားကမူ ယခုတိုင်အမှတ်ရနေဆဲ။

"ဦးစောဟာ အငယ်တန်းရှေ့နေဘဝနဲ့ တောင်သူလယ်သမားအရေးတော်ပုံတပ်သားတွေဖက်က ရှေ့နေလိုက်ခဲ့ဖူးတယ်။ သူဟာ အမျိုးသားရေးစိတ်ရှိသူဘဲ။ သူ့ အရေးတော်ပုံတပ်သားတွေအတွက် ရှေ့နေလိုက်ရင်း ဆရာစံနဲ့အရေးတော်ပုံတပ်သားတွေရဲ့ စိတ်ဓာတ်စိတ်မြွတ်ကို လေးစားလွန်းတာကြောင့် သူကိုယ်သူ ဂဠုန်ဦးစောရယ်လို့ ကင်ပွန်းတင်ခဲ့တာပဲ။ သူဟာ အကြောင်းကြောင်းကြောင့် သမိုင်းမလှသူဖြစ်ခဲ့ပေမယ့်သူသည် ဝံသာနုရက္ခိတစိတ်ဓာတ်ရှိသူ၊ အမျိုးချစ်သူဆိုတာတော့ ငြင်းစရာမရှိဘူး"

ဟုပြောသည်။

ထို့အတူ ယင်းပုဂ္ဂိုလ်ကြီးက ပြောသေး၏။

ဦးစောဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရစေချင်တာကတော့ အမှန်ပဲကွ၊ လွတ်လပ်ရေးနဲ့ပတ်သက်လို့ ပြောရရင် လုံးဝလွတ်လပ်ရေးပဲဖြစ်ဖြစ်၊ ဒိုမီနီယံလွတ်လပ်ရေးပဲဖြစ်ဖြစ်၊ လွတ် လပ်ရေးကတော့ လွတ်လပ်ရေးပဲလေ။

ပြီးတော့ ဦးစောလွတ်လပ်ရေးတောင်းဆိုချိန်နဲ့ ဦးစောရပ်တည်တဲ့ဘဝကို ပြန်ကြည့်ရင် အသိအမှတ်ပြုရမဲ့ အခြေအနေလဲဖြစ်တယ်ကွ။ ဘာဖြစ်လို့လဲဆိုရင် ဒီအချိန်က ဦးစောဟာနန်းရင်းဝန်လေ၊ သူ့အတွက်သက်သက်ကြည့်ချင်သူဟာ ပြည့်စုံနေတဲ့ ဘဝဖြစ်တယ်။ ဒီအချိန်မှာ သူ့တို့ခြိမ်းမြှင့်မြှောက်





စားတဲ့ အင်္ဂလိပ်အစိုးရဆီက မြန်မာပြည်လွတ်လပ်ရေးကို တောင်းဆိုခဲ့တာကိုကြည့်ရင် သူ့ရင်ထဲမှာ မြန်မာတမျိုးသားလုံးလွတ်လပ်ရေးကို စိတ်ရှိတယ်ဆိုတာတော့ အထူးပြောစရာမလိုဘူး-

မှန်သည်။

ဂဠုန်ဦးစော သမိုင်းကြောင်းကိုပြန်လေ့လာလျှင် ဂဠုန်ဦးစောသည် နန်းရင်းဝန်အဖြစ် တာဝန်ယူနေရချိန်တွင် အင်္ဂလိပ်အစိုးရထံမှ လွတ်လပ်ရေးတောင်းဆိုခဲ့သဖြင့် အင်္ဂလိပ်အစိုးရ၏ အပြုံအငြင်ကို ခံခဲ့ရသည်။

ယုဂန္ဓာတွင် အကျယ်ချုပ်နှင့် နှစ်နှစ်ခန့်အပြစ်ပေးခြင်း ခံခဲ့ရသည်။

သို့သော်ဦးစောကပရိယာယ်ကြွယ်သူဖြစ်၏။ ဉာဏ်ကစားနိုင်သူလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဦးစောသည် နယ်ချဲ့ဗြိတိသျှတို့၏ ဖြိုခြင်းမှုအား ဖြေဖျောက်အောင် ဖန်တီးစွမ်းဆောင်နိုင်သူဖြစ်သောကြောင့်တည်း။

မှန်သည်။

ဂျပန်တော်လှန်ရေးကြီးနောက်ပိုင်း အင်္ဂလိပ်တွေမြန်မာပြည်တွင်း ဝင်လာတော့ ဂဠုန်းဦးစောဘဝ တစ်မျိုးပြောင်းလာသည်။

သည်လိုနှင့် အင်္ဂလိပ်လူယုံဘဝသို့ ပြန်ရောက်ခဲ့သည်။ ဘုရင်ခံ၏ အတိုင်ပင်ခံ လူယုံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း
# နှင့်
# ဂျွန်ဦးစောကြားမှ အပုအထစ်များ (၁)

မြန်မာ့နိုင်ငံရေးသမိုင်းအား ကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျွန်ဦးစောတို့ကြားတွင် မလိုအပ်သည့် အဖုအထစ်ပြဿနာများ၊ အထင်အမြင်လွဲမှားမှုများ ရှိခဲ့သည်ကိုတွေ့ရသည်။

ယင်းအဖြစ်အပျက်များက အခြားမဟုတ်။

၁။ အောင်ဆန်းအက်တလီစာချုပ်တွင် သဘောတူလက်မှတ်ထိုးရန် ငြင်းဆိုခြင်း။

၂။ စမ်းချောင်း ဟံသာဝတီဘဦး လုပ်ကြံခံရမှုစသည့်အဖြစ်အပျက်များဖြစ်သည်။

ထိုအဖြစ်အပျက်များ၏ ဖြစ်စဉ်များအား ပြန်လည်သုံး





သပ်ကြည့်လျှင် စိတ်ဝင်စားဖွယ် စဉ်းစားစရာအဖြစ်များ ဖြစ်သည်ကို တွေ့ရသည်။

စင်စစ်၊ အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုခြင်းအကြောင်းနှင့် ပတ်သက်၍ လေ့လာကြည့်လျှင် ထိုစာချုပ်သည် ဗိုလ်ချုပ်အောင်ဆန်းမှ မြန်မာပြည်အား တစ်နှစ်အတွင်းလွတ်လပ်ရေးပေးရန် တောင်းဆိုခြင်းမှ စရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းမှ မြန်မာပြည်လူထုအား တစ်နှစ်အတွင်းလွတ်လပ်ရေးရစေရမည်ဟု ကတိခံခဲ့သလို နယ်ချဲ့အင်္ဂလိပ်အစိုးရအားလည်း တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန်တောင်းဆိုခဲ့သည်။

သည်အခါ အင်္ဂလန်တွင် နန်းရင်းဝန်အဖြစ်တာဝန်ယူနေသည့် မစ္စတာအက်တလီမှ မြန်မာနိုင်ငံအား တစ်နှစ်အတွင်းလွတ်လပ်ရေးပေးရန်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အင်္ဂလန်သို့လာရန် ဖိတ်ခေါ်ခဲ့သည်။

ထိုအချိန်က မြန်မာနိုင်ငံသည် ဗြိတိသျှအုပ်ချုပ်မှုအောက်တွင်ရှိနေသဖြင့် အင်္ဂလန်သို့သွားရောက်၍ နန်းရင်းဝန်မစ္စတာအက်တလီနှင့် ဆွေးနွေးရန်ကိစ္စအား မြန်မာပြည်ဘုရင်ခံသို့ တင်ပြရ၏။

မြန်မာပြည်ဘုရင်ခံမှ အင်္ဂလန်သို့သွားရန် ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းခွင့်ပေးခဲ့သလို၊ ဘုရင်ခံ၏ ကိုယ်စားလှယ်အဖြစ် ပုဂ္ဂိုလ်နှစ်ဦးအားကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ဘုရင်ခံသတ်မှတ်ထည့်ပေးလိုက်သည့် ကိုယ်စားလှယ်ပုဂ္ဂိုလ်နှစ်ဦးက-

၁။ ဂျွန်ဦးစော

၂။ သခင်ဗစိန်

စသည်တို့ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကမူ-

၁။ ဗိုလ်ချုပ်အောင်ဆန်း (အဖွဲ့ခေါင်းဆောင်)

၂။ ဦးဘဖေ (ကူးသန်းရောင်းဝယ်ရေးဝန်ကြီး)

၃။ ဦးတင်ထွတ် (ဘဏ္ဍာရေးဝန်ကြီး)

၄။ သခင်မြ (ပြည်ထဲရေးဝန်ကြီး)

၅။ သခင်ဗစိန် (ကူးသန်းရောင်းဝယ်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)

၆။ ဦးစော (ဂျွန်ဦးစော) ပညာရေးဝန်ကြီး

၇။ ဦးကျော်ငြိမ်း (ဖ. ဆ. ပ. လ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး)

၈။ သခင်အောင်သန်း (ဗိုလ်စကြာ)

၉။ ဦးဘရင် (မိတ္ထီလာ)

၁၀။ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)(ဗိုလ်ချုပ်၏အပါးတော်မြဲ)

၁၁။ ဦးရွှေဘော် (အတွင်းဝန်)

၁၂။ ဦးအောင်ထွန်း (အတွင်းဝန်)

၁၃။ ဦးဘတူ (ဦးဘဖေ အပါးတော်မြဲ)

၁၄။ သခင်ချစ် (သခင်ဗစိန်အတိုင်ပင်ခံ)





၁၅။ ဦးလှမြတ်စိုး (ဦးစောအပါးတော်မြဲ)

၁၆။ ဦးဘသိန်း (လက်ရေးတို)

မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၄)သုတ်ခွဲသွားကြ၏။ ၁၉၄၇၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် ရောက်ရှိပြီး ၁၉၄၇၊ ဇန်နဝါရီလ (၁၃)ရက်နေ့မှ (၂)ရက်နေ့ထိ ဆွေးနွေးခဲ့ပြီး အချက်(၉)ချက်ပါသည့် အောင်ဆန်းအက်တလီစာချုပ် -ဗြိတိသျှစာချုပ်အား သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

စာချုပ်ပါအချက်များက-

၁။ ဗိုလ်ချုပ်အောင်ဆန်း ဒုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မြန်မာပြည်ဘုရင်ခံအလုပ်အမှုဆောင်ကောင်စီသည် ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုခံရသည်။ ထို့ကြောင့် ကြားဖြတ်အစိုးရအာဏာရှိလာသည်။

၂။ ကာကွယ်ရေးနှင့်နိုင်ငံခြားရေးဌာနများကို ဗိုလ်ချုပ်အောင်ဆန်းကဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့က အုပ်ချုပ်ခွင့်ရသည်။

၃။ ဗြိတိသျှလက်နက်ကိုင် တပ်များမှအပ မြန်မာနိုင်ငံကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်များကို ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကြားဖြတ်အစိုးရက အုပ်ချုပ်ခွင့်ရသည်။

၄။ ကိုယ်ပိုင်ဘဏ္ဍာရေးအုပ်ချုပ်ခွင့်ရသည်။

၅။ မြန်မာအစိုးရကိုယ်စားလှယ် မြန်မာမင်းကြီးတစ်ဦးကိုလည်း လန်ဒန်မြို့၌ ထားခွင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၆။ မြန်မာပြည်မနှင့် တောင်တန်းဒေသများကိုတစ်ပေါင်းတည်းလွတ်လပ်ရေးပေးရန်အတွက် တောင်တန်းဒေသများ၏ ဆန္ဒရယူရန် သဘောတူကြသည်။

၇။ အရွယ်ရောက်သူတိုင်း မဲပေးနိုင်သည့်စနစ်ဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ် ရသည်။

၈။ တိုင်းပြု ပြည်ပြုလွှတ်တော်က လွတ်လပ်မည့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် အနာဂတ်ပုံသဏ္ဌာန်ကိုဆုံးဖြတ်ရမည်။

၉။ ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်ရေးအတွက် ဗြိတိသျှအစိုးရက ထောက်ခံကူညီမည်။

သမိုင်းကိုပြန်ကြည့်လျှင်လည်း ဗြိတိသျှနှင့် မြန်မာစာချုပ်အားချုပ်ဆိုနိုင်ခဲ့သဖြင့် စက္ကူဖြူစီမံကိန်းဟုခေါ်သည့် စက္ကူဖြူအုပ်ချုပ်ရေးလည်း ချုပ်ငြိမ်းသွားခဲ့သည်။

သို့သော် " အောင်ဆန်းအက်တလီစာချုပ် " အားသဘောတူလက်မှတ်ထိုးကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့မှ ဂျွန်ဦးစောနှင့် သခင်ဗစိန်ကလက်မှတ်မထိုးခဲ့ပေ။

လက်မှတ်မထိုးပဲ ကန့်ကွက်ခဲ့သည်။ ကန့်ကွက်ခြင်းနှင့် ပတ်သက်၍ ဂျွန်ဦးစောမှ မည်သည့်အတွက်၊ ဘာကြောင့်ပြောဆိုခြင်းမရှိ ရေငုံနှုတ်ပိတ်နေသော်လည်း သခင်ဗစိန်ကမူ ကန့်ကွက်ခြင်းနှင့် ပတ်သက်၍ မစ္စတာအက်တလီ၏ထံသို့ သီးခြားစာလွှာတစ်ခု ရေးသားတင်ပြခဲ့သည်။

ယင်းသို့ သီးခြားစာလွှာတစ်စောင် တင်သွင်းခြင်းနှင့်အ





တူ ဤသို့အများသဘောတူသည်ကို မိမိသဘောမတူကန့်ကွက်ခြင်းကိစ္စအား ဆောင်ရွက်ခဲ့သဖြင့် မိမိဝမ်းနည်းကြောင်း၊ ဝမ်းနည်းစွာဖြင့်ပင် လမ်းခွဲမည့်အကြောင်း ဖော်ပြခဲ့သည်။

သို့နှယ်ပင် သခင်ဗစိန်က ---

ကျွန်တော်သည် အများနှင့်ဆန့်ကျင်မှုများပြုခဲ့သည့်အတွက် မြန်မာပြည်ဘုရင်ခံ၏ အတိုင်ပင်ခံကောင်စီဝန်ကြီးအဖြစ်မှလည်း နှုတ်ထွက်ပါသည် " ဟု တရားဝင်ကြေညာခဲ့သည်။

ထို့အတူ ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီထံသို့ တင်ပြပေးပို့သည့်စာနှင့် ပတ်သက်၍ တင်ပြချက်များအရ ဖော်ပြလျှင်---

မြန်မာနိုင်ငံသည် တစ်နှစ်အတွင်း လွတ်လပ်ရေးကြေငြာရန် အချုပ်အခြာအာဏာပိုင်သော တိုင်းပြုပြည်ပြုလွှတ်တော်သည် အမိကအရေးကြီးဆုံးဖြစ်သည်။

တိုင်းပြု ပြည်ပြုလွှတ်တော်၏ ဆုံးဖြတ်ချက်များကို နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်မှုမပါဘဲ အလိုအလျောက် အတည်ဖြစ်စေရမည်။

ယခုစာချုပ်သည် အောင်ဆန်းအက်တလီစာချုပ်အရ ဗြိတိသျှတို့သဘောတူသော တိုင်းပြုပြည်ပြုလွှတ်တော်လည်း စက္ကူဖြူစာတမ်းပါ အုပ်ချုပ်ရေးစည်းမျဉ်း၊ ဥပဒေများကိုလည်း ဗြိတိသျှပါလီမန်မှ အတည်ပြုပေးမှသာ အတည်ဖြစ်မည့်အခြေအနေဖြစ်သည်ဟု သခင်ဗစိန်က ယူဆပါသည်။

သခင်ဗစိန်က တိုင်းပြုပြည်ပြုလွှတ်တော်သည် မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အား ကိုယ်စားပြုသော အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သောကြောင့် ထိုလွှတ်တော်မှ ဆုံးဖြတ်ချက်လည်းတစ်ချက်လွှတ်အာဏာတည်ရသည်ဟု ခံယူသည်။

ကြားဖြတ်အစိုးရက အာဏာမှာလည်း မြန်မာကိုယ်စားလှယ်များတောင်းဆိုသည့် အဆင့်သို့ မရောက်တော့ပဲ၊ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေးတို့တွင် ၁၉၃၅ခု၊ အက်ဥပဒေနှင့် ၁၉၄၅ခုယာယီပြင်ဆင်ချက်များ၏ ဘောင်အတွင်း၌သာရှိသည်ဟု သခင်ဗစိန်က ယူဆသည်။

ဤအချက်ကိုကြည့်သော် မြန်မာကိုယ်စားလှယ်အဖွဲ့မှ တင်သွင်းခဲ့သော လွတ်လပ်ရေးတောင်းဆိုချက်များနှင့် ယခုသဘောတူညီသော အချက်တို့မှာ များစွာကွာဟလျော့နည်းနေကြောင်း တွေ့မြင်ရသည်။

ယခုလိုကွာဟ လျော့နည်းချက်များအားတွေ့မြင်နေပါလျက်နှင့် ကျွန်ုပ်သည် မည်သို့မျှ လက်ခံသဘောတူလက်မှတ်မထိုးနိုင်ပါ။

ဤတင်ပြချက်အား အောင်ဆန်းအက်တလီစာချုပ်လက်မှတ်ထိုးရာတွင် ထည့်သွင်းမှတ်တမ်းတင်ပါရန် မေတ္တာရပ်ခံပါသည်။

ဟုဖြစ်သည်။

သည်အမိန့်က ယင်းသို့ပွင့်လင်းစွာ မှတ်တမ်းတင်ခဲ့သော်လည်း ဂဠုန်ဦးစောက မည်သို့မျှ တင်ပြခြင်းမပြုခဲ့။

အရင်က ဤသဘောသည် နှစ်ဦးသဘောဖြစ်သည်၊





သခင်ဗစိန်တစ်ဦးတည်း၏ သဘောထားမဟုတ်ပါ။

မည်သို့ဆိုစေ၊ အောင်ဆန်းအက်တလီစာချုပ်အား တန်ကွက်လက်မှတ်မထိုးသူနှစ်ဦးဖြစ်သည်ကို သမိုင်းတွင်ခဲ့၏။

ထို့အတူ ဤအချက်များသည် စဉ်းစားစရာများဖြစ်ပြီး၊ မမေ့အပ်သောအဖုအထစ်များဖြစ်ခဲ့သည်ဟုဆိုရမည်ဖြစ်သည်။

★

**ဗိုလ်ချုပ်အောင်ဆန်း**

**နှင့်**

**ဂဠုန်ဦးစောကြားမှ အဖုအထစ်များ (၁)**

**ရှည်ညွန်း ။ ။ မြန်မာ့နိုင်ငံရေး အမည်းစက်များ**



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း
# နှင့်
# ဂျွန်ဦးစောကြားမှ အဖုအထစ်များ (၂)

ယင်းအဖြစ်အပျက်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂျွန်ဦးစောကြားမှ ပထမဦးဆုံး အဖုအထစ်ဖြစ်၏။

အောင်ဆန်းအက်တလီစာချုပ်တွင် လက်မှတ်ထိုးရန် ကန့်ကွက်ခြင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်က -

'ဒီလူတွေဟာ တစ်လုံးပိုလိုချင်သူတွေ၊ အခွင့်အရေးနဲ့ ပတ်သက်လို့ ပိုပြီးလိုချင်သူတွေပဲ'

ဟုပြောခဲ့သည်။

သခင်ဗစိန်နှင့်ဂျွန်ဦးစောတို့ကလည်း အင်္ဂလန်မှ ပြန်လာလျှင် ဖဆပလအဖွဲ့ချုပ်မှ ထွက်လိုက်ကြသည်။



## ဗိုလ်ချုပ်အောင်ဆန်း နှင့် ဂျွန်ဦးစော ကြားမှ အဖုအထစ်များ

ထိုစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျွန်ဦးစောတို့ကြားတွင် ပြဿနာဖြစ်စရာ အထင်အမြင်လွဲမှားစရာအကြောင်း တစ်ခုပေါ်ခဲ့သည်။

ဟံသာဝတီအပိုင်းအနီးတွင် ဂျွန်ဦးစောစီးနင်းလာသည့်ကားအနီး လက်ပစ်ဗုံးနှင့်ပစ်ကာ လုပ်ကြံခြင်းဖြစ်သည်။

ထိုလုပ်ကြံမှုကြောင့် ဂျွန်ဦးစောမျက်လုံးအား ထိမှန်သွားခဲ့သည်။

လောလောဆယ် မည်သူလုပ်ကြံသည်ကိုမသိသေး။

သည်ကိစ္စနှင့် ပတ်သက်၍ ဦးလှမြတ်စိုးက -

"ဒီကိစ္စဟာမရိုးသားတဲ့ကိစ္စပဲ၊ ဒါတွေအားလုံးဟာဗိုလ်ချုပ်နဲ့ပတ်သက်မယ်လို့ ငါထင်သလို၊ ဦးစောကလဲထင်တယ်"

ဂျွန်ဦးစောဒဏ်ရာရပြီး ဆေးရုံသွားပြ၍ ဆေးရုံတက်ရတော့၊ ဂျွန်ဦးစောအား ဗိုလ်ချုပ်ကိုယ်တိုင် လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းက ပွင့်လင်းသူပီပီ ဂျွန်ဦးစောကိုတွေ့တော့-

"ကိုစော ခင်ဗျားဒီလိုဖြစ်ရတာ ကျွန်တော်စိတ်မကောင်းဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ပယောဂ မပါဘူးဆိုတာယုံပါ၊ ကျွန်တော် မိန်းမကျင့် မိန်းမကြံအလုပ်ကို မလုပ်ဘူး၊ အဖြေမှန်ပေါ်အောင် ကျွန်တော်လုပ်မှာပါ"

www.burmeseclassic.com



" ဒီလိုဆိုရင်တော့ ကောင်းတာပေါ့ကွာ၊ ဒီကိစ္စအမြန်ဆုံး အဖြေမှန်ပေါ် ပါစေလို့ ကျွန်တော်ဆုတောင်းနေပါတယ် "

"စိတ်ချပါ၊ ကျွန်တော်လဲ ဒီကိစ္စအမြန်ဆုံး အဖြေမှန်ပေါ် အောင် ကြိုးစားမှာပါ"

မှန်သည်။

ထိုလုပ်ကြံမှုကိစ္စ အမြန်ဆုံးပေါ် ပေါက်စေရန် ကြိုးစားခဲ့သလို ထိုလုပ်ကြံမှုတွင် ပြည်သူ့ရဲဘော်များကြောင့် ဖြစ်ကြောင်း သိရသည်။

ခက်သည်က ဂဠုန်ဦးစောအားလုပ်ကြံသူများသည် ပြည်သူ့ ရဲဘော်များဖြစ်ကြောင်း သိရတော့ ရှင်းမလိုလိုနှင့် ပို၍ ရှုပ်ထွေး သွားသည်။

ဦးစောအား လိုလားသူများက-

"ဦးစောကိုလုပ်ကြံသူတွေဟာ ပြည်သူ့ရဲဘော်တွေဆိုရင် အဖြေကရှင်းသွားပြီ၊ ပြည်သူ့ရဲဘော်တွေဟာ ဗိုလ်ချုပ်ကိုလေးစားသူတွေလေ၊ ဗိုလ်ချုပ်ခိုင်းရင် ဘာမဆိုလုပ်မဲ့သူတွေ "

ဟု သုံးသပ်သူက သုံးသပ်သည်။

ဦးစောကိုယ်တိုင်လည်း သည်လုပ်ကြံမှုတွင် ဗိုလ်ချုပ်၏ အစီအစဉ်ပါမည်ဟု ယုံကြည်ခဲ့သည်။

ယင်းကြောင့်ပင် ဂဠုန်ဦးစောသည် ဗိုလ်ချုပ်အား လက်စားချေ မှုယူကာ သတ်ခဲ့သည်ဟု စဉ်းစားစရာဖြစ်ခဲ့သည်။

★





# ဂဠုန်ဦးစော
# နှင့်
# ပင်လုံကွန်ဖရင့်

ဂဠုန်ဦးစော၏ သမိုင်းကြောင်းအားပြောလျှင် ဂဠုန်ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်း ပင်လုံကွန်ဖရင့် မကျင်းပမီ ဦးစွာ ဦးစောကျင်းပခဲ့ကြောင်းမှတ်သားရသည်။

နယ်ချဲ့ဗြိတိသျှတို့သည် အတ္တလန္တာစာချုပ်အရ ကိုလိုနီကျွန်ပြုနိုင်ငံငယ်များအား မလွှဲမသွေ လွတ်လပ်ရေးပေးရမည်။ မြန်မာနိုင်ငံအားလည်း မလွှဲမသွေလွတ်လပ်ရေးပေးရမည်ကို သိရှိနားလည်ထားကြသည်။

သို့သော် နယ်ချဲ့ဗြိတိသျှတို့သည် ယင်းသို့မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးမည့်နေရာတွင် တောင်တန်းမြေပြန့်အပါ အဝင် တစ်နိုင်ငံလုံးအား လွတ်လပ်ရေးမပေးချင်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းဒေသအား ချန်ထားလိုသည်။

ယင်းသို့ရည်ရွယ်ချက်ရှိသဖြင့် အောင်ဆန်းအက်တလီ စာချုပ် ချုပ်ဆိုရာတွင် တောင်တန်းဒေသအနေနှင့် ပြည်မနှင့် အတူလွတ်လပ်ရေးရယူရန် တောင်တန်းဒေသ၏ ဆန္ဒအား ယူရမည်ဟု ပါရှိခြင်းဖြစ်သည်။

နယ်ချဲ့ဗြိတိသျှတို့သည် အမြင်ကျယ်ကျယ်နှင့် အလုပ် လုပ်ခဲ့သလို စာချုပ် ချုပ်ဆိုပြီး၍ မြန်မာနိုင်ငံသို့ပြန်လျှင် ဗိုလ် ချုပ်အောင်ဆန်းအနေနှင့် တောင်တန်းဒေသ တိုင်းရင်းသားများ နှင့် ညှိနှိုင်းဆန္ဒယူမည်ဟုလည်း ကြိုသိနေသည်။

ယင်းသို့ သိနေသဖြင့် နယ်ချဲ့ဗြိတိသျှတို့က ဗိုလ်ချုပ် အောင်ဆန်းအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုလွယ် ကူစွာ ရယူနိုင်ခြင်း မရှိစေရန် အစီအစဉ်တစ်ခုအား မြန်မာ ပြည်ဘုရင်ခံနှင့် စီစဉ်ရေးဆွဲခဲ့သည်။

ထိုအစီအစဉ်က အခြားမဟုတ်။

ဗိုလ်ချုပ်အောင်ဆန်းအနေနှင့် တိုင်းရင်းသားခေါင်းဆောင် များစုဝေးရာ ပင်လုံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသား ခေါင်းဆောင်များဆွေးနွေးမှုမပြုမီ၊ မြန်မာပြည်ဘုရင်ခံမှကြို တင်၍ စည်းရုံးမှုပြုလုပ်ထားရန်ဖြစ်သည်။

★





သည်အစီအစဉ်အား အကောင်အထည်ဖော်ရမည့်သူ သည် မြန်မာပြည်ဘုရင်ခံဖြစ်သည်။

ဘုရင်ခံမှ ပင်လုံတွင်လက်ဦးမှုယူပြီး တောင်တန်းဒေသ များတို့အား စည်းရုံးရန် မြန်မာခေါင်းဆောင်တစ်ဦးရွေးချယ်ရန် ဦးစောအား မျက်စေ့ကျနေသည်။

"ဦးစောဟာ ဗြိတိသျှအစိုးရအကျိုးကို အများကြီးဆောင် ခဲ့သူဖြစ်လို့ ပင်လုံမှာ တောင်တန်းဒေသသားတွေကို စည်းရုံး လို့ခေါင်းဆောင်ရှာတော့ ဦးစောကိုတွေ့တာ မဆန်းပါဘူး၊ တောင်တန်းဒေသသားတွေ ဗြိတိသျှအုပ်ချုပ်မှုအောက်မှာ ရှိနေ ဖို့စည်းရုံးတဲ့နေရာမှာ လက်ရှိအခြေအနေမှာ ဗိုလ်ချုပ်အောင်ဆန်း နှင့်သဘောကွဲလွဲနေတဲ့ ဦးစောကိုရွေးတန်းတင်ရင် ပိုကောင်း တယ်ဆိုတဲ့ ရည်ရွယ်ချက်လည်းပါတယ်"

ဟု ဦးလှမြတ်စိုး ပြောဖူးသည်ကို အမှတ်ရသည်။

မှန်သည်။

အင်္ဂလန်မှ ဂျွန်ဦးစောပြန်ရောက်လျှင် ဘုရင်ခံလည်း ဦးစောအား ခေါ်တွေ့ပြီး ပင်လုံကွန်ဖရင့်အား ဦးဆောင်ရန် နှင့် ထိုပင်လုံကွန်ဖရင့်တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပြီး တောင်တန်းဒေသအနေနှင့် မြန်မာပြည်မနှင့်ပူးတွဲ ၍ လွတ်လပ်ရေးမယူဘဲ၊ တောင်တန်းဒေသအနေနှင့် ဗြိတိသျှ အစိုးရ၏ ကွပ်ကဲမှုအောက်မှ နေထိုင်ရန် စည်းရုံးခဲ့သည်။

ဦးစောသည် မငြင်းခဲ့။

ဦးစောသည် ပထမပင်လုံကွန်ဖရင့်ကျင်းပပြီး တိုင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



သားခေါင်းဆောင်များ တွေ့ဆုံခဲ့သည်။

တောင်တန်းဒေသအနေနှင့် မြန်မာပြည်မနှင့် ပူးတွဲလွတ်လပ်ပေးရေးမယူဘဲ ဗြိတိသျှကွပ်ကဲမှုအောက်မှ နေထိုင်ရန် စည်းရုံးခဲ့ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ကျိုးမျှော်ကိုးသည့် တိုင်းရင်းသားခေါင်းဆောင်အချို့က သဘောတူခဲ့သည်။

သို့သော် ယင်းသဘောတူညီချက်သည် ရေရှည်မတည်နေခဲ့ပေ။

ဗိုလ်ချုပ်အောင်ဆန်း ပင်လုံသို့ရောက်ပြီး ကျင်းပစဉ် ဒုတိယပင်လုံကွန်ဖရင့်မှ ချေဖျက်လိုက်နိုင်သည်။ ဒုတိယပင်လုံ၏ ဆုံးဖြတ်ချက်က ဂဠုန်ဦးစော၏ ပင်လုံကွန်ဖရင့်ဆုံးဖြတ်ချက်များအား ပျက်ပြယ်စေခဲ့သည်။

ဤအချက်သည်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂဠုန်ဦးစောကြားမှ မကျေလည်မှု တစ်ခုဖြစ်ကောင်းဖြစ်နိုင်သည် မဟုတ်လော။

★





## လက်နက်လျှို့ဝှက်ထုတ်ယူမှုနှင့် လုပ်ကြံမှုစီမံကိန်း

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂဠုန်ဦးစောသည် ပထမပိုင်းတွင်ထိပ်တိုက်ရင်ဆိုင်မှုများရှိခဲ့သော်လည်း၊ နောက်ပိုင်းတွင် ဦးစောသည် ဗိုလ်ချုပ်နှင့် ထပ်တိုက်တွေ့ဆုံမှုများ မရှိတော့။

ဦးစောသည် အကြံကြီးသူပီပီ၊ အကြံအစည်တစ်ခုအား ပြုနေသလော။

ဦးစောသည် မရမ်းကုန်းရှိ အိမ်တွင် လူအုပ်များနှင့် စုဝေးရှိနေသည်ဟုဆို၏။ ဦးစောသည် လူဆိုးလူမိုက်များ၏ သဘောသဘာဝအားသိသလို ထိုသူများအား ကိုင်တွယ်စေခိုင်းနည်းတိုလည်းသိသည်။

ထိုစဉ် အကြံကြီးသော ဦးစောသည် အနာဂတ်စီမံကိန်း တစ်ခုအား ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးစော၏အကြံအစည်များ အထမြောက်အောင်မြင်စေရန် ဗြိတိသျှအရာရှိများကလည်း ကူညီသည်။

ဗြိတိသျှအရာရှိတို့က လက်နက်တိုက်မှ လက်နက်ခဲယမ်းများအား လက်မှတ်တုနှင့်ထုတ်ယူသွားသည်ဟု ပြည်ထဲရေးဝန်ကြီးသို့ သတင်းပို့စဉ်တွင် ဦးစော၏တပည့် ဘညွန့်နှင့် သခင်စိန်တို့က-

ဇွန်လ (၁၈)ရက်နေ့တွင် ဦးစော၏ တပည့်အရင်းဘညွန့် **(နောင် အစိုးရသက်သေ၊ ဖော်ကောင်)** နှင့် သခင်စိန်တို့က လက်မှတ်တုဖြင့် ဗိုလ်တထောင်လက်နက်တိုက်မှ ဘရင်းဂန်းသေနတ်အလက်(၂၀၀)၊ ကျည်ကဒ်(၈၀၀)တို့အား ထုတ်ယူပြီး ဦးစော၏အိမ်သို့ ပို့ပြီးပြီ။

သို့နှယ်ပင် ဇူလိုင်(၁၀)ရက်နေ့ကလည်း ဘညွန့်ခေါင်းဆောင်၍ ပွိုင့်-၃၀၃ ရိုင်ဖယ်ကျည်ဆံ- ၁သိန်းနှင့် တင့်ကားကျည်ဆံ ၂၅၆၀၀၀ နှင့် လက်ပစ်ဗုံးအလုံး (၂၀၀)တို့အား သည်ဆယ်မိုင် မင်္ဂလာဒုံအခြေစိုက် လက်နက်တိုက်မှ ထုတ်ယူနိုင်ခဲ့ပြီ။

ဗီဗီယန်းမှ ကူညီခဲ့သလို ဗီဗီယန်းမှပင် ပြည်ထဲရေးဝန်ကြီးသို့ပို့ခဲ့သည်။

★





# လက်နက်သဲလွန်စ

ထိုစဉ်က ပြည်ထဲရေးဝန်ကြီးဦးကျော်ငြိမ်း နိုင်ငံခြားသွားနေသဖြင့် ဦးမြမှ ယာယီတာဝန်ယူနေချိန်ဖြစ်သည်။

ယာယီဝန်ကြီး ဦးမြမှ ဗိုလ်ချုပ်အောင်ဆန်းအား သတင်းပို့ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ယာယီဝန်ကြီး ပျော်ဘွယ်ဦးမြတို့ ချက်ခြင်း ဘုရင်ခံနှင့် တွေ့ဆုံခဲ့သည်။

'ဒီကိစ္စဟာ အရေးကြီးဆုံးကိစ္စဖြစ်လာလို့ အမြန်ဆုံးဖော်ထုတ်ရတယ်'

ဟု ဘုရင်ခံမှ လမ်းညွှန်ခဲ့သည်။

ယင်းကဲ့သို့ပင် သခင်နုတို့ ကိုယ်စားလှယ်သည် မြန်မာပြည်သို့ပြန်ရောက်ပြီး ဦးနုကဗိုလ်ချုပ်အား သတင်းပို့ရာ ဗိုလ်ချုပ်က-

'လက်နက်တိုက်က လက်နက်တွေ လက်မှတ်တုနဲ့ ထုတ်သွားတယ်လို့သိတယ်၊ ဒါဟာ မရိုးသားဘူး'

ဟုပြောရာ သခင်နုက

'ဒါဟာ သွေးရိုး၊ သားရိုးမဟုတ်နိုင်ဘူး၊

ဒါကြောင့် ဘုရင်ခံကိုလည်း ကျွန်တော်တင်ပြပြီးပါပြီ။

ဒီကိစ္စဟာ အေးနေလို့မဖြစ်ဘူး၊ ဗိုလ်ချုပ်'

'ကျွန်တော်လဲ စဉ်းစားမိတယ်။

ကျွန်တော်တို့ ဘုရင်ခံနဲ့ တက်ဆွေးနွေးသင့်တယ်'

'ကိုကြီးနုသဘောလေ'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသခင်နုတို့ ဘုရင်ခံနှင့် ထပ်မံတွေ့ဆုံခဲ့သလို၊ လက်နက်ပျောက်ဆုံးမှုတင်ပြပြီး ဆွေးနွေးကြသည်။

'ဒီလက်နက်ခဲယမ်းတွေ လက်မှတ်တုနဲ့ ခိုးထုတ်မှုဟာ ထူး ဆန်းနေသလို မသင်္ကာစရာအကြောင်းတွေလဲရှိနေတယ်'

'သခင်နုက ကျွန်တော်တို့ စုံစမ်းရသလောက် ဒီလက်နက်တွေကို ထုတ်ယူသွားသူတွေဟာ နန်းရင်းဝန်ဟောင်းဂျူန်ဦးစောနဲ့ပတ်သက်သူတွေဖြစ်နေတယ်'

ဟုရှင်းပြရာ ဘုရင်ခံက-

" ဒါဆိုလက်နက်တိုက်က ထုတ်ယူသွားတဲ့ လက်နက်တွေဟာ ဦးစောရဲ့အိမ်ပတ်လည်နားမှာပဲ ရှိနေလိမ့်မယ်၊ ဒီကိစ္စကို အမြန်ဆုံး ဖော်ထုတ်ရမယ် "

အင်မတန်သင့်မြတ်ပါတယ်။

ထိုနေ့က ၁၉၄၇ ခုနှစ်၊ ဇူလိုင် (၁၈)ရက်။

★





## အပိုင်း(၃)
## ဂျူန်ဦးစော၏ သမိုင်းမလှသည့် အမှတ်တရဖြစ်ရပ်များ

"ဂျူန်ဦးစောဟာ ပညာပြည့်ပြည့်ဝဝသင်ကြားရသူ မဟုတ်ပေမဲ့ သူဟာကြိုးစားသူဖြစ်တယ်။ ပညာတတ် ဒေါက်တာဘမော်လို ပုဂ္ဂိုလ်နဲ့ အင်္ဂလိပ်စကားပြောတာဟာ ဂုဏ်ယူစရာ၊ အတုယူစရာပဲ" လို့ ဂျူန်ဦးစောနှင့် ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ချီးကျူးစကားဆိုခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွေ့ရသည်။

ဂျူန်ဦးစော၏ စွမ်းဆောင်ကြိုးစားမှုကလည်း အတုယူစရာပင်။ တောရွာကလေး၌ မွေးဖွားပြီး ကျောင်းပညာ (၇)



www.burmeseclassic.com

www.burmeseclassic.com

တန်းသာ သင်ခဲ့ရသူဖြစ်၏။ သို့သော် သူ၏ကြိုးစားမှု၊ ဇွဲလုံ့လကြောင့် အင်္ဂလိပ်စာကျွမ်းကျင်၏။

အငယ်တန်းရှေ့နေဘဝနှင့် ဘဝစခဲ့ပြီး၊ နိုင်ငံရေးလောကတွင်းသို့ရောက်ခဲ့သူ။ စာဖတ်သူဖြစ်သဖြင့် ရည်မှန်းချက်ကြီးသည်။

လူဆိုးလူမိုက်များအား စုစည်းပြီး ဝါရင်းတုတ်တပ်ကို ထူထောင်ခဲ့သည်။ နိုင်ငံရေးသမားတို့အား ဖမ်းဆီးရန်ကြိုးစားနေသည်။ နယ်ချဲ့ဗြိတိသျှအစိုးရအား သူ၏လက်ကိုင်တုတ်၊ ဝါးရင်းတုတ်တပ်နှင့် နှိမ်နင်းပြီး နယ်ချဲ့ဗြိတိသျှတို့၏ ယုံကြည်မှုအားရယူခဲ့သည်။

ထို့ကြောင့်ဂျူနီဦးစောသည်နန်းရင်းဝန်အဖြစ် တင်မြှောက်ခံခဲ့ရ၏။ သို့သော် သူလည်းမျိုးချစ်စိတ်ကင်းမဲ့သူ ဟုတ်တန်မရှိ။ ဂျူနီဦးစောလည်း နန်းရင်းဝန်ဘဝဖြင့် လွတ်လပ်ရေးတောင်းဆိုခဲ့သဖြင့် ယူဂန္ဒာတွင် (၂)နှစ် အကျယ်ချုပ်နှင့်နေခဲ့ရသည်။

သို့သော် သူသည်နယ်ချဲ့ဗြိတိသျှတို့နှင့် ယုံကြည်မှုပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးအပြီး ဒုတိယအကြော့ မြန်မာနိုင်ငံအား နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်ရေးကာလများတွင် ပုလဲနံ့သင့်ခဲ့သူဖြစ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးအတွက် ဆွေးနွေးရန် လန်ဒန်သွားသည့် ကိုယ်စားလှယ်အဖွဲ့၌ ပါဝင်ခဲ့၏။

သူက ဘုရင်ခံ၏ကိုယ်စားလှယ်အဖြစ်နှင့်ပင်။





အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုစဉ်က သဘောတူလက်မှတ်ထိုးရန် ငြင်းဆိုသူနှစ်ဦးအနက်၊ တစ်ဦးဖြစ်သည်။ တစ်ဦးမှာ သခင်ဗစိန်ဖြစ်သည်။

ဘုရင်ခံနှင့် ပူးပေါင်းပြီး ပထမပင်လုံကွန်ဖရင့်အား ဦးဆောင်ခဲ့သည်။ တောင်တန်းဒေသများလည်း ဗမာတို့နှင့်မပူးပေါင်း ပဲ၊ သီးခြားအုပ်ချုပ်ခွင့်ရ၍ နယ်ချဲ့ဗြိတိသျှတို့ ကွပ်ကဲမှုအောက်၌နေရန် စည်းရုံးဦးဆောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်း ဆောင်ကြီးများအား လုပ်ကြံမှု၌ ဦးဆောင်ခဲ့သည့် (၁)တရားခံ လည်းဖြစ်၏။

ဂျူနီဦးစောက လူတော်တစ်ဦးဖြစ်သော်လည်း မှားယွင်းလုပ်ဆောင်မှုများကြောင့် သမိုင်းမလှသူ အဖြစ်နိဂုံးချုပ်ခဲ့ရသူလည်းဖြစ်သည်။

★



www.burmeseclassic.com

www.burmeseclassic.com



## ဂဠုန်ဦးစောနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း

မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှတို့၏ ကိုလိုနီကျွန်ပြုခံနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဆုံးရှုံးသည့် လွတ်လပ်ရေးအားပြန်လည် တည်ဆောက်မွေးဖွားရန်၊ နယ်ချဲ့ဆန့် ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ တိုက်ပွဲဆင်နွှဲမှုပြင်းထန်ခဲ့သည်။

သို့နှယ်ပင်၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် ပုဂ္ဂိုလ်တို့အား နှိပ်ကွပ်ပြီး ဗြိတိသျှအင်ပါယာရပ်တည်ရှင်သန်ရေးကြိုးပမ်းမှုအား နယ်ချဲ့ဗြိတိသျှတို့နှင့်အလိုတော်ကြိုးများက နယ်ချဲ့ဆန့်ကျင့်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး သူရဲကောင်းတို့အား နှိပ်ကွပ်သည့်ဖြစ်ရပ်များလည်းရှိခဲ့၏။





ထိုစဉ်ကဂဠုန်ဦးစောသည် နယ်ချဲ့ဗြိတိသျှတို့ပေးအပ်သည့် နန်းရင်းဝန်ရာထူးအား ဆက်ခံပြီး နယ်ချဲ့ဗြိတိသျှတို့အလိုကျ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး သူရဲကောင်းတို့အား သူ၏လက်ကိုင်တုတ် ဝါးရင်းတုတ်တပ်နှင့် ဝါးရင်းတုတ်ကြွေးကြော်သံတို့ကို ဟစ်ကြွေးဆောင်ရွက်နေခဲ့၏။

ဂဠုန်ဦးစောသည် မြန်မာနိုင်ငံအရပ်ရပ်၌ ဝါးရင်ဒုတ်၊ လက်ကိုင်ဒုတ်တပ်အားဖွဲ့စည်းကာ နှိမ်နှင်းရန် ညွှန်ကြားထားသဖြင့် ပုသိမ်မြို့သို့ တို့ဗမာအစည်းအရုံးမှ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင်လှဘော်ကြီး (ဗိုလ်လကျာ်)နှင့် သခင်လှဖေတို့ရောက်ရှိနေကြောင်း ရွာစဉ်တစ်လျှောက်လှည့်လည်ကာ နယ်ချဲ့ဆန့်ကျင့်ရေး၊ သခင်တရားဟောပြောနေကြောင်း သတင်းပို့ခဲ့၏။ ဂဠုန်ဦးစောက ဝါရင်းဒုတ်ကိုင် ဂဠုန်တပ်ဖွဲ့အား နှိမ်နှင်းရန် အမိန့်ပေးခဲ့၏။

သည်အခါ ဝါရင်းဒုတ်ကိုင် ဂဠုန်တပ်ဖွဲ့မှ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်အဖွဲ့အား နှိမ်နှင်းခဲ့သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ဝါးရင်းဒုတ်ဖြင့် ရိုက်နှက်ခဲ့သူက တပ်သားအောင်ခင်။

အခင်းဖြစ်ပွားစဉ်က ဘူတာရုံတွင်ဖြစ်၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့အဖွဲ့ အရိုက်ခံရလို့ ရှုတ်ရှုတ်သဲသဲဖြစ်သွားသည်။ ဆရာကြီးသည် ကိုယ်တော်မှိုင်းနှင့်သခင်အဖွဲ့က မတုန့်ပြန်နိုင်သော်လည်း တရုတ်ကပြားတစ်ဦးနှင့် မျိုးချစ်စိတ်ရှိသူတို့က တပ်သားအောင်ခင်နှင့် ဝါးရင်



www.burmeseclassic.com

www.burmeseclassic.com

ဒုတ်ကိုင် ဂျူနုန်တပ်ဖွဲ့အား ဝင်ရောက်ရိုက်နှက်ဖမ်းဆီးခဲ့၏။

ပုသိမ်မြို့ရှိ သခင်အချို့က ဦးဆောင်ပြီး ဝါးရင်းဒုတ်ကိုင် ဂျူနုန်တပ်သားအောင်ခင်အား တရားစွဲဆိုခဲ့၏။ သို့သော် အောင်ခင်သည် အဖမ်းခံရပြီး တရားခွင်သို့ရောက်ရှိခဲ့သော်လည်း ဥပဒေနှင့်အညီ တရားစွဲဆိုအပြစ်ပေးခြင်းမခံခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ရန်ကုန်မြို့ရှိ နန်းရင်းဝန် (ဝန်ကြီးချုပ်)အဖြစ် တာဝန်ယူနေသည့် ဂျူနုန်ဦးစောက ပုသိမ်မြို့ရှိ ရာဇဝတ်တရားသူကြီးအား ဂျူနုန်တပ်သားအောင်ခင်အား အရေးယူအပြစ်ပေးခြင်းမပြုပါရန် လွှတ်ပေးပါရန် အမိန့်ပေးလိုက်သောကြောင့်ဖြစ်သတည်း။

★





# သမိုင်းမလှသည့် အမှတ်တရဖြစ်ရပ်(၂) သို့မဟုတ် ဂျူနုန်ဦးစောနှင့်ဒေါက်တာဘမော်

ရန်ကုန်မြို့၌ နယ်ချဲ့ဆန့်ကျင့်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး၊ တိုက်ပွဲဝင်နေသည့် နိုင်ငံရေးသမားတို့အား ပြင်းထန်သည့်လှုပ်ရှားအုံကြွမှုကြောင့် နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်ရေးမတည်ငြိမ်ဖြစ်နေချိန်။

ထိုသို့သော နိုင်ငံရေးသမားတို့၏ လှုပ်ရှားမှုအား ဂျူနုန်ဦးစောက သူ၏ လက်ကိုင်ဒုတ်၊ ဝါးရင်ဒုတ်ကိုင် ဂျူနုန်တပ်နှင့် အပြတ်နှိမ်နှင်းမည်ဟု နယ်ချဲ့ဗြိတိသျှတို့အား ကတိပြုသွားလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့ဗြိတိသျှတို့အား အံတုပုန်ကန်သည့် နိုင်ငံရေးသမားတို့အား နှိမ်နှင်းရန်ကတိပြု တာဝန်ယူခဲ့ပြီး မကြာမီနယ်ချဲ့ဗြိတိသျှတို့က နန်းရင်ဝန်ဦးပုအား ရာထူးချပြီး ဂျွန်ဦးစောအား နန်းရင်းဝန်ခန့်လိုက်ပြီ။

ထိုစဉ်က ဒေါက်တာဘမော်သည် ဗမာ့ထွက်ရပ်ဂိုဏ်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာဘမော်သည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုံ့ဆော်မှုတရားပွဲအား၊ ဗဟန်းရပ်ကွက်၌ ကျင်းပခဲ့သည်။

ထိုတရားပွဲ၌ ဒေါက်တာဘမော်က ---

ကျုပ်တို့ဗမာတွေက လက်နက်မရှိကြဘူးလို့ နယ်ချဲ့အင်္ဂလိပ်တွေက အထင်သေးနေကြတယ်။ တကယ်တော့ မဟုတ်ဘူး။ ကျုပ်တို့ဗမာတွေအတွက် စစ်လက်နက်တွေ စစ်ရေယာဉ်ပျံတွေ စစ်သင်္ဘောတွေ ဟိုမိုးပေါ်က နေဝန်းထဲမှာ ရှိနေကြတာကို သူတို့မသိကြဘူး။

ဟု အရှေ့ဖက် နေထွက်ရာသို့ လက်ညှိုးထိုးကာ ရဲရဲတောက် မိန့်ညွှန်မြွက်ကြားစဉ် ဂျွန်ဦးစော၊ ဘဟိန်းနှင့်ဝါရင့်ဒုတ်ကိုင် ဂျွန်တပ်ဖွဲ့ဝင်များအား ဝင်ရောက်ရိုက်နှက် ပွဲဖျက်ပြီး လူတွေရုတ်ရုတ်သဲသဲ ဖြစ်နေချိန် ဒေါက်တာဘမော်အား ဖမ်းဆီးလိုက်၏။

ထို့နောက် ရန်ကုန်ထောင်တွင်ထားလျှင် အဆက်အသွယ်ရမည်ကို စိုးရိမ်သဖြင့် မိုးကုတ်ထောင်သို့ ဂျွန်ဦးစောအမိန့်နှင့် ပို့ကာ ထိန်းသိမ်းခဲ့၏။





ထိုသို့ မိုးကုတ်ထောင်သို့ ဒေါက်တာဘမော်ရောက်ရှိပြီး တစ်လခန့်အကြာတွင် ထောင်ဆရာဝန်ကြီးဒေါက်တာသိန်းဖေသည် ပဒေါင်းအမျိုးသား မျိုးချစ်များနှင့် ဖူးပေါင်းကာ ထောင်မှ နှိုးထုတ်သွားသဖြင့် လွတ်မြောက်သွားခဲ့သည်။

★



www.burmeseclassic.com

www.burmeseclassic.com



## သမိုင်းမလှသည့် အမှတ်တရဖြစ်ရပ် (၃)
### သို့မဟုတ်
# ဗိုလ်ချုပ်အောင်ဆန်း နှင့် ဂဠုန်ဦးစော

ဂဠုန်ဦးစော၏ သမိုင်းမလှသည့် ဖြစ်ရပ်များတွင်ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံခဲ့သည့် ဖြစ်ရပ်သည် အဆိုးဝါးဆုံးဖြစ်ရပ်ဟု ဆိုရမည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂဠုန်ဦးစောသည် နိုင်ငံရေးပြိုင်ဘက်မဟုတ်၊ ဗိုလ်ချုပ်ကမှန်ရာပြောရဲသူ၊ ပြောတတ်သူပီပီ ဂဠုန်ဦးစော၏ ဇွဲလုံ့လနှင့် ကြိုးစားမှုအား ချီးကျူးပြောခဲ့သူဖြစ်သည်။





သို့နှယ်ပင် အောင်ဆန်းအက်တလီစာချုပ်၌ သဘောတူလက်မှတ်ထိုးရန် သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့ ငြင်းဆိုခဲ့ခြင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်သို့ အကျိုးအကြောင်းရှင်းပြခဲ့ဖူး၏။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့အား နစ်နာစေရန် မတိုက်ခိုက်ခဲ့ပေ။ စမ်းချောင်းတွင် ဂဠုန်ဦးစောအား လက်ပစ်ဗုံးနှင့် ပစ်ခံရပြီး ဂဠုန်ဦးစောမျက်စေ့တွင် ဒဏ်ရာအနည်းငယ်ရသွားခြင်းနှင့် ပတ်သက်၍ မခိုင်းစေကြောင်း ဤသို့သူရဲကောင်းမဆန်သည့် လုပ်ရပ်အား မလုပ်ကြောင်း ဖွင့်ဆိုခဲ့ကြောင်း မှတ်တမ်းများရှိ၏။

မည်သို့ဆိုစေ ဂဠုန်ဦးစောအား လက်ပစ်ဗုံးနှင့်လုပ်ကြံသူများသည် ပြည်သူ့ရဲဘော်ဖြူများဖြစ်သည်ဟု သတင်းထွက်သဖြင့် ဂဠုန်ဦးစောအထင်မှားခြင်းလည်း ဖြစ်နိုင်သည်။ သို့နှယ်တွင် ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် လူထုခေါင်းဆောင်ဖြစ်သဖြင့် နိုင်ငံတွင်ထင်ရှားသူဖြစ်သကဲ့သို့ ဂဠုန်ဦးစောသည် ဘုရင်ခံ၏ အားထားယုံကြည်သူအဖြစ်လည်း ထင်ရှားသည်။

ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးအတွက် ကြိုးပမ်းသူဖြစ်သလို ဂဠုန်ဦးစောက နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်မှုတည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းသူဖြစ်သည်။

ဂဠုန်ဦးစောသည် သူ၏သမိုင်းစဉ်တစ်လျှောက် မျိုးချစ်နိုင်ငံရေးသမားတို့အား ရှင်းလင်းပြီး နယ်ချဲ့သဘောကျ အောင်မြင်မှုရခဲ့သူဖြစ်၏။ ဗိုလ်ချုပ်ကြိုးပမ်းချက်ကြောင့် တိုင်းရင်းသား

www.burmeseclassic.com



စည်းလုံးညီညွတ်မှုရရှိခဲ့သလို လွတ်လပ်ရေးသည်လည်း လက်တကမ်းအလိုတွင် ရှိနေပြီ။

ဗိုလ်ချုပ်အောင်ဆန်းမရှိလျှင် ဂဠုန်ဦးစောသည် နယ်ချဲ့အင်္ဂလိပ်၏ ယုံကြည်အားထားရသူဖြစ်သဖြင့်သူသည်နန်းရင်းဝန်ရာထူးရရှိခဲ့သလို မြင့်မားသည့်ရာထူးရမည်ဟုခံယူထားသလော?

အတ္တ၊ အာဏာအတွက် မကြံကောင်း မစည်ရာအားကြံ စည်ခြင်းလော?

အကယ်၍ ဂဠုန်ဦးစောသည် နယ်ချဲ့တို့၏အလိုကျ ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံခဲ့သည်ဆိုငြားအံ့။

သူသည် နယ်ချဲ့ မဟာဗျူဟာမြောက် နည်းပရိယာယ်အားမသိသူဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် နယ်ချဲ့တို့သည် သူတို့လက်သပ်မွေး၍ ယုံကြည်ရသူအား ချီးမြှင့်မြောက်စား၍ လိုသလို ညွှန်ပြခိုင်းစေတတ်သလို သူတို့ကိုယ်တိုင်ပင်သတ်တတ်သည့် အစဉ်အလာရှိနေသောကြောင့်ဖြစ်သတည်း။

မှန်သည်။

ဂဠုန်ဦးစောက နယ်ချဲ့တို့အတွက် ရှုပ်ရှုပ်ချွန်ချွန်လုပ်ပြတတ်ပြီး နယ်ချဲ့လက်ပါးစေအဖြစ် သမိုင်း ကဗ္ဗည်းအတင်ခံခဲ့ရသလို အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်မှုနှင့် သမိုင်းမလှသည့်အမဲစက်ဖြင့် ဘဝနိဂုံးချုပ်ခဲ့သည်မဟုတ်လော။

★





## ရက်စက်သည့်သွေးစက်မြင်ကွင်း
## (သို့မဟုတ်)
## ၁၉-ဇူလိုင် မမေ့နိုင်

ဇူလိုင်(၁၉)ရက် . . .။

ထိုနေ့က မြန်မာပြည်သားတို့အတွက် မမေ့နိုင်စရာနေ့၊ ကြေကွဲဝမ်းနည်းရသောနေ့။

သေနတ်သံ၊ သွေးစက်ထုံမွှမ်းသည့်နေ့၊ အစည်းအဝေးခန်းမအတွင်း၌ ဂဝယ်ပုံစားပွဲရှည်ကြီးတွင် သီးသန့်နေရာ၌ ဗိုလ်ချုပ်အောင်ဆန်းထိုင်နေ၏။ လက်ဝဲဘက်စားပွဲရှည်ကြီး၌ ဦးဘချမ်း၊ ဦးအောင်ဇံဝေ၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ပျော်ဘွယ်ဦးမြတို့ ယှဉ်တွဲထိုင်နေသည်။ လက်ယာဘက်၌မူ သခင်မြ၊ ဒီးဒုတ်ဦး ဘချို၊ ဦးရာဇတ်၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ထိုင်နေ၏။

ထိုအစည်းအဝေး၌ ဦးကျော်ငြိမ်း၊ ဦးဝမ်ကိုဟော၊ ဆမား



www.burmeseclassic.com

www.burmeseclassic.com



ဒုဝါးဆင်ဝါးနှောင်တို့သည်နိုင်ငံခြားခရီးထွက်နေသဖြင့်မပါကြပေ။

အချိန်က နံနက် (၁၀)နာရီ (၃၀)မိနစ် . . .

ထိုအချိန် ဦးအုန်းမောင်က စာရွက်စာတမ်းများတင်ပြရန် အစည်းအဝေးခန်းသို့ရောက်ချိန် . . .

အပြင်မှာမိုးတဖွဲဖွဲရွာနေ၏။

အတွင်းဝန်ရုံးကြီး ပတ်ဝန်းကျင်၌ ငြိမ်သက်တိတ်ဆိတ်နေ၏။ အစိမ်းရောင်ဂျစ်ကားတစ်စီးသည် အတွင်းဝန်ရုံးတွင်း သို့ ချိုးကွေ့လာပြီး ရပ်လိုက်၏။

" ကျွိ "

ခြသေ့်တံဆိပ်ပါဂျစ်ကားရပ်လိုက်လျှင် (အစိမ်းရောင်ဝတ်စုံဝတ် သေနတ်သမားတစ်စု ကားပေါ်မှခုန်ဆင်း၍ အတွင်းဝန်ရုံးရဲ့ အပေါ်ထပ်ဆီသို့ သွက်သွက်ပြေးတက်ခဲ့ကြသည်။

အတွင်းဝန်ရုံးတွင် လက်နက်ကိုင်အစောင့်အရှောက်လည်း တစ်ဦးတစ်ယောက်မျှ မရှိသဖြင့် အဟန့်အတား အခက်အခဲမရှိ။

အကယ်၍ ပြည်ထဲရေးဝန်ကြီး ပျော်ဘွယ်ဦးမြ စီစဉ်မှုအတိုင်းသာဆိုလျှင် လုံခြုံရေးယူထားရေးကိစ္စအား ဗိုလ်ချုပ်မှ မငြင်းပယ်ဘူးဆိုလျှင် ထိုလက်နက်ကိုင် ပုဂ္ဂိုလ်တို့အား ဟန့်တားနိုင်မည်ဖြစ်သည်။

အတွင်းဝန်ရုံးတွင် ရောက်ရှိလာကြသည့် သေနတ်သမားတို့သည် လုံခြုံရေးမရှိသဖြင့် မည်သည့်အခက်အခဲ အနှောင့်အယှက်မျှမရှိ။





သို့နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ အစည်းအဝေးခန်းမသို့ ရောက်ခဲ့ပြီ။ ဗိုလ်ချုပ်အောင်ဆန်း၊ အတွင်းဝန်ဦးအုန်းမောင် စာရင်းဇယားများလုပ်နေသည်။

နံနက် ၁၀း၃၀ မိနစ်။

" ဝုန်း "

တံခါးတွန်းဖွင့်လိုက်သံ ကြားရသည်။

ဗိုလ်ချုပ်ဆတ်ခနဲထပြီး ကြည့်လိုက်စဉ် တံခါးပေါက်မှ သေနတ်သမားတို့ဝင်လာသည်ကို တွေ့လိုက်ရသလို -

'ဒိုင်း' 'ဒိုင်း' 'ဒက်-----ဒက်'

သေနတ်သံတို့ အဆက်မပြတ်ပေါ်ထွက်လာပြီး ဗိုလ်ချုပ် ညွှတ်ခွေကျသွားသည်။ အခန်းထဲတွင် ကျယ်လောင်သော သေနတ်သံနှင့်အတူ ဝရုန်းသုန်းကားလဲပြိုကျသွားသံများကြားရ၏။

ယမ်းငွေ့တွေကဝေနေသလို ---

သွေးပွက်အိုင်များ၊ သွေးများကလည်း တခန်းလုံးအပြည့်။

သေနတ်သမားများသည် စိတ်ကြိုက်ပစ်ခတ်ပြီးနောက် အခန်းအပြင်သို့ ထွက်သွား၏။ ဗိုလ်ချုပ်တို့၏ အစည်းအဝေးခန်းမအနောက်ဖက်ရှိ နားနေခန်းတွင်ရှိနေသော ဗိုလ်ထွန်းလှတို့သွားရှာကြ၏။ ဗိုလ်ထွန်းလှက သေနတ်သံကြား၍ ဗိုလ်ချုပ်ထံ လာသည့်အချိန်တွင် သေနတ်သမားများနှင့်လွဲသွား၏။ သေနတ်သမားတို့က ဗိုလ်ထွန်းလှကိုမတွေ့၍ အတွင်ဝန်ရုံးအပေါ်ထပ်မှ အောက်သို့ပြန်ဆင်းလာချိန် ကိုထွေး(ဦးရာဇတ် အပါးတော်မြဲ) နှင့် တွေ့ရသလို ပစ်ခတ်ရှင်းလင်းခဲ့သဖြင့် ကိုထွေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးသွားခဲ့သည်။

ထိုနေ့ကလုပ်ကြံမှုတွင် ---

၁။ ဗိုလ်ချုပ်အောင်ဆန်း

၂။ သခင်မြ

၃။ ဦးဘဝင်း

၄။ ဒီးဒုတ်ဦးဘချို

၅။ မိုင်းပွန်စော်ဘွား စဝ်စံထွန်း

၆။ ဦးရာဇတ်

၇။ မန်းဘခိုင်

၈။ အတွင်းဝန်ဦးအုန်းမောင်

၉။ ရဲဘော်ကိုထွေး (ဦးရာဇတ် အပါးတော်မြဲ)

စသည့် ခေါင်းဆောင်များကျဆုံးခဲ့သလို စုစုပေါင်းကျဆုံးခဲ့သည့် အာဇာနည်(၉)ဦး ဖြစ်ကြောင်းသမိုင်း မှတ်တမ်းထားရှိ၏။

ယင်းသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များလုပ်ကြံခံရပြီး ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့အား အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

ထိုနေ့ ထိုရက်၏ဖြစ်စဉ်များအရ ဇူလိုင်(၁၉)ရက်က အစည်းအဝေးကျင်းပရမည့်နေ့ရက် မဟုတ်ပါ။

ထိုအစည်းအဝေးအား ဗုဒ္ဓဟူးနေ့မှ ကျင်းပရန်ရှိခဲ့သော်လည်း တိုင်းရေးပြည်ရာနှင့် ပတ်သက်၍ နောက်ကျမည်ကို စိုးရိမ်သည့်အတွက် စောစွာကျင်းပခဲ့ခြင်းဖြစ်သည်။





အစည်းအဝေးအား နံနက် ၁၀း၁၅ မိနစ်တွင် စတင်ကျင်းပခဲ့ရာ ဗိုလ်ချုပ်တို့အစည်းအဝေးပြုလုပ်ပြီး (၁၅)မိနစ်အကြာတွင် လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။

ထိုနေ့က ဝန်ကြီးဦးဘဂျမ်းနှင့် ဝန်ကြီးမန်းဘခိုင်တို့သည် ကျန်းမာရေးမကောင်း၍ ခွင့်ယူရသော်လည်း မယူကြ။ အထူးသဖြင့်ဦးဘဂျမ်းသည် အစည်းအဝေးသို့တက်ရောက်ခဲ့သည့် အကြောင်းအရာ တစ်ခုလည်းရှိသေး၏။

ထိုအကြောင်းကတခြားမဟုတ်။

တိုင်းပြည်အတွက် အန္တရာယ်ကြီးတစ်ခု ဖြစ်လာမည့် သတင်းအား ဗိုလ်ချုပ်အောင်ဆန်းထံ တင်ပြရန်ဖြစ်၏။

" ငါ့ကို ပြည်သူချစ်တယ်၊ ငါ့မှာရန်သူမရှိဘူး" ဟု

ဗိုလ်ချုပ်အောင်ဆန်း အမြဲပြောသောစကားဖြစ်သည်။ သို့သော်ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးများက တက်တက်စင်အောင် လွဲချော်ခဲ့ချေပြီ။

ယခုမူ မမျှော်လင့်သောရန်သူသည် ဗိုလ်ချုပ်အား မရဏနိုင်ငံသို့ခေါ်ဆောင်သွားချေပြီ။

မှန်သည် ဗိုလ်ချုပ်အောင်ဆန်းလည်း မသမာသူများ၏ လက်ချက်နှင့် ကျဆုံးခဲ့ချေပြီ။

စင်စစ် ဗိုလ်ချုပ်အောင်ဆန်းလည်း အများချစ်သောလူထုခေါင်းဆောင် ဖြစ်သော်လည်း လက်တစ်ဆုပ်စာ မသမာသူများ၏ လက်ချက်နှင့် ကျဆုံးခဲ့ချေပြီ။

★



www.burmeseclassic.com

www.burmeseclassic.com



# (၁၉) ဇူလိုင်၏ ဝမ်းနည်းဖွယ်အမှတ်တရများ

ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ်၊ ဂျူလိုင်လ(၁၉)ရက်နေ့၊ စနေနေ့။

သေနတ်သမားတို့ ထွက်သွားချေပြီ။

ချက်ခြင်းသတင်းပို့သဖြင့် တာဝန်ရှိသူများရောက်လာကြသည်။ အစည်းဝေးခန်းအတွင်း၌ သွေးအလူးလူးနှင့် ဖရိုဖရဲလဲ ကျနေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များအား ဆေးရုံသို့အမြန်ပို့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက သေနတ်ဒဏ်ရာ(၁၃)ချက်ဖြင့် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသည်။

ထို့အတူ လူသတ်သမားတို့နှင့် အနီးဆုံးဖြစ်သည့် မန်းဘခိုင်လည်း သေနတ်ဒဏ်ရာ(၁၅)ချက်နှင့် နေရာတွင် ပွဲချင်းပြီးသေဆုံးသည်။





ဒီးဒုတ်ဦးဘချိုလည်း သေနတ်ဒဏ်ရာ(၅)ချက်ရပြီး ချက်ခြင်းခွဲစိတ်ကုသပြီး သုံးမိနစ်အကြာတွင် သေဆုံးခဲ့၏။

ဦးဘဝင်းကမူ သေနတ်ဒဏ်ရာ (၈)ချက်ရပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံး၏။

သခင်မြကမူ တော်မီဂန်းကျည် (၅)ချက်ဖြင့် အဆုတ်အား ထိမှန်ခံရပြီး ပွဲချင်းပြီးသေဆုံးသည်။

မိုင်းပွန်စော်ဘွားစဝ်စံထွန်းကမူ ဦးခေါင်း၌ဒဏ်ရာ(၂)ချက်ရပြီး နောက်နေ့ ဇူလိုင်(၂၀)ရက်နေ့၌ ကွယ်လွန်သည်။ ဆရာကြီးဦးရာဇတ်ကမူ သေနတ်ဒဏ်ရာ(၆)ချက်ရပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသည်။

ထိုပုဂ္ဂိုလ်များက လုပ်ကြံမှုစာရင်းတွင် ပါဝင်သူများဖြစ်၏။ လုပ်ကြံမှုစာရင်းတွင် မပါဝင်ဘဲ ပူးတွဲကျဆုံးခဲ့သူများက အတွင်းဝန်ဦးအုန်းမောင်နှင့် ကိုယ်ရံတော်ကိုထွေးတို့တည်း။

သူတို့သည်လည်း နေရာ၌ပင် ကျဆုံးသူများဖြစ်၏။

★

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများသည် ကြွေချိန်မတန်ဘဲ ကြွေခဲ့ရခြင်းဖြစ်၏။ သူတို့အသက်အား တွက်စစ်ကြည့်လျှင် ရင်နာစရာကောင်း၏။

ခေါင်းဆောင်ကြီးများသေဆုံးချိန် အသက်အားတွက်စစ်ကြည့်လျှင် -



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း (၃၃)နှစ်

အီးဒုတ်ဦးဘချို (၅၅)နှစ်

သခင်မြ (၄၃)နှစ်

ရဲဘော်ကိုထွေး (၁၈)နှစ်

သူတို့က လွတ်လပ်ရေးအတွက်ကြိုးပမ်းရင်း လွတ်လပ်ရေးအတွက် ကွယ်လွန်ခဲ့သူများဖြစ်သည်။

လုပ်ကြံမှုဘေးမှ သီသီလွတ်သွားသည့် ဝန်ကြီးဦးဘဂျမ်း၊ ဦးအောင် ဇံဝေ၊ ဦးရွှေဘော်တို့အနက် ဦးဘဂျမ်းက "ဒီနေ့လုပ်ကြံမှုဖြစ်ရပ်ဟာ သွေးပျက်စရာကောင်းပါတယ်၊ တကယ့်ကိုဘီလူး၊ သဘက်တွေလိုပါ။ အားလုံးဟာကြမ်းတမ်းစွာ အစည်းအဝေးခန်းမထဲသို့ ရောက်လာကြပြီး သူတို့လက်ထဲက မောင်းပြန်သေနတ်တွေနဲ့ တရစပ်ပစ်ကြတာပါ" ဟု ကိုယ်တွေ့ဖြစ်ရပ်အားပြောပြသလို "သုံးသပ်ကြည့်လိုက်ရင် ဗိုလ်ချုပ်ကို သေစေလိုတဲ့ ဆန္ဒကအဓိကဆိုတာ သိသာတယ်၊ မောင်းပြန်သေနတ်နဲ့ ဗိုလ်ချုပ်အားမဲပစ်ကြတာလေ" ဟု ပြောပြ၏။

အဖြစ်က ရင်နင့်စရာဖြစ်သကဲ့သို့ ကြေကွဲဝမ်းနည်းဖွယ်ကောင်းလှပေသည်။ ဗိုလ်ချုပ်ကနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲများအား ရှေ့ရှေ့ချွန်ချွန်ပါဝင်တိုက်ခိုက်ခဲ့သူ၊ ဗိုလ်ချုပ်က သေကံမရောက်သက်မပျောက်ခဲ့။

သို့သော် နယ်ချဲ့အလိုတော်ရိတို့ သစ္စာဖောက်လုပ်ကြံမှုများကြောင့် မကျဆုံးသင့်ဘဲ ကျဆုံးရသည်ကမူ ရင်နင့်စရာကောင်းလှပေသည်။





## ဇူလိုင်(၁၉)ရက် နှင့် ဂျွန်ဦးစောပုံရိပ်

ထိုနေ့က ဂျွန်ဦးစောသည် ဘန်ကောက်လုံချည်နှင့် ရှပ်ဖြူလက်ရှည်ကို ဝတ်ထားသည်။

ဂျွန်ဦးစောက တပည့်များလုပ်ကြံရေးကိစ္စမဆောင်ရွက်မီ အိမ်တွင်း၌ တယ်လီဖုန်းနားတွင်ရှိနေသည်။ တယ်လီဖုန်းနှင့် အစီအစဉ်လုပ်နေသည်။

" နံနက် ၁၀နာရီခွဲ ရောက်ဖို့လိုတယ် " ဟုပြော၏။

၁၀ နာရီကျော်ကျော်၌ ဂျွန်ဦးစော၏တပည့်များလည်း လက်နက်ကိုယ်စီနှင့် ထွက်သွားကြသည်။ ဦးစောကတည်ငြိမ်စွာဖြင့်ရှိနေသည်။

ထိုနေ့က မိုးကလည်းတဖွဲဖွဲနှင့်။

ဂျွန်ဦးစောကလည်း တည်ငြိမ်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



တပည့်များပြန်လာပြီး တပည့်များကဆရာဖြစ်သူ ဂျွန်ဦးစောအားမြင်လျှင် " အောင်ပြီ၊ အောင်ပြီ " ဟု အော်၏။

" အောင်ပြီ "ဟု ဂျွန်ဦးစောက ပြန်အော်၏။

"မင်းတို့အားလုံးတာဝန်ကျေတဲ့သူတွေ ဖြစ်တဲ့အတွက် မင်းတို့ကို ဘောက်ဆူးကောင်းကောင်းပေးမယ်၊ မင်းတို့ ပင်ပန်းလာပြီ၊ နားကြဦး" ဟု ဦးစောကတည်ငြိမ်စွာပြော၏။

ဦးစောတပည့်များကလည်း အေးဆေးစွာပင် မိမိတို့နေထိုင်ရာ တန်းလျားဆီသို့ ပြန်သွားကြသည်။

ဦးစောလည်း အိမ်တွင်းသို့ပြန်ဝင်ခဲ့၏။

ထိုစဉ် သောင်းကျန်းသူနှိမ်နင်းရေးတပ်မှဗိုလ်သိန်းဟန်နှင့် အပေါင်းအပါရဲဘော်တို့ ဂျွန်ဦးစောအိမ်သို့ရောက်လာခဲ့၏။

ဗိုလ်သိန်းဟန်ရောက်လာလျှင် ဂျွန်ဦးစောလည်း အခန်းတွင်းမှထွက်လာ၏။ သူသည် ဘန်ကောက်လုံချည်နှင့် ရှပ်ဖြူကို ဝတ်ထား၏။

လက်တွင်း၌ အရက်ခွက်ကိုင်လျက်။

ဗိုလ်သိန်းဟန်က ဂျွန်ဦးစောကိုမြင်လျှင် . . . .

' ကျွန်တော်သောင်းကျန်းသူနှိမ်နင်းရေးတပ်က ဗိုလ်သိန်းဟန်ပါ ' ဟုမိတ်ဆက်လျှင် ဦးစောက ' ကောင်းပါပြီ၊ လာကြပါ ' ဟု ခရီးဦးကြိုပြုပြီး . . . .

' ဒါထက်၊ ဒီကနေ့မြို့ထဲမှာဘာတွေ ဖြစ်လို့လဲကွဲ့ ' ဟု မေး၏။





' ဒါကို ဦးမကြာခင်ရှင်းရှင်းသိသွားမှာပါ၊ အခုကျွန်တော်တို့လာတာကလည်း ဦးအိမ်ကိုရှာချင်လို့ပါ ' ဟု ပြောစဉ် ကျယ်လောင်သော သေနတ်သံတစ်ချက် ထွက်ပေါ်လာသည်။ ဗိုလ်သိန်းဟန်အဖွဲ့မှလည်း သေနတ်သံလာရာဆီသို့ တုန့်ပြန်ပစ်ခတ်လိုက်၏။

" အား "

သေနတ်သံနှင့်အတူ ငြီးညူသံကြားရ၏။

တစ်စုံတစ်ယောက်သေနတ်မှန်သွားပြီဟု သိလိုက်၏။ ထို့နောက် ဗိုလ်သိန်းဟန်က

" ဦးလူတွေကို ဦးပြောထားပါ၊ သူတို့ပစ်လို့ ကျွန်တော်တို့ဘက်က တစ်ယောက်နှစ်ယောက်ကျနိုင်သလို ကျွန်တော်တို့ပြန်ပစ်ရင် ဦးတို့ဘက်ကအများကြီးဆုံးရှုံးသွားပါလိမ့်မယ်၊ ကျွန်တော်တို့က ရှာဖွေဖို့လာသူတွေဖြစ်လို့ မလိုအပ်ဘဲ ပစ်ခတ်မှုတွေမပြုချင်ပါဘူး " ဟု ပြောမှ ဦးစောက သူ့တပည့်များရှိရာသို့ ကြည့်လိုက်ပြီး၊ "ဟေ့ မင်းတို့မပစ်ကြနဲ့၊ သူတို့ကတို့အိမ်မှာ ရှာချင်လို့လာတာ" ဟု အော်ပြော၏။

စောစောကသေနတ်နှင့် ပစ်သူမှာမှုကြီးဖြစ်သကဲ့သို့ သေနတ်မှန်၍ ငြီးညူလိုက်သူမှာလည်း မှုကြီးပင်ဖြစ်သည်။

မကြာမီရဲတပ်ဖွဲ့ဝင်များရောက်လာသဖြင့် ဦးစောနှင့် အပေါင်းအပါတို့အား ရဲလက်သို့အပ်လိုက်သည်။

သောင်းကျန်းသူနှိမ်နင်းရေးတပ်ဖွဲ့မှ ဦးစောအိမ်အတွင်း ရှာဖွေရာ ဦးစောအိမ်အတွင်းရှိ ရေကန်ထဲ၌ သေနတ်များ



www.burmeseclassic.com

www.burmeseclassic.com



ကျည်များတွေ့ရ၏။

ထိုအတူ လက်နက်တိုက်မှ လက်နက်များအား လက်မှတ်တုနှင့် ထုတ်သူမှာ ဦးစောဖြစ်ပြီး၊ ဦးစောနှင့် ဗြိတိသျှအရာရှိများ ပူးပေါင်းမှုများပေါ် ပေါက်ခဲ့သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့မှ ဂဠုန်ဦးစော နှင့် အပေါင်းအပါတို့အား နိုင်ငံတော်ပုန်ကန်မှုနှင့် တရားစွဲဆိုခဲ့သည်။

★





## မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ

ဂဠုန်ဦးစောအား ရဲတပ်ဖွဲ့မှဖမ်းဆီးပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများအားလုပ်ကြံခဲ့သည့် ချုပ်ကြံမှု (၁)တရားခံ ဂဠုန်ဦးစောနှင့် အပေါင်းများအား အမှုစွဲရုံးတင်ခဲ့သည်။

ဗိုလ်ချုပ်နှင့် အပေါင်းပါများအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဂဠုန်ဦးစောနှင့် အပေါင်းပါတို့အား အမြန်ဆုံးရုံးတင်စစ်ဆေး အပြစ်ပေးရန်ပြည်သူတို့က အုံကြွတောင်းဆိုခဲ့ပြီ။

ရဲတပ်ဖွဲ့သည် ပြည်သူ၏အုံကြွမှုများချုပ်ငြိမ်းစေရန်အတွက် ချက်ချင်းခုံရုံးဖွဲ့၍ စစ်ဆေးခဲ့သည်။

ခုံရုံးတွင် ဦးကျော်မြင့်၊ ဦးအောင်သာကျော်နှင့် ဦးစိုးညွှန့်တို့ တဆောင်ရွက်သည်။ ဦးကျော်မြင့်မှာ ဥက္ကဌဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခုံရုံးအား အထူးခုံရုံးအဖြစ် ဖွဲ့စည်းပြီး အင်းစိန်တွင် ရုံးထိုင်စစ်ဆေးသည်။

၁၉၄၇ ခုနှစ် ရာဇဝတ်မှုအမှတ်(၁)ဟု သတ်မှတ်သည်။

တရားခံများမှာ -

၁။ ဦးစော

၂။ မောင်စိုး

၃။ သက်နှင်း

၄။ မောင်စိန် (ခေါ်) စိန်ကြီး (ခေါ်) လှအောင်

၅။ ရန်ကြီးအောင် (ခေါ်) လှထွန်း

၆။ သုခ

၇။ ခင်မောင်ရင်

၈။ မောင်နီ (ခေါ်) ကိုနီ (ခေါ်) ဂနီ

၉။ မှုန်ကြီး (ခေါ်) မောင်မှုန်

ဂဠုန်ဦးစောဖက်မှ ရုံးတော်သို့သက်သေပေါင်း(၁၃)ဦး တင်သွင်းခဲ့၏။

သို့သော်အစိုးရဖက်မှ စစ်ဆေးသည့်အခါ သက်သေ(၇၈)ဦး စစ်ဆေးခဲ့သည်။ ဦးစော၏သက်သေစာရင်း၌ သခင်ဗစိန်နှင့် ဒေါက်တာဘမော်လည်းပါ၏။

ဦးစောက ပရိယာယ်ကြွယ်သလို ဝိရိသူလည်းဖြစ်၏။ သူသည် သူ၏လွတ်မြောက်ရေးအတွက် လန်ဒန်မှရှေ့နေအား ငှားခဲ့၏။

စင်စစ် မိမိကအကောင်းဆုံးရှေ့နေငှားပြီး တပည့်များ





အား သာမန်ရှေ့နေများသာငှားပေးသဖြင့် ဦးစောနှင့်တပည့်များကြားတွင် အဖုအထစ်များရှိခဲ့သည်။

ဦးစောအတွက် မကောင်းမှုအဖြစ် အမှုနှင့်ပတ်သက်သည့် လျှို့ဝှက်ဖြစ်စဉ်များအား ခင်မောင်ရင်ကဖွင့်ဟခဲ့သော်လည်း သူကဥပဒေကိုနားလည်သူမဟုတ်။

ထို့ကြောင့် အစိုးရသက်သေဖော်ကောင်မဖြစ်ခဲ့။ ဘညွန့်ကမူ တရားရုံးတွင်အလုပ်လုပ်ခဲ့ဖူးသူဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း ဖော်ကောင်လုပ်ခဲ့ရာ အစိုးရသက်သေဖြစ်ခဲ့ပြီး အမှုမှလွတ်ငြိမ်းချမ်းသာခွင့်ရခဲ့သည်။

သို့သော် ဘညွန့်သည်ဖော်ကောင်ဘညွန့်ဟု ခေါ်ခံခဲ့ရပြီ။ မည်သို့ဆိုစေ ဘညွန့်ကအမှု၏လျှို့ဝှက်ချက်၊ မြှုပ်ကွက်များအား ဖော်ကောင်လုပ်ခဲ့သဖြင့် ဦးစောမည်သို့ လီဆယ်ဖန်တီးမှုများ ပြုလုပ်ခဲ့စေကာမူ အရာမထင်ခဲ့ပေ။

အမှုကလယ်ပြင်မှာဆင်သွားသလို ထင်ရှားပေါ်ပေါက်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့်လည်း အမှုအား ၁၉၄၇ ခုနှစ် အစော၌ပြီးဆုံးသွားပြီး ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် စီရင်ချက်ချမှတ်နိုင်ခဲ့သည်။ တရားသူကြီးဦးကျော်မြင့်မှ အင်္ဂလိပ်ဘာသာနှင့် ရေးသားထားသည့် စီရင်ချက်အား တစ်နာရီကြာဖတ်ကြားခဲ့ရ၏။

စီရင်ချက်အရ -

၁။ ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မှုန်ကြီးအား ရာဇသတ်


www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ-၃၀၂ (၁)(ခ)အပိုဒ်(၁၀၉)အရ သေစားသေရမည်။

၂။ တရားခံသက်နှင်း၊ မောင်ဦး၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့အား လည်ပင်းကြိုးကွင်းစွပ် မသေမချင်းသတ်ရန် အမိန့်ချမှတ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် မသမာသူလူယုတ်မာတို့သည် တစ်ပါးသူအား ရက်စက်စွာသတ်ဖြတ်ခဲ့သော်လည်း ကိုယ်တိုင်မူ သေရမည်ကို ကြောက်ကြ၏။

မြန်မာနိုင်ငံအစိုးရသမ္မတကြီးထံသို့ အသနားခံစာတင်ခဲ့သည်။

မြန်မာနိုင်ငံအစိုးရမှ တင်သွင်းသည့်အသနားခံစာများအား ကြားနာစစ်ဆေးပြီး တရားခံသုခ၊ မောင်နီနှင့် ခင်မောင်ရင်တို့သုံးဦးအား သေစားသေစေအမိန့်မှ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ခံယူရန် ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။

ထို့အတူ ဂဠုန်ဦးစော၊ မှုန်ကြီး၊ သက်နှင်း၊ မောင်ဦး၊ စိန်ကြီး တို့အား ၁၉၄၈ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းတွင် အင်းစိန်ထောင်၌ ကြိုးပေးကွပ်မျက်ခဲ့သည်။

★





## တရားခံ ဘယ်သူလဲ

ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံခြင်းသည် ဗိုလ်ချုပ်မရှိလျှင် အောင်မြင်နိုင်ပြီဟု ယူဆယုံကြည်ကြသောကြောင့် ဖြစ်သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ဗိုလ်ချုပ်မရှိတော့သော်လည်း အရာရာအောင်မြင်မှုတို့ မရရှိခဲ့။

အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် တာဝန်ရှိသူများသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်မှန်သမျှအား တသဝေမတိမ်း လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။

မည်သို့ဆိုစေ၊ ယခုဆိုလျှင် ဂဠုန်ဦးစောသည် နိုင်ငံတော်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံမှု တရားခံအဖြစ် အပြစ်ပေးခြင်းခံရတော့မည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ အသိတွင် ဂျွန်ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်းအား ပုဂ္ဂိုလ်ရေးအရ သတ်ဖြတ်ရန် ကြံစည်သူဖြစ်ကြောင်းသိကြသော်လည်း ဂျွန်ဦးစောသည် တရားခံအစစ်ဟုတ်မဟုတ်၊ အချို့ကဆန်းစစ်ကြသည်။

ဂျွန်ဦးစောသည် မြန်မာနိုင်ငံ၏လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံသတ်ဖြတ်သူအဖြစ် သိနိုင်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံမှုနှင့် ပတ်သက်၍ နောက်ကွယ်မှ ပံ့ပိုးကူညီသူရှိနေသည်ဟု သိထားကြ၏။

ပြောရလျှင် ဂျွန်ဦးစောသည် နယ်ချဲ့စနစ်၏သားကောင်ဟု ဆိုလျှင်လည်းမှားမည်မဟုတ်ပါ။

မှန်သည်။

ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံခဲ့သည့် နိုင်ငံတော်တရားခံဂျွန်ဦးစောသည် နယ်ချဲ့စနစ်၏ သားကောင်ဖြစ်နေသည် မဟုတ်လော။

ဗိုလ်ချုပ်အောင်ဆန်းအနေနှင့် ဂျွန်ဦးစောအား နိုင်ငံရေးပြိုင်ဖက်အဖြစ် သဘောမထားသော်လည်း ဂျွန်ဦးစောအနေနှင့် သဘောထားကောင်းထားမည်။

တစ်ခုရှိသည်က ဂျွန်ဦးစောသည်နယ်ချဲ့ဗြိတိသျှတို့၏ လူယုံဖြစ်ပြီး နယ်ချဲ့အစိုးရ၌ ကာလကြာမြင့်စွာ အလုပ်လုပ်ပေးခဲ့သူဖြစ်သည်။ နယ်ချဲ့ဗြိတိသျှတို့ အလေးထားသော ယုံကြည်သူဖြစ်သဖြင့် ဦးစောသည် သူကိုယ်သူ ဗိုလ်ချုပ်မရှိလျှင်





မြန်မာနိုင်ငံကို ဦးဆောင်နိုင်သည့် နိုင်ငံရေးခေါင်းဆောင် ဖြစ်နိုင်သည်။

နယ်ချဲ့ဗြိတိသျှတို့ဘက်မှလည်း ပံ့ပိုးကူညီမည်ဟုယုံကြည်ထားကောင်းထားမည်။

ဦးစော၏သို့ ယုံကြည်မည်ဆိုလျှင်လည်း ဦးစောသည် လူသားတစ်ဦးဖြစ်သဖြင့် အပြစ်မဆိုသာပါ။

ထို့အတူ ဂျွန်ဦးစော၏ ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံမှုနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရမှ သိချင်မှ သိမည်ဖြစ်သော်လည်း အောက်ခြေအရာရှိ အချို့ကမူ သိနိုင်သည်။

အဘယ့်ကြောင့်ဆိုသော် ဂျွန်ဦးစောလုပ်ကြံမှုအား ကျူးလွန်စေရန် အဓိကလိုအပ်သည့် လက်နက်ခဲယမ်းထုတ်ယူရရှိခြင်းအား ကြည့်လျှင်သိနိုင်၏။

နိုင်ငံတစ်နိုင်ငံအတွက် လက်နက်ခဲယမ်းမလိုအပ်ဘဲ အပြင်မရောက်ရေး ကိစ္စသည် အရေးကြီးသောကိစ္စဖြစ်သည်။

လက်နက်တိုက်မှ လက်နက်များထုတ်ယူသွားမှုနှင့် ပတ်သက်၍ လက်မှတ်တုနှင့် ထုတ်ယူသွားသည်ဟုဆိုသည်လည်း သက်သေတစ်ခုနှယ်ဖြစ်နေပါသည်။

ထုတ်ယူပြီး လက်နက်တိုက်မှ လက်နက်များထုတ်ယူသွားကြောင်း သတင်းပို့ခြင်းကိစ္စကလည်း ထမင်းရည်ပူလျှာလွှဲခြင်းမီး၊ ရေမှုတ်ပြုလုပ်ခြင်းဟု သုံးသပ်ရနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် လက်နက်တိုက်မှ လက်နက်များအား လက်မှတ်တုဖြင့် ထုတ်ယူခွင့်ပြုခြင်းသည် လက်နက်

www.burmeseclassic.com



အပြင်သို့ရောက်စေရန် ပြုလုပ်ခြင်းဖြစ်သကဲ့သို့ ထိုကိစ္စ၏ လျှို့ဝှက်ချက်အား ဖော်ထုတ်ပြီး လက်နက်ထုတ်ယူသူအား ဖမ်းဆီးစေနိုင်ခြင်း သို့မဟုတ် ကိစ္စတစ်စုံတစ်ခုပြုလုပ်ရန် ထုတ်ယူပြီး ထိုကိစ္စအား ဆောင်ရွက်ပြီးပါက ထုတ်ယူသူအား ယင်းကိစ္စနှင့်ပတ်သက်၍ အရေးယူအပြစ်ပေးနိုင်ရန် အကောင်းဆုံးအစီအစဉ်ဖြစ်သည်။

ဦးစော၏တပည့်များ၊ ဗိုလ်ချုပ်နှင့်ခေါင်းဆောင်များအား လုပ်ကြံပြီးချက်ခြင်း ဦးစောနှင့်အပေါင်းအပါများအား ဖမ်းမိပြီး အရေးယူနိုင်ခြင်းသည် စဉ်းစားစရာအချက်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် နယ်ချဲ့တို့သည် သူတို့မလိုလားသော ဗိုလ်ချုပ်အောင်ဆန်းအား ဖျောက်ဖျက်နိုင်ခဲ့သလို၊ သူတို့လူယုံအား လုပ်ကြံမှုနှင့် အပြစ်ပေးနိုင်ခြင်းဖြင့် အထုတ်ဖြေနိုင်မည်မဟုတ်ပါ။

စင်စစ် ဤသည်မှာ နယ်ချဲ့စစ်မဟာဗျူဟာဖြစ်သည်။ နယ်ချဲ့တို့သည် မိမိတို့အကျိုးအတွက် အသုံးပြုခဲ့သူများ အသုံးပြုစဉ်က အစတစ်ခုချန်၍ ပံ့ပိုးကူညီခဲ့သလို သူတို့အသုံးမလိုသည့်အခါ အပြတ်ရှင်းတတ်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံမှုတွင် ဂဠုန်ဦးစောသည် နိုင်ငံတော်လုပ်ကြံမှုတရားခံအဖြစ် ထင်ရှားခဲ့သော်လည်း ဂဠုန်ဦးစောနောက်ကွယ်တွင် နယ်ချဲ့စနစ်သည် လုပ်ကြံသူအဖြစ် ပေါ်လွင်နေသောကြောင့် ဖြစ်သည်။

★





# ဂဠုန်ဦးစော၏နောက်ဆုံးနေ့ နှင့် သိသင့်သည့် အကြောင်းအရာများ

ဂဠုန်ဦးစောအား နိုင်ငံတော်ရုံးမှ နိုင်ငံတော်လုပ်ကြံမှုတရားခံအဖြစ် သတ်မှတ်ပြီးသေဒဏ်ချမှတ်လိုက်သည်။ နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် အကြောင်းနှစ်ခုနှင့် ပတ်သက်၍ စာဖတ်သူသိသင့်သဖြင့် တင်ပြရပေမည်။

ထိုအကြောင်းများက အခြားမဟုတ်။

တစ်ကြောင်းက ဂဠုန်ဦးစောအား သေဒဏ်မှ ကင်းလွတ်ခွင့်ပေးရန် လန်ဒန်ရှိအသင်းကြီးနှစ်သင်းမှ သံကြိုးစာတစောင်ပေးပို့ခြင်းနှင့် ဂဠုန်ဦးစော၏ ဇနီးဖြစ်သူဒေါ်သန်းခင်ထံသို့ ကြိုးတိုက်မှ ပေးပို့သည့်စာတစောင်အကြောင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးတော်မှ အမိန့်ချမှတ်ပြီး သမ္မတထံသို့အယူခံတင်ခြင်း၊ သမ္မတမှလျှော့ပေါ့သင့်သူအား လျှော့ပေါ့မှုပြုပြီးနောက်၊ သေဒဏ်ကျခံရမည့်သူများအတွက် သေဒဏ်ချမှတ်ရန်အချိန် နီးကပ်လာပြီဖြစ်သဖြင့် ရန်ကုန်ဗဟိုအကျဉ်းထောင်၌ သွင်းထားသည့်တရားခံများ ဖြစ်သည့် မောင်ဦး၊ သုခ၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့အတွက် ထောင်အာဏာပိုင်တို့က ဘုန်းကြီးများပင့်ကာ သရဏဂုံတင်ပေး၏။ တရားနာစေ၏။

စိန်ကြီးကမူ “သရဏဂုံတင်နေလည်း မထူးပါဘူး” ဟု ပြောပြီး သရဏဂုံအတင်မခံကြောင်း ပြောပြပါသည်။

ကံကောင်းသည်က သုခနှင့် မောင်နီတို့က သရဏဂုံတင်သည့် ညနေတွင် တရားရုံးများမှ သေဒဏ်မှလွတ်ကင်းကြောင်း အမိန့်ရောက်လာပြီး ကြိုးတိုက်မှ အခြားအဆောင်သို့ ပြောင်းရွှေ့ရ၏။

ဂဠုန်ဦးစောအားမူ ကြိုးဒဏ်အတည်ပြုပြီးသည့်နောက ဦးစော၏ ဇနီးဖြစ်သူဒေါ်သန်းခင်က ၁၉၄၈ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် ဝန်ကြီးများထံသို့ ကြိုးဒဏ်ပေးပြီးနောက် ဦးစော၏ရုပ်ကလာပ်အား နေအိမ်သို့ ပြန်ယူလိုပါသဖြင့် ပြန်ယူခွင့်ပေးပါရန် လျှောက်ထားသည်။

သို့သော် ထိုလျှောက်ထားချက်သည် မအောင်မြင်ခဲ့။ အစိုးရမှ ဦးစော၏ရုပ်ကလာပ်အား ထောင်သင်္ချိုင်းတွင်သာမြှုပ်နှံမည်။ အခြားသင်္ချိုင်း၌ မြှုပ်နှံခွင့် မပြုဟုဆို၏။





သရဏဂုံတင်ခွင့်ကိုမူ အစိုးရထံခွင့်ပြုခဲ့၏၊ ကြိုးတိုက်တွင်း၌ရှိနေသည့် ဂဠုန်ဦးစောသည် ဇနီးဖြစ်သူ ပရိဒေဝမီး တောက်လောင်နေသည်ကို သိသဖြင့် ပရိဒေဝမီးမတောက်လောင်စေရန် ငြိမ်းသိမ့်နိုင်စေရန်အလို့ငှာ ၁၉၄၈ ခုနှစ်၊ မေ ၃၀ ရက် နေ့စွဲဖြင့် ဇနီးဒေါ်သန်းခင်(မာမီခင်)ထံသို့ စာတစ်စောင်ပေးပို့ခဲ့သည်။

ဦးစောပေးပို့သည့်စာမှာ -

၃၀ ရက်၊ မေ ၁၉၄၈ ခုနှစ်

မာမီခင်

ကျွန်တော့်အလောင်းအား အိမ်သို့မယူပါနှင့်။ ဘယ်ကိုမှလည်း မယူပါနှင့်။

သေပြီးသောအလောင်းကောင်ကြီးဟု တရားနှင့်ဖြေပါ။ သတိသံဝေဂဖြစ်ပါ။ အနိစ္စတရားနှင့် အနတ္တတရားတို့ ပွားများပါ။ သေပြီးဖြစ်၍မထူးပါ။

ထို့ကြောင့် (မာမီခင်) ဒေါ်သန်းခင်တို့ ဒုက္ခမရှာပါနှင့်တော့။ သေသူအားရည်စူး၍ ပဉ္စင်းခံခြင်း၊ ရှင်ပြုခြင်း၊ ဆွမ်းကျွေးခြင်းစသည့် ကုသိုလ်ကောင်းမှုများပြုလုပ်ပါက မာမီတို့ကုသိုလ်ရနိုင်ပါသည်။ အမျှအတန်းဝေပါက ကုသိုလ်ရနိုင်ပါသည်။

ဤသို့သော ကုသိုလ်များကိုသာ ဂရုစိုက်ပါ။

ပုံ- မောင်စော



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဦးစောအား သေဒဏ်ပေးခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ဘုရင်ခံဟောင်းဖြစ်သည့် ဆာဒေါ်မန်စမစ်က မြန်မာနိုင်ငံ သမ္မတကြီးထံသို့ စာတစောင်ပေးပို့သည်ဟု ကြားသိရ၏။

ထိုဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်က ဦးစောအားသေဒဏ်ပေးခြင်းနှင့် ပတ်သက်၍ သက်ညှာစွာဖြင့် သက်သာစွာစဉ်းစားပေးပါရန် မေတ္တာရပ်ခံချက်များပါရှိကြောင်း သိရ၏။

ယင်းကဲ့သို့ပင် ဂျွန်ဦးစောအသက်ချမ်းသာရရှိစေရေးအတွက် အင်္ဂလန်နိုင်ငံ၊ လန်ဒန်ရှိ ဗုဒ္ဓဘာသာအသင်းကြီး နှစ်သင်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သည့် သခင်နုထံသို့ အကြောင်းသုံးရပ်ပါသည့် မေတ္တာရပ်ခံစာအား ကြေးနန်းနှင့် ပေးပို့ခဲ့သည်။

ယင်းအကြောင်းပြချက်(၃)ချက်ကား ---

(၁) ဦးစောကဲ့သို့ ယခင်က မြန်မာ့လွတ်လပ်ရေးအားကြိုးပမ်းဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်တစ်ဦးအားအသက်ချမ်းသာမှုပေးနိုင်ခဲ့လျှင်မြန်မာ့လွတ်လပ်ရေးသမိုင်းတွင်ဝန်ကြီးချုပ်ဦးနု၏မြင့်မြတ်သောစေတနာမှာရာဇဝင်တွင်ကျန်ရစ်မည်ဖြစ်ကြောင်း။

(၂) အင်္ဂလိပ်ပြည်တွင် ထိုသေဒဏ်စီရင်ခြင်းကို ဝယ်ဖျက်ရန်ရှိနေရာ၊ အင်္ဂလိပ်မြန်မာချစ်ကြည်ရေးအားကြိုးပမ်းလျက်ရှိသော ဗုဒ္ဓဘာသာအသင်းကြီး၏မေတ္တာရပ်ခံချက်အား လက်ခံမည်ဆိုပါကချစ်ကြည်ရေးဖြောင့်ဖြူးရန် လမ်းရှိပါသည်။ ထိုကဲ့သို့ မဖြစ်မြောက်ပါက အင်္ဂလိပ်-မြန်မာချစ်ကြည်ရေးမှာ ပျက်ပြားဖွယ်ရှိပါကြောင်း။

(၃) သေဒဏ်ပေးသည့် ကိစ္စမှာ ဗုဒ္ဓဘာသာတရားတော်နှင့်ဆန့်ကျင်သည်မြင်ကြောင်း။

စသည်တို့ဖြစ်သည်။

ယင်းသို့မေတ္တာရပ်ခံပေးပို့ချက်များနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အစိုးရအဖွဲ့ကို တိုင်ပင်ညှိနှိုင်းဆွေးနွေးကြရာ၊ မေတ္တာရပ်ခံချက်အား လက်ခံခြင်းမပြုဘဲ ပယ်ချခဲ့သည်။

★





www.burmeseclassic.com

www.burmeseclassic.com



## အာဇာနည်ခေါင်းဆောင်များ၏ အဝပုံရိပ်အကျဉ်း

## ဗိုလ်ချုပ်အောင်ဆန်း
## (၁၉၁၅-၁၉၄၇)

**၁၉၁၅ ခု**

၁၉၁၅ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက် (၁၂၇၆ ခု၊ တပေါင်းလဆန်း ၁ ရက်) စနေနေ့တွင် ဖွားမြင်သော ဗိုလ်ချုပ်အောင်ဆန်းသည် သူကျွန်မခံလိုသူ ဦးမင်းရောင်၏ မြေးဖြစ်သည်။ တောင်တွင်းကြီးခရိုင် နတ်မောက်မြို့တွင် နေထိုင်သော ရှေ့နေကြီး အဘ-ဦးဖာ၊ အမိ-ဒေါ်စုတို့၏ အထွေးဆုံးသားဖြစ်သည်။ ငယ်မည်မှာ မောင်ထိန်လင်းဖြစ်သည်။ အကို"အောင်သန်း" အမည်နှင့် လိုက်ဖက်စေရန် အောင်ဆန်းဟုခေါ်တွင် အမည်ပေးခဲ့သည်။





**၁၉၂၂ ခု**

အသက် ၇ နှစ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ ကျောင်းတွင်နေခဲ့သည်။

**၁၉၂၈ ခု**

အသက် ၁၃ နှစ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်း၍နေခဲ့သည်။

**၁၉၃၂ ခု**

ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှ ၁၀ တန်း စာမေးပွဲအောင်သည်။ ရန်ကုန်တက္ကသိုလ်သို့ရောက်သည်။

**၁၉၃၅-၃၆ ခု**

ရန်ကုန်တက္ကသိုလ် သမဂ္ဂအမှုဆောင်အဖွဲ့ဝင်နှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ်ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်နေစဉ် အိုးဝေမဂ္ဂဇင်းတွင် ပါရှိသော (Hell Hound at Large) "ခွေးသရမ်းကြီး လွတ်နေသည်" ဆောင်းပါးရေးသူကို ထုတ်ဖော်မပြောပဲ နေခဲ့သောကြောင့် တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရသည်။

ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် တက္ကသိုလ်သပိတ်ကြီးမှောက်သည်။ တက္ကသိုလ် သပိတ်မှောက်ရသည့် အကြောင်းရင်းမှာ ကိုအောင်ဆန်းအားကျောင်းမှ ထုတ်ပစ်ခြင်းကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၇ ခု

ဝိဇ္ဇာတန်းအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ် ပဲခူး ဆောင်သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၇-၃၈ ခု

တက္ကသိုလ်သမဂ္ဂ ဒု-ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၈ ခု

ကိုအောင်ဆန်း ခေါင်းဆောင်သော ကျောင်းသား ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယပြည်သို့သွားခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သည်။ ပထမဆုံး ကျောင်းသားကိုယ်စားလှယ်၊ တက္ကသိုလ် ကောင်စီဝင်အဖြစ် တင်မြှောက်ခြင်းခံရသည်။ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံကို အားပေးကူညီသည်။

၁၉၄၀ ပြည့်

ဟင်္သာတခရိုင်ကဆုတော်ငွေ၅ကျပ်ဖြင့် သခင်အောင်ဆန်း အားဖမ်းဝရမ်းထုတ်သည်။ ဝရမ်းဆုငွေမှာ လူထုခေါင်းဆောင် တစ်ဦးကို စော်ကားခြင်းဖြစ်၍ တစ်ပြည်လုံးက ရှုတ်ချသည်။ ဝရမ်းပြေး အဖြစ်နေစဉ် တက္ကသိုလ်ကောင်စီဝင် လူကြီးရာထူးမှ နုတ်ထွက်သည်။ ဗမာ့လွတ်လပ်ရေးအတွက် နိုင်ငံခြား အကူ





အညီရှာရန် သခင်မြတို့နှင့်အတူ ပြည်သူ့အရေးတော်ပုံပါတီကို ဖွဲ့စည်းခဲ့သည်။

ပြည်ပတော်လှန်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် သခင်အောင်ဆန်းတာဝန်ယူ၍ ပြည်တွင်းတော်လှန်ရေးခေါင်းဆောင်အဖြစ် သခင်မြတာဝန်ယူသည်။

ဩဂုတ်လ (၈) ရက်နေ့တွင် ဟိုင်လီအမည်ရှိသော သင်္ဘောဖြင့် ဂျပန်ပြည်သို့ လျှို့ဝှက်စွာထွက်ခဲ့သည်။

၁၉၄၁ ခု

ဗမာ့လွတ်လပ်ရေးအတွက် စီမံကိန်းတစ်ခုကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲခဲ့သည်။ မတ်လ ၃ ရက်နေ့တွင် သွားတုတပ်ကာ ရုပ်ဖျက်ပြီး မြန်မာနိုင်ငံသို့ ခေတ္တပြန်လာသည်။

မျိုးချစ် လူငယ်များကို စည်းရုံးစုဆောင်းပြီး ဂျပန်ပြည်သို့ ခေါ်ဆောင်သွားခဲ့သည်။ နောင်အခါ ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်လာသည်။

ဟိုင်နန်ကျွန်း၌ ရဲဘော်သုံးကျိပ်ကို ခေါင်းဆောင်၍ စစ်ပညာသင်ကြားခဲ့သည်။

ဒီဇင်ဘာလ ၈ ရက်နေ့တွင် အရှေ့အာရှစစ်ကြီး စတင်ဖြစ်သည်။

ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ယိုးဒယားပြည်၊ ဘန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီ၊အိုင်၊ အေ ကိုဖွဲ့စည်းခဲ့သည်။ ရဲဘော်သုံးကျိပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ လက်မောင်းသွေးဖောက်၍သွေးသောက်ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းသည့်အခါ အောင်ဆန်းသည် ဗိုလ်တေဇအမည်ကို ခံယူသည်။

၁၉၄၂ ခု

နှစ်ဦးပိုင်းတွင် ဂျပန်များနှင့် ပူးပေါင်းကာ ဗိုလ်တေဇ ခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံသို့ ချီတက်ကာရန်သူများကို ဘိုက်ခိုက်သည်။ မတ်လ (၈) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဘီ၊ အိုင်၊ အေ တပ်မတော်ကြီး ဗီ၊ အိုင်၊ အေအလံလွှင့်ထူကာ ရန်ကုန်မြို့ကို သိမ်းပိုက်သည်။

ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့ကာကွယ်ရေး တပ်မတော်စစ်သေနာပတိအဖြစ် ဆောင်ရွက်သည်။

စက်တင်ဘာလ (၆) ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက် ထပ်ခဲ့သည်။

၁၉၄၃ ခု

မတ်လ (၁၇) ရက်နေ့တွင် ဒေါက်တာဘမော်၊ဒေါက်တာ သိန်းမောင်၊ သခင်မြတို့နှင့်အတူ လွတ်လပ်ရေး အတွက်ဆွေးနွေးရန် ဂျပန်ပြည်သို့ သွားခဲ့သည်။ မတ်လ (၂၂) ရက်နေ့တွင် ဂျပန်ဘုရင်၏ ဆုတံဆိပ်ချီးမြှင့်ခြင်းခံရသည်။ ဩဂုတ်လ(၁) ရက်နေ့တွင် ဒေါက်တာဘမော်အစိုးရအဖွဲ့၌ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။





အိန္ဒိယပြည်ရှိ မဟာမိတ်စစ်ဌာနချုပ်နှင့် လျှို့ဝှက်စွာ ဆက်သွယ်သည်။

၁၉၄၄ ခု

ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာဖွဲ့စည်းသည်။ စက်တင်ဘာ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ဂျပန်ဘုရင်၏ ဆုတံဆိပ်ထပ်မံချီးမြှင့်ခြင်းခံရသည်။

၁၉၄၅ ခု

မတ်လ ၁၇ ရက်နေ့တွင် ရန်သူကိုတိုက်ခိုက်ရန်အတွက် တပ်မတော်ကို ဦးဆောင်၍ စစ်မြေပြင်သို့ထွက်ခဲ့သည်။ မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကိုတော်လှန်သည်။

ဩဂုတ်လ ၁၉ ရက်နေ့တွင် နေသူရိန်အစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဆောင်ရွက်၍ ဗမာ့လွတ်လပ်ရေးတောင်းဆိုသည်။

၁၉၄၆ ခု

ဇန်နဝါရီလတွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပသော ပြည်လုံးကျွတ် ဖ-ဆ-ပ-လ ညီလာခံက အဖွဲ့ချုပ်ဥက္ကဋ္ဌတင် မြှောက်သည်။

စက်တင်ဘာလတွင် နယ်ချဲ့ဗြိတိသျှအစိုးရအား အမှုထမ်းများသပိတ်လက်နက်ဖြင့် အင်အားပြသည်။ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဒုတိယသဘာပတိအဖြစ် ရာထူးလက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၇ ခု

ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ကို ဦးစီးကာ အင်္ဂလန်ပြည်၊ လန်ဒန်မြို့၌ အောင်ဆန်း-အက်တလီ စာချုပ် ချုပ်ဆိုသည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားသွေးစည်း ရေးဖြစ်သော ပင်လုံညီလာခံကို ဦးစီးကျင်းပသည်။

မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟော၌ ကျင်းပသော ဖ-ဆ-ပ-လ ပဏာမပြင်ဆင်မှုညီလာခံ၏ သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဇွန်လ ၁၆ ရက်နေ့တွင် ပထမတိုင်းပြုပြည်ပြုလွှတ်တော် ၌ အချုပ်အာဏာပိုင် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းရန်အဆို တင်သည်။

ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမ၌ အရေးကြီး ဆုံးသောမိန့်ခွန်းမြွက်ကြားသည်။ (ဤမိန့်ခွန်းမှာ ဗိုလ်ချုပ် အောင်ဆန်း နောက်ဆုံးမြွက်ကြားခဲ့သော မိန့်ခွန်းဖြစ်သည်)။

ဇူလိုင်လ ၁၉ ရက်၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်တွင် နယ်ချဲ့လက်ပါးစေများ၏ လုပ်ကြံခြင်းကိုခံရသည်။

ဇနီးဒေါ်ခင်ကြည်၊ သား အောင်ဆန်းဦး၊ အောင်ဆန်းလင်း (ကွယ်လွန်)နှင့် သမီး အောင်ဆန်းစုကြည်တို့ ကျန်ရစ်ခဲ့သည်။

★





## သခင်မြ
## (၁၈၉၇-၁၉၄၇)

သခင်မြသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင် သည်။

၁၈၉၇ ခု၊ အောက်တိုဘာလ ၇ ရက်၊ ကြာသပတေးနေ့ ည ၇ နာရီ ၃၆ မိနစ်တွင် ပြည်ခရိုင်၊ ထုံးဘိုမြို့၌ ဖွားမြင်သည်။ အဘမှာ ဦးဘိုးချွန်၊ အမိမှာ ဒေါ်သက်လယ်ဖြစ်သည်။ ငယ် မည်မှာ မောင်မြရွှေဖြစ်သည်။ နှမမြွေ တစ်ဦးသာရှိ၍(ယခု) သီလရှင် ဒေါ်ခေမာဝတီဖြစ်သည်။

၃ တန်းမှ ၇ တန်းအထိ သာယာဝတီ အေ-ဘီ-အမ် ကျောင်းတွင်လည်းကောင်း၊ ၇ တန်းမှ ၁၀ တန်းအထိ ရန်ကုန် ဘက်တစ်ဟိုက်စကူးကျောင်းတွင်လည်းကောင်း ပညာသင်



www.burmeseclassic.com

www.burmeseclassic.com


ကြားခဲ့သည်။ ၁၉၁၆ ခုတွင် ရန်ကုန်ကောလိပ် အိုင်၊အက်(စ်)စီတန်းတွင် ဆက်လက်သင်ကြားခဲ့သည်။

၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ် နှင့် ကာလကတ္တားယူနီဘာစီတီမှ အိုင်၊အက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၂၀-၂၁ ခုနှစ်တွင်ရန်ကုန်ကောလိပ်သပိတ်တွင် ခေါင်းဆောင်ခဲ့သည်။ အဖွဲ့ဝင် ၂၄ ဦးပါဝင်သော သပိတ်မှောက်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

၁၉၂၂-၂၃ ခုနှစ်တွင် ကြည့်မြင်တိုင်အမျိုးသား ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့သော် အမျိုးသားကျောင်းများ အစိုးရအထောက်အပံ့ယူသဖြင့် အမျိုးသားပညာရေးကောင်စီမှ နုတ်ထွက်သည်။

၁၉၂၄ ခုနှစ်တွင် ဘီ၊ အက်(စ်)စီ ဓာတုဗေဒ ဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့်လက်ထပ်သည်။ ၁၉၂၇ ခုနှစ်တွင် ဘီ၊အယ်(လ်)ဝတ်လုံစာမေးပွဲ အောင်ပြီးနောက် သာယာဝတီသို့ပြန်ကာ ရှေ့နေလိုက်သည်။ ဆင်းရဲသားများအတွက် အခမဲ့ရှေ့နေလိုက်ပေးသည်။ ဆရာစံအရေးတော်ပုံမှ ပေါက်ဖွားသော အမှုများတွင် ဆင်းရဲသားတရားခံများဘက်မှ လိုက်ပါခုခံခဲ့သည်။

၁၉၃၆ ခုနှစ်တွင် သခင်တစ်ယောက်ဖြစ်လာသည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် တို့ဗမာအစည်းအရုံး အမှုဆောင်





အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး၊ တို့ဗမာအစည်းအရုံး၏ ကိုယ်မင်းကိုယ်ချင်းအဖွဲ့မှ ဥပဒေပြု လွှတ်တော်သို့ သာယာဝတီတောင်ပိုင်းမှ အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ကျောင်းသားအရေးတော်ပုံတွင် အင်္ဂလိပ်အစိုးရလက်ချက်ကြောင့် ကျောင်းသားများ သွေးမြေကျရသည်ကို မကျေနပ်၍ အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမား အစည်းအရုံးကြီးတွင် ဥက္ကဋ္ဌအဖြစ်တင်မြှောက်ခြင်း ခံခဲ့ရသည်။

ထိုနှစ်မှာပင် ဗမာ့လွတ်လပ်ရေးအတွက် တော်လှန်ရေးအဖွဲ့ကြီးဖြစ်သော ပြည်သူ့အရေးတော်ပုံပါတီဖွဲ့စည်းရာတွင် သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက တော်လှန်ရေးတွင် ပြည်ပခေါင်းဆောင်ရန် တာဝန်ယူခဲ့ပြီး ပြည်တွင်းမှ ခေါင်းဆောင်ရန် သခင်မြက တာဝန်ယူခဲ့ရသည်။

စစ်အတွင်း အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၄ ခုနှစ်တွင် ဂျပန်ကိုတော်လှန်ရာ နိုင်ငံရေးပါတီများနှင့် ဗမာ့တပ်မတော်ပါ ပူးပေါင်း၍ ဖ-ဆ-ပ-လ အဖွဲ့ဖွဲ့စည်းဖြစ်ပေါ်လာသည်။ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်မြ ဦးဆောင်ပါဝင်သည်။


www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅ ခု၊ မတ်လ ၂၇ ရက် တော်လှန်ရေးအတွက် သခင်မြတာဝန်မှာ ဂျပန်ကို အယုံသွင်း၍ အကျဉ်းချထားခြင်း ခံရသော တော်လှန်ရေးရဲဘော်များအား ဂျပန်လက်မှ လွတ်မြောက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ ၁၉၄၅ ခု၊ စက်တင်ဘာလတွင် ပြည်သူ့အရေးတော်ပုံပါတီကို မြန်မာပြည်ဆိုရှယ်လစ်ပါတီဟု ပြောင်းလွဲဖွဲ့စည်းခဲ့ရာ သခင်မြဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၁၉၄၆ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ပါဝင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့လက်ချက်ဖြင့် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အသက်ဆုံးရှုံးရရှာသည်။

★





## ဦးဘချို
## (၁၈၉၃-၁၉၄၇)

သူ၏ ဒီးဒုတ်ဂျာနယ်ကို အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၊ အမျိုးသားပညာရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး တို့အတွက် ရှေ့တန်းအောင်လံဂျာနယ် တစ်စောင်ဟုသိခဲ့ကြသည်။

ထိုဂျာနယ်ကို ၁၉၂၅ ခုနှစ်တွင် ဦးဘချိုထုတ်ဝေခဲ့သည်။ ထိုဂျာနယ်၏အမည်ကို သူ့အမည်တွင်တွဲ၍ ဒီးဒုတ်ဦးဘချိုဟု အများကသိခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော လွတ်လပ်ရေးအကြိုခေတ် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

ဦးဘချိုသည် မြောင်းမြမြို့၊ ဆေးဆရာကြီး ဦးဘိုးတာ-ဒေါ်မြစ်တို့၏ သားဖြစ်သည်။ ၁၈၉၃ ခု၊ ဧပြီလ ၂၃ ရက်နေ့တွင် ဖွားမြင်သည်။

သတ္တမတန်းအထိ မြောင်းမြမြို့တွင် ပညာသင်ကြားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သတ္တမတန်းကို အထူးအောင်မြင်၍ စကောလားရှစ်(ခေါ်) ပညာသင်ဆုကို ရခဲ့သည်။ ထို့နောက် ရန်ကုန်မြို့၊ စိန့်ပေါလ်ကျောင်းတွင် ဆက်လက်၍ ပညာသင်ကြားရာ၊ ၁၀ တန်းကို အထူးအောင်ကာ ပညာသင်ဆုရပြန်သည်။ ဘီ၊အေ အထက်တန်းတွင် သင်နေဆဲ မျက်စိရောဂါကြောင့် ကျောင်းမှထွက်ခဲ့သည်။

ကျောင်းထွက်ပြီးနောက် ပေါင်းတည်နှင့် ဟင်္သာတမြို့များတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ အမျိုးသားကောလိပ်များဖွင့်လှစ်သည့်အခါ အစိုးရအလုပ်မှ နုတ်ထွက်လိုက်ပြီး အမျိုးသားကောလိပ်တွင် မြန်မာစာသင်ကြားပို့ချသည်။ ၁၉၂၀ ခုနှစ်တွင် ဒေါ်လှမေနှင့် လက်ထပ်သည်။

ဦးဘချိုသည် ဂျပန်ခေတ် အစိုးရလက်ထက်တွင် အတိုင်ပင်ခံ လွှတ်တော်အမတ်အဖြစ် ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံလုံးဝ လွတ်လပ်ရေးရရှိရေး ကြိုးပမ်းရန်အတွက် ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဖွဲ့စည်းသောအခါ ဝင်ရောက်ဆောင်ရွက်သည်။ တိုင်းပြုပြည်ပြု လွှတ်တော်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ အထူးအပင်ပန်းခံ၍ ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး မွန်းလွဲ ၁ နာရီ ၃၇ မိနစ် အချိန်တွင် ကွယ်လွန်သည်။





## ဦးရာဇတ်
## (၁၈၉၈-၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ဦးရာဇတ်သည် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

ဦးရာဇတ်သည် မိတ္ထီလာမြို့၊ အငြိမ်းစားတိုက်ပိုင် အင်စပက်တော်မစ္စတာ အေရာမန်နှင့် ဒေါ်ငြိမ်းလှတို့၏သား ဖြစ်သည်။ မွေးနေ့သက္ကရာဇ်မှာ ၁၈၉၈ ခု၊ ဇန်နဝါရီလ ၂၀ ရက်ဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့၊ ဝက်စလီယောက်ျားလေးကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၂၁ ခုနှစ်တွင် မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့၏။

၁၉၂၂ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေစာမေးပွဲကြီးကို အောင်ခဲ့၍ အေ၊ရာ၊ပတ်-ဘီအေ (နေရှင်နယ်)အမည်ခံခဲ့သည်။

မန္တလေးဗဟိုအမျိုးသား ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်စဉ် ရဲညွန့်တပ်ဖွဲ့စည်းပြီး ကျောင်းသားလူငယ်များကို စစ်ပညာ သင်ကြားပေးခဲ့သည်။

၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်တိုင် ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် ဆရာကြီးအဖြစ်ထမ်းရွက်ခဲ့သည်။ ၁၉၃၈ ခုတွင် ဒေါ်ခင်ခင်နှင့်လက်ထပ်သည်။

၁၉၄၅ ခုနှစ်တွင် စစ်အတွင်းက ပိတ်ထားခဲ့ရသော အမျိုးသားကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီဝင်တစ်ဦးလည်းဖြစ်သည်။

ခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့သည်။

ဇနီး ဒေါ်ခင်ခင်နှင့် သား မောင်တင်မြင့်၊ သမီး ခင်ခင်စိန်၊ သား မောင်လှကြည်တို့ ကျန်ရစ်သည်။

★





## ဦးဘဝင်း
## (၁၉၀၁ - ၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ကြီးအဖြစ် ဦးဘဝင်းပါဝင်ခဲ့သည်။

နတ်မောက်မြို့၊ ရွှေနေ ဦးဖာ၊ ဒေါ်စုတို့၏ သားသမီး ၉ ယောက်အနက် ဦးဘဝင်းသည် အကြီးဆုံးသောသားဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကိုကြီးဖြစ်ပြီး၊ ၁၉၀၁ ခု၊ ဇွန်လ ၁၁ ရက်နေ့တွင် ဖွားမြင်သည်။

မန္တလေး၊ ဥပစာ ကောလိပ်မှ ဥပစာတန်း အောင်မြင်သူများတွင် ပထမရရှိခဲ့သည်။ သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရပ်များတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ဘီ၊ အက်(စ်)စီ သင်္ချာဂုဏ်ထူးတန်း အောင်မြင်သည်။ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့မှ ဦးအုံ၊ ဒေါ်ရွှေမေတို့၏သမီး ဒေါ်ခင်စောနှင့် လက်ထပ်ခဲ့သည်။

ရေနံချောင်းမြို့ ဖ-ဆ-ပ-လအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုများကိုလည်း အားပေးကူညီခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီတွင်လည်း ပါဝင်ခဲ့သည်။

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး ကွယ်လွန်သည်။

★





## မန်းဘခိုင်
## (၁၉၀၃ - ၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် တရင်ခေါင်းဆောင် မန်းဘခိုင်တာဝန်ယူခဲ့သည်။

မန်းဘခိုင်သည် ဟင်္သာတခရိုင်၊ ယုန်တလင်းရွာ ဇာတိဖြစ်သည်။ အဘ-ယုန်တလင်းရွာသူကြီး မန်းပေကုန်းနှင့် အမိဒေါ်ပုတို့မှ ၁၉၀၃ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဖွားမြင်သည်။ တော်လှန်ရေးတွင် ထိုနယ်မှပါဝင်လှုပ်ရှားခဲ့သည်။

ငယ်စဉ်က ဟင်္သာတမြို့၊ အေ၊ဘီ၊အမ် ကျောင်းတွင် ပညာသင်ကြားခဲ့သည်။



www.burmeseclassic.com

ကလေးသူငယ်များ ကရင်ဘာသာ သင်နိုင်ရန်အတွက် ကျောင်းတစ်ကျောင်းဖွင့်ပေးခဲ့သည်။ ကရင်လူငယ်များအသင်းကိုလည်း စတင်ဖွဲ့စည်းခဲ့သည်။

၀၉၃၇ ခုနှစ်တွင် ပုသိမ်မြောက်ပိုင်းမှ အမတ်အဖြစ် အရွေးခံရသည်။

ဂျပန်တော်လှန်သည့်အချိန်တွင် ရှင်ရှင်းခွံခွံ ဆောင်ရွက်ခဲ့သည်။ ကရင်-ဗမာချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သည်။

ဖ-ဆ-ပ-လ အဖွဲ့ကြီး ဖြစ်မြောက်ရေးကို ကြိုးကြိုးပမ်းပမ်း ပါဝင်ဆောင်ရွက်ခဲ့၏။ ထိုအဖွဲ့ကြီးတွင် ဗဟိုအမှုဆောင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုအချိန်မှာပင် ကရင်လူငယ်များ အစည်းအရုံး ဥက္ကဋ္ဌအဖြစ်တင်မြှောက်ခြင်းခံရသည်။

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အခြားခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့ရသည်။

★





## မိုင်းပွန်စော်ဘွား စဝ်စံထွန်း
## (၁၉၀၇ - ၁၉၄၇)

မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော စစ်ပြီး လွတ်လပ်ရေးအကြိုအစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသရေးရာ ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးနှင့် မြောက်နန်းဆောင်မဟာဒေဝီနန်းစိန်ဥတို့၏ သားဖြစ်သည်။ ၁၉၀၇ ခု၊ မေလ ၃၁ ရက် သောကြာနေ့တွင် ဖွားမြင်သည်။

တောင်ကြီးမြို့၊ ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်သည်။ ရဲအတတ်သင်ကျောင်းလည်း တက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၂၈ ခုတွင်အခမ်းအနားဖြင့် စော်ဘွားအဖြစ်ခံယူသည်။ ၁၉၃၂ ခုတွင် မိုးမိတ် စော်ဘွားကြီး၏သမီး စဝ်ခင်သောင်းနှင့် လက်ထပ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးကြိုးပမ်းမှုတွင် တောင်တန်း-မြန်မာ ပူးပေါင်းရေး အောင်မြင်စေရန်အတွက် အထူးကူညီဆောင်ရွက်ခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့၊ စနေနေ့ နံနက်၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည့်အထဲတွင် ပါဝင်ခဲ့ပြီး ဇူလိုင်လ ၂၀ ရက်၊ မွန်းတည့် ၁ နာရီတွင် ကွယ်လွန်သွားရှာသည်။

သမီးစဝ်သုနန္ဒာ၊ သား စဝ်ဆေဟုန်၊ သားစဝ်ကိုင်ဖ၊ သမီးစဝ်မြင့်ကြည်တို့ ကျန်ရစ်သည်။

★





## ဦးအုန်းမောင်
## (၁၉၁၃ - ၁၉၄၇)

ဦးအုန်းမောင်သည် မင်းဘူးမြို့ မစ္စတာအိပ်ချ်ဒဗလျူတရပ်(တ်)ဝိန်း၊ ဒေါ်ရွှေမြင့်တို့၏ ဒုတိယသားဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၁၃ ခု၊ ဖေဖော်ဝါရီလ ၂ ရက်ဖြစ်သည်။ တက္ကသိုလ်ကျောင်းသား ဘဝက ရန်ကုန်တက္ကသိုလ်တပ်ရင်းတွင် တပ်ခွဲတပ်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်သည်။ ၁၉၃၇ ခုတွင် အိုင်စီအက်(စ်) စာမေးပွဲဖြေသူ ၃ ဦးအနက် ပထမရသည်။ ၁၉၃၉ ခုတွင် မန္တလေးမြို့ အရှေ့နယ်ပိုင်ဝန်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနား အရေးပိုင်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ထို့နောက် လမ်းပန်းဆက်သွယ်ရေး အတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ စနေနေ့ နံနက်၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည်။

★



www.burmeseclassic.com

www.burmeseclassic.com



## ရဲတော် ကိုထွေး
## (၁၉၂၉ - ၁၉၄၇)

မန္တလေးမြို့၊ တောင်ပြင်သိပ္ပံရပ်၊ ပင်စင်စား လယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးကိုကိုလေး-ဒေါ်မင်းရီတို့၏ ဆဋ္ဌမမြောက် သားဖြစ်သည်။

န၀မတန်းအထိ ပညာသင်ကြားခဲ့သည်။ အသက် ၁၈ နှစ်အရွယ်တွင် ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ နံနက်၁၀ နာရီ ၄၅ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏ လက်ချက်ဖြင့်ပင် ကျဆုံးရသည်။

★

ဖိုးရာဇာစာအုပ်

## ဂဠုန်အတု

လက်တစ်ဖက်ကား ဝါးရင်းတုတ်စည်းနှင့် မုဆိုးလိုနီရဲတောင်းကို ဖှက်လျက်၊ တစ်ဖက်ကား ငွေနှင့်ဓားကို ဖှက်ပြီးလျှင် ဖဆပလ လည်စည်းကိုပတ်၍ အသံလွှင့်ရန် ပြန်လာသူကား ဘယ်သူနည်း။ ဦးစောပင် ဖြစ်ပါသည်။

အခြားဦးစောမဟုတ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံသတ်ဖြတ်သွားသော ဂဠုန်ဦးစောပါတည်း။

ယခုအခါ ပြည်သူတို့သည် အသတ်ခံကြရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်တို့အား သတိရကြ၏။ နောင်လာနောက်သားတို့ကို သူတို့က သိရှိမှတ်မိနေအောင်လည်း ပညာပေးလှုံ့ဆော်နေကြ၏။ သို့သော် ပြည်သူတို့သည် လူသတ်ဂိုဏ်း၏ ခေါင်းဆောင်ဦးစောတို့ကား သိပ်သတိမရကြတော့ချေ။

ဖိုးရာဇာစာအုပ်

www.burmeseclassic.com

ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေသော ခေါင်းဆောင်များကို အမြဲသတိရနေကြရမည်။ ဤကားအမှန်ပင်လိုအပ်၏။ သို့သော်လူသတ်သမား ဦးစောကိုလည်း မမေ့အပ်ချေ။ အကြောင်းမူကား သူသည် ပုဆိန်ရိုးဖြစ်သောကြောင့်တည်း။ ပြည်သူတို့သည် အခါကာလအားလျော်စွာ ပုဆိန်ရိုးဆိုသည်မှာ ဘယ်သို့သော အသွင်သဏ္ဍာန်ရှိသည်။ ဘယ်သို့သော အမူအရာလက္ခဏာများရှိသည်။ မည်သို့လျှင် ကိုယ့်သွေးတူသားတူချင်းကို ခုတ်ထစ်ဖျက်ဆီးပြီး သွေးမတူ၊ မျိုးမတူသော အရင်းရှင်နယ်ချဲ့သမားကို အလုပ်အကျွေးပြုသည် စသည်ဖြင့် သိနေအပ်ပေသည်။

ထို့ကြောင့် ယနေ့ ၁၉ ကြိမ်မြောက် အာဇာနည်နေ့တွင် ကျွန်တော်သည် ဦးစောအကြောင်း အနည်းငယ်ပြန်ပြောင်းပြောဆိုလိုသည်။

လွန်ခဲ့သော အနှစ် ၂၀ ကျော်ကျော်တုန်းက ဦးစောသည် အာဖရိကတိုက်ရှိ ဗြိတိသျှအကျဉ်းထောင်တစ်ခုမှ လွတ်မြောက်ခဲ့ပြီး မြန်မာပြည်သို့ ပြန်လာလေသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလဆန်းမှာ ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရခြင်းမတိုင်မီ တစ်နှစ်နှင့် ငါးလကျော်ကာလဖြစ်သည်။

ထိုအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အာဘော်ဖြစ်သော "ပြည်သူ့အာဏာ" ဂျာနယ်တွင် ပူးတွဲပါ ကာတွန်းရုပ်ပုံကို မျက်နှာဖုံးမှာ ထည့်သွင်းဖော်ပြခဲ့လေသည်။





(အတွဲ-၁၊ အမှတ် ၂၀၊ ၉၊ ဖေဖော်ဝါရီ၊ ၁၉၄၆)

ထိုကာတွန်းနှင့်အတူ "အကြံကုန်၍ ဆားချက်နေရသော ဂျူန်ကြီးသည်" ဟူသော သခင်သန်းမြိုင်ရေးသည့် မျက်နှာဖုံးဆောင်းပါးပါလေသည်။

အလယ်ကောင်တွင်ကား "ဖြန့်လုံး၊ ဆွယ်လုံးတို့ကြောင့် နားမယောင်လေနှင့်" ဟူသော သခင်စိုးရေးသည့် ဆောင်းပါးပါလေသည်။

ဦးစောသည် ၁၉၄၁ ခုနှစ် နိုဝင်ဘာလလောက်က ဘိလပ်သို့သွားခဲ့လေသည်။ သူသည် ၉၁ ဌာနအုပ်ချုပ်ရေးအရ မြန်မာပြည်၏ နန်းရင်ဝန်ကြီး ဖြစ်လေသည်။ ဘိလပ်သို့သွားခြင်းမှာ ဗမာပြည် ဗမာပြန်ရရေးဝါဒအရ သွားခြင်းဖြစ်သည်ဟု ကြွေးဝါကြေညာထားလေသည်။

တို့ဗမာအစည်းအရုံးဝင် သခင်နိုင်ငံရေးသမားများသည် ၉၁ ဌာနအုပ်ချုပ်ရေးအရ ဖြစ်နေသော နန်းရင်းဝန်ကို အင်္ဂလိပ်၏ ရုပ်သေးနန်းရင်းဝန်အဖြစ်ဖြင့်သာ မြင်ကြလေသည်။ ဦးစောအားလည်း ဖက်ဆစ်အကျင့်အကြံများရှိသော၊ ဖြီးလုံးဖြန်းလုံးကောင်းသော တော်လှန်ရေးသမားအထင်ရှိအောင် ဟန်ဆောင်တတ်သော အင်္ဂလိပ်အလိုတော်ရတစ်ဦးသာ ဖြစ်သည်ဟု နားလည်ကြလေသည်။ ဦးစော ဘိလပ်သွားစဉ်က ကျွန်တော်သည် "ဦးစော ဘိလပ်သွားပြဇာတ်" ဟူသော ပြဇာတ်တစ်ပုဒ်ကိုရေး၍ မြန်မာ့အလင်းသတင်းစာမှာ ထည့်ခဲ့လေသည်။ (ကလောင်အမည်မှာ တစ်ကောက်ကြွက်ဖြစ်၏)။ ထိုပြဇာတ်

မြင့်ကျွန်တော်သည် ဦးစော၏ အထောက်ဖော်ပြပါ သရုပ်မှန်ကို ဖော်ထုတ်တင်ပြခဲ့လေသည်။

စစ်ပြီး၍ မြန်မာပြည်သို့ ဦးစောပြန်ရောက်သောအခါ တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ဦးစောအား စစ်မဖြစ်မီက သခင်များက မြင့်ခဲ့သည့်အတိုင်းပင် ဦးစောအား စစ်မဖြစ်မီက သခင်များက မြင်ခဲ့သည့်အတိုင်းပင် မြင်ကြလေသည်။ ထိုမျှ မကသေး၊ ဦးစောအား ဗြိတိသျှနယ်ချဲ့သမားများသည် မုဆိန်ရိုးအဖြစ်သုံးကာ အမျိုးသားလွတ်လပ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုကို အန္တရာယ်ပြုတောင်းပြုလိမ့်မည်ဟုလည်း ခန့်မှန်း တွက်ချက်မိကြသည်။ ထို့ကြောင့် အမျိုးသားအန္တရာယ် တစ်ရပ် အနေနှင့် ဖော်ထုတ်တင်ပြကာ တိုင်းပြည်ကို သတိပေးထားရန် ဆုံးဖြတ်ခဲ့လေသည်။

၉၊ မေဖော်ဝါရီ၊ ၁၉၄၆ နေ့ထုတ် ပြည်သူ့အာဏာ ဂျာနယ်တွင် သခင်စိုးက ယခင်ဦးစော၊ ယခုဦးစော၊ လာမည့် ဦးစောစသည်ဖြင့် သုံးပိုင်းပိုင်းကာ ဦးစောအန္တရာယ်ကို တင်ပြ သွားလေသည်။

သခင်စိုး -

"ဗြိတိသျှအစိုးရသည် အင်္ဂလန်၊ ဂျာမနီ၊ ဂျပန်၊ တာရုတ်၊ အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှားတိုင်းပြည်များ၌ တိုင်းသူပြည် သားတို့၏ လွတ်လပ်ရေးလုပ်ငန်းများကို ချိုးဖျက်ရန် ရည်ရွယ် ချက်နှင့် ဖက်ဆစ်များနှင့် သူလျှိုများကို ပြန်၍အာဏာပေးခဲ့ သလို၊ ယခုလည်းမြန်မာတိုင်းသူပြည်သားတို့၏ လွတ်လပ်ရေး





လုပ်ငန်းကိုလည်း အကြမ်းဖက်၍ ဖိနှိပ်ချိုးနှိမ်ရန် ဦးစောကို လွှတ်ပစ်သည်မှာ သေချာနေပေပြီ" ဟု ဝေဖန်သုံးသပ်ခဲ့လေ သည်။

## ယခင်ဦးစောနှင့် ပတ်သက်၍

"ဦးစောသည် ဦးစိန်ဝင်းအစရှိသည့် တကယ့်လယ်ပိုင်ရှင် ကြီးများပါဝင်သည့် မျိုးချစ်ပါတီ၏ ခေါင်းဆောင်ဖြစ်သည်။ ဦး စောသည် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံပေါ်စဥ်က ကျောင်း သားများ၏ ထကြွမှုကို ဖြိမ်းလုပ်၍ ရာထူးဝင်ယူခဲ့သည်။ ဦးစော သည် စွပ်ကျယ်စက်ပိုင်ရှင် ကုလားခေနရှင်များနှင့်လည်း စီးပွား ရေးစခန်းတွင် လက်တွဲခဲ့ဖူးသည်။ ဦးစော၏ ပါတီဝင်နှင့် အ ပေါင်းအသင်းများဖြစ်သော ကုလား၊ မြန်မာလယ်ပိုင်ရှင်ကြီး တို့၏ ပယောဂဖြင့် ကုလား၊ မြန်မာလယ်ယာတောင်သူတို့၏ အသက်ရှုပေါက်ဖြစ်သော လယ်သီးစားဥပဒေ ပျက်စီးခဲ့လေပြီ။

ဦးစောဝန်ကြီးချုပ်ဖြစ်စဥ်က လယ်ပိုင်ရှင်များအတွက် လောကီနိဗ္ဗာန်ဖြစ်သော်လည်း လယ်ယာ၊ တောင်သူဆင်းရဲ သားများအတွက်မှာမူ လောကငရဲဖြစ်စေသော ကျွန်သံသရာ ကိုလည်း လည်စေသော "လယ်မြေဝေခြမ်းရေးဥပဒေ" ကို ဖြစ်မြောက်အောင်ကြိုးစားခဲ့လေသည်။

ဦးစော၏ တိုင်းပြည်အားနှိပ်စက်ရန်ထူထောင်ထားသည့် လူမိုက်အသင်း ဂဠုန်တပ်သည် လယ်သမားခေါင်းဆောင်များနှင့် လယ်ယာတောင်သူများကို အရမ်းကာရော ရိုက်နှက်ခဲ့ရာ၌



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်ရုံးကို ဗိုလ်အောင်ကျော်နှင့် ကျောင်းသူ၊ ကျောင်းသားများ ဝိုင်းစဉ်က ရိုက်ခဲ့သော ကိုလိုနီနယ်ချဲ့အစိုးရ ပုလိပ်နှင့် နင်လား ငါလားဖြစ်ခဲ့လေပြီ” စသည်ဖြင့် ရေးခဲ့လေသည်။

ဦးစောသည် နယ်ချဲ့အလိုတော်ရိ မြေရှင်လူတန်းစား၏ ကိုယ်စားလှယ်ဖြစ်သော်လည်း တောင်သူလယ်သမား သူပုန် ဂဠုန်အမည်ကို အပိုင်စီးခဲ့သည်။ မြေပိုင်ရှင်ကြီးများထံမှ မြေများကို အစိုးရအခွန်ဘဏ္ဍာဖြင့် ဝယ်ယူပြီး တောင်သူလယ်သမားတို့အား အရစ်ကျပေးချေသော စနစ်ဖြင့် ပြန်ရောင်းခြင်းကို လယ်မြေဝေခြမ်းရေးဟု ခေါ်တွင်စေသူဖြစ်သည်။ ဒိုင်အာခီ အုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေး၊ ဒိုမီနီယံပဏ္ဏာမအုပ်ချုပ်ရေးစသည်ဖြင့် အင်္ဂလိပ်ပေးသမျှ အုပ်ချုပ်ရေးတို့တွင် ကျေနပ်စွာ ပူးပေါင်းဆောင်ရွက်သူ ဗြိတိသျှအလိုတော်ရိဖြစ်သော်လည်း “မျိုးချစ်” ဟူသော အမည်ကိုခံယူလေသည်။ သူကား မျိုးချစ်ယောင်ဆောင် ဂဠုန်အတုပေတည်း။

စစ်ကြီးအပြီး ဗြိတိသျှအကျဉ်းထောင်မှ မြန်မာပြည်သို့ ပြန်ရောက်သောအခါ ဖဆပလကိုပင် ထောက်ခံတော့မယောင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပင် ပူးပေါင်းတော့မယောင် လေသံပစ်သေးသည်။

ဦးစောက သူ့အိမ်သို့ သတင်းစာဆရာများကို ဖိတ်ကြားပြီး သတင်းစာ ကွန်ဖရင့်ပေး၍ သူကိုယ်ရည်သွေး စစ်အတွင်း အတ္ထုပ္ပတ္တိကို ဇာတ်ဟန်အပြည့်နှင့် ပြောမြပုံကို ပြည်သူ့အာဏာဂျာနယ်၏ အယ်ဒီတာတစ်ဦးအနေဖြင့် တက်ရောက်





သော သခင်သန်းမြိုင်က အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

“ဦးစော၏အိမ်သည် အင်းလျားကန်ဆွယ်တွင် ဆောက်ထား၍ အိမ်ဘေးတွင် စိမ်းလန်းကြည်လင်သော ရေကိုမြင်ရသဖြင့် ကြည်နူးစရာကောင်းလေသည်။ ကန်ဘေးတွင် အစိအရီပေါက်လျက်လေနှင်ရာ ယိမ်းနွဲ့နေကြသော သစ်ပင်များသည် အေးမြသောအာဝါသကို ပေးလျက်ရှိလေသည်။ ဆင်ဝင်ဝမှ အိမ်အတွင်းသို့ ရပ်ကြည့်လိုက်လျှင် တဖိတ်ဖိတ်တောက်ပြောင်လျက် ရောင်ပြန်ဟပ်နေတော့သည်။ တံခါးဝတွင် ခံ့ညားသော စန္ဒရားကြီးသည် ပျော်လိုသူတို့အား ဖြေဖျော်အသုံးတော်ခံရန် စောင့်စားငံ့လင့်လျက်ရှိသည်။ ကျွန်တော်နှင့် ပါလာသော သတင်းစာဆရာတစ်ဦးက “ဇိမ်ပဲကွာ” ဟုပြောလေသည်။

ဦးစောသည် ဘောင်းဘီဖြူ အင်္ကျီဖြူ အသစ်ကျပ်ချွတ်ဒိုဘီကျများကို ဝတ်ဆင်ထားသဖြင့် အတော်ပင် ပနံရလေသည်။ ရှေးသရောအခါက ဤသို့တစ်ခါမျှ ကပ်မကြည့်ဖူးချေ။ ကာတွန်းများတွင်သာ တွေ့ဖူးသည်။ ကာတွန်းများမှာ သက်သက်ဦးစောကို တမင်အရုပ်ဆိုးအောင် လုပ်ကြံရေးဆွဲထားခြင်းသာ ဖြစ်ပါသည်။ တကယ်ဆိုတော့ ဦးစောအတော်ချောပါသည်။

ဦးစောသည် တကယ်စကားပြောကောင်းသူဖြစ်သည်။ ဟန်နှင့်ပန်နှင့် ပြောတတ်သည်။ လွမ်းရမည့်နေရာ လွမ်းရအောင်၊ ဒေါသဖြစ်စရာနေရာတွင် ဒေါသဖြစ်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်လေသည်။ စာတ်လိုက်မင်းသား အေးကြူကိုလည်း ဦးစော၏ အိမ်တွင်တွေ့ရသောကြောင့် အမှုအရာများသင်ထား လေရော့ သလားမသိ။ သို့သော် လေးနှစ်ကျော်ကျော် မြန်မာ ပြည်နှင့် ကွဲကာနေရခြင်းကြောင့် တစ်ခါတစ်ခါ စကားပြောနေ စဉ် မြန်မာစကားများကို မေ့မေ့သွားရှာလေသည်။ ထို့ကြောင့် ပလိစ်အိပ် ကျူးမီဟု ခဏခဏပြောလေသည် ဟုဆို၏။

ဦးစော အိလပ်သွားပြီး နန်းရင်းဝန်ချာချီနှင့် တွေ့ပုံမှစပြီး အဖမ်းခံရသည်အထိ သူ့အဖြစ်အပျက်များကို သတင်းစာဆရာ များအားပြောပြလေသည်။ သခင်သန်းမြိုင်က အောက်ပါ အတိုင်း ဖော်ပြထားလေသည်။

"ဦးစောကို ထမင်းစားရန် ချာချီက ဖိတ်၏။ ထမင်းစား ပြီးသောအခါ အခန်းထဲတွင် ချာချီက ဦးစောကို နှစ်ယောက် ချင်းတာမ်ပြီး စော်ကားသော စကားကိုပြောလေသည်။ ဦးစော သည်းမခံနိုင်အောင်ဖြစ်သွား၏။ ဤနေရာတွင် အချီအချပြော ပုံမှာ ဒေါ်ပွစရာကောင်းတော့၏။ ဆံပင်များပင် ထောင်ထစရာ ဖြစ်၏။

ဦးစောသည် အလွန်အပြောကောင်း၏။

အိလပ်မှ အမေရိကန်သို့သွားကာ သမ္မတကြီး ရုစ်ဗဲ့လ် ကို ခင်ဗျားတို့ ဒီအတိုင်း ကြည့်နေကြတော့မှာလားဟု ပြောလေရာ ဤနေရာတွင်ဦးစောအား သနားစရာကောင်း တော့သည်။ စုံဆယ်ဖြာပန်ထွာဦးလေသံဖျော့ အများကြီးပါ လေသည်။





ဦးစောသည် အလွန်အပြောကောင်း၏။

အတ္တလန္တိတ်၏ အမြီးပိုင်းသို့ရောက်သောအခါ ဦးစောသည် သံဇကာလှောင်အိမ်အတွင်း ပုလိပ်ငါးယောက်အစောင့်ဖြင့် ရောက်နေတော့၏။ နွားနို့သည် ကုလားလာတာတောင်မှ စကားမပြောနိုင်။ ဘယ်သူနှင့်မျှ စကားမပြောစေလိုသဖြင့် ဆံပင်မျှ မညှပ်ရကြောင်းပြောနေရာ ကျွန်တော်၏ စိတ်သည် ရှေးဖြစ်ဟောင်းတွင် ကျက်စားမိလေတော့၏။ ထိုရှေးဖြစ် ဟောင်းကား ဦးစောနန်းရင်းဝန်ဖြစ်နေစဉ်က ကျွန်တော်သည် တာကွယ်ရေးပုဒ်မဖြင့် အဖမ်းခံရပြီး ထောင်ထဲရောက်နေခြင်း ဖြစ်၏။"

(ပြည်သူ့အာဏာ ၉၊ ဖေဖော်ဝါရီ၊ ၁၉၄၆)

ဦးစောသည် သူကိုယ်သူ လွတ်လပ်ရေး တိုက်ပွဲဝင်သူရဲ ကောင်းဖြစ်အောင် ထူထောင်လိုက်ပြီး နောက်မှ သူ၏ဖောက် ပြန်သော နိုင်ငံရေးကို တင်ပြလေတော့သည်။

ဦးစောက ဖက်ဆစ်စနစ်၊ မနေရှင်စနစ်၊ နယ်ချဲ့စနစ်တို့မှာ သေပြီဟု ဆိုလိုက်လေသည်။

အင်္ဂလိပ်နယ်ချဲ့သမားသည် မြန်မာပြည်သို့ ပြန်လည် ရောက်ရှိလာပြီး စက္ကူဖြူစာတမ်းနှင့် ပရိုဂျက်စီမံကိန်းများဖြင့် မြန်မာပြည်အား ကျွန်ပြန်လုပ်ရန် စိုင်းပြင်းနေချိန်၊ နယ်ချဲ့ဆန့် ကျင်ရေး ပြည်သူလူထုသည် ပြန်လာသော အင်္ဂလိပ်နယ်ချဲ့ အား ပို၍ပို၍ ပြင်းထန်လာသော အရှိန်ဖြင့် အုံကြွဆန့်ကျင် ရင်ဆိုင်နေချိန်တွင် ဦးစော ဤစကားကို ပြောခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မနေ့ရှင်စနစ် နယ်ချဲ့စနစ်သေပြီဟု ပြောပြီးနောက် ဦးစောသည် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့ထဲမှ ကောင်းတာကို ယူ၍ လုပ်မည်ဟုပင် ပြောလိုက်လေသည်။

ဤကိစ္စနှင့်ပတ်သက်၍ သခင်စိုးက "ဖက်ဆစ်ဝါဒ၊ မနေ့ရှင်စနစ်၊ နယ်ချဲ့စနစ်သေပြီဟု ပြောလိုက်ခြင်းအားဖြင့် တိုင်းသူပြည်သားများကို မှိုင်းတိုက်လိုက်၏။ ဖက်ဆစ်အကြွင်းအကျန်များနှင့် နယ်ချဲ့စနစ်ကို တိုက်ရန်ကျန်သေး၏။ သို့တိုက်ရန် ဗမာပြည်သူတို့နှင့် ကမ္ဘာ့သူကမ္ဘာ့သားတို့၏ အရေးအကြီးဆုံးသော တာဝန်များဖြစ်သည်။ ဤတာဝန်ကို သတိမေ့အောင် လုပ်လိုက်၏။ ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို ဗမာပြည်နှင့် လျော်ညီအောင် ကျင့်သုံးမည်ဟု ပြောခြင်းသည် ဟစ်တလာ၏ အမျိုးသားဆိုရှယ်လစ်ဝါဒကို ဆိုလိုပေသည်" ဟုရေးခဲ့သည်။

(ပြည်သူ့အာဏာ ၉၊ ဖေဖော်ဝါရီ၊ ၁၉၄၆)

သတင်းစာကွန်ဖရင့်တွင် သခင်သန်းမြိုင်က ဦးစောအား "ဒိုမီနီယံကို လက်ခံသင့်သလား" ဟုမေးလိုက်သောအခါ ဦးစောက "ကျုပ်ဝါဒဟာ ဗမာပြည်ပြန်ရရေးဝါဒပဲ၊ ဒိုမီနီယံကို လက်ခံပြီး လက်နက်အဖြစ် ဗမာပြည်ကို ပြန်ရအောင်လုပ်ရမယ်။ အိုင်ယာလန်လိုပေါ့" ဟု ဖြေလိုက်လေသည်။

သခင်သန်းမြိုင်က အောက်ပါအတိုင်း မှတ်ချက်ချလိုက်၏။

"ထိုသို့ ဖြေခြင်းအားဖြင့် သီချင်းဟောင်းကြီးကို ပြန်ဆိုခြင်းဖြစ်ကြောင်း တွေ့ရ၏။ သီချင်းဟောင်းကား "၉၁ ဌာနကို လက်နက်သဖွယ် အသုံးပြုမယ်" ဆိုသည်ပင်တည်း။ ရှေ့က သီချင်းမှာ ရာထူးယူလျက် ဝါးရင်းတုတ်ကစားခြင်းဖြင့် အဆုံးသတ်ခဲ့သည်"။

ဦးစောနှင့် ပတ်သက်၍ သခင်စိုးကအောက်ပါအတိုင်း သတိပေးနှိုးဆော်လိုက်လေသည်။

"ဦးစော၏ ဒုတိယလမ်းဖြစ်သော ဖဆပလအဖွဲ့ချုပ်ကို ဌြမ်းလုပ်ရေးလမ်းသို့ ဦးစောလိုက်လာပါက ထိုအဖွဲ့ချုပ်အတွင်းသို့ ထရိုဂျင်သစ်သားမြင်းရုပ်ကြီး နောက်တစ်ကောင်ဝင်လာရာ ရောက်သောကြောင့် အဖွဲ့ချုပ်အတွင်းသို့ သူမဝင်နိုင်အောင် လူထုကြီးက တားမြစ်ရမည်"။

"ဗမာပြည်သူပြည်သားတို့သည် ယခုဗမာပြည်သို့ ပူပူနွေးနွေးရောက်လာသော ဦးစော၏ခြေလှမ်းကို ရန်သူ၏ခြေလှမ်းကိုစောင့်ကြည့်သလို ကြည့်နေရန်၊ သူ့အား အလစ်မပေးဘဲ မာန်စောင်၍ပင် စောင့်ကြည့်နေရန် ကွန်မြူနစ်ပါတီက သတိပေးနှိုးဆော်လိုက်သည်"။

(ပြည်သူ့အာဏာ ၉၊ ဖေဖော်ဝါရီ၊ ၁၉၄၆)

ဤသည်ကား ညီညွတ်နေသော ကွန်မြူနစ်ပါတီ၏သတိပေးနှိုးဆော်ချက်ပေတည်း။ ရန်သူကို ကြိုတင်ဖော်ထုတ်ပြီး သတိပေးနှိုးဆော်ခဲ့နိုင်၏။ သို့သော် ထို့နောက် မကြာခင်ပင် ကွန်မြူနစ်ပါတီ ကွဲလေတော့သည်။ အလံနီ၊ အလံဖြူ နှစ်ပါတီဖြစ်သွားလေသည်။ ထို့နောက် မကြာမီပင် ဖဆပလနှင့် ကွန်မြူနစ်







www.burmeseclassic.com

www.burmeseclassic.com

ကွဲသွားလေသည်။ ရန်သူကိုကြိုတင်ဖော်ထုတ်နိုင်ခဲ့သော်လည်း ရန်သူ၏ ဇူလိုင်လ ၁၉ ရက်နေ့က လုပ်ကြံသတ်ဖြတ်မှုကြီးကို ကား မတားဆီးနိုင်ခဲ့ချေတကား။

သိန်းဖေမြင့်

(ဗိုလ်တထောင်သတင်းစာ၊ ၁၉၊ ဇူလိုင်၊ ၁၉၆၆)

## နန်းရင်းဝန်ဦးစော၏ ပြောကြားချက်

'မြန်မာပြည် နန်းရင်းဝန်ဦးစောသည် လန်ဒန်မြို့သို့ ၁၉၄၁ ခုနှစ် နိုဝင်ဘာလက လာရောက်၍ သူ၏တိုင်းပြည် ဒိုမီနီယံအုပ်ချုပ်ရေးရရှိရေးအတွက် ဆွေးနွေးသည်။ နိုဝင်ဘာလ ၅ ရက်နေ့တွင် သူတိုင်းပြည်သို့ မပြန်မီ သူလာရောက်ရကျိုးမနပ်ခဲ့ပါဟု ထုတ်ဖော်ပြောသွား၏။ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဦးစောအား မြန်မာနိုင်ငံအပြန်လမ်းခရီးတွင် ထိန်းသိမ်းထားလိုက်ရကြောင်းကို ဗြိတိသျှအစိုးရက ကြေညာ၏။ ဂျပန်နိုင်ငံနှင့် ဆက်ခြင်းကြောင့် ဖြစ်သည်ဆို၏'

ဟု မြန်မာနိုင်ငံ၏ ပရိယာယ်များသော နန်းရင်းဝန်ခေါင်းစဉ်တပ်ကာ "ဒုတိယကမ္ဘာစစ်ကြီး" ရုပ်စုံမှတ်တမ်းတွင် အဲထက်ပါပုံနှင့် ဖော်ပြခဲ့၏။





## လန်ဒန်က ဗိုလ်ချုပ်ကို ချီးကျူးပြီ

### ဗိုလ်ချုပ်သည် မိမိကိုယ်မိမိ ယုံကြည်သူဖြစ်သည် ၎င်းလုပ်ကိုင်သမျှ မြန်မာပြည်အတွက်သာဖြစ်သည်ဟု ချီးကျူးရေးခြင်း

(လန်ဒန်မြို့ ဇူလိုင် ၂၀ ရက်နေ့စွဲ-ရိုက်တာကြေးနန်း)

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စရောက်သွားသဖြင့် မြန်မာ့နိုင်ငံရေး လောကကြီးတစ်ခုလုံး ရှုပ်ထွေးသွားနိုင်စရာ အကြောင်းရှိသည်ဟု ယနေ့ထုတ်ဝေသော 'အော့ဖ်ဇားဗား' သတင်းစာတွင် ကမ္ဘာ့အရှေ့ပိုင်းသတင်းထောက် 'အိုအမ်ဂရင်း' ကရေးသားဖော်ပြလေသည်။

၎င်းက ရေးသားရာတွင် ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်သွားခြင်းကြောင့် မည်သို့ဖြစ်မည်ကို မသိနိုင်ပေ။


www.burmeseclassic.com

www.burmeseclassic.com



## တိုင်းပြည်ပြုလွှတ်တော်

ခေါင်းဆောင်ကြီး ကွယ်လွန်အနိစ္စရောက်သွားခြင်းကြောင့် တိုင်းပြည်ပြုလွှတ်တော်၏ လုပ်ငန်းရပ်စဲသွားမည် မဟုတ်ပေ။

သို့ရာတွင် ၎င်း၏အရင်းခံ သဘောသဘာဝကို မထိခိုက်စေဘဲ နေလိမ့်မည်မဟုတ်ပေ။ ဗိုလ်ချုပ်အောင်ဆန်းသည် အမြော်အမြင် ဉာဏ်ထက်မြက်သူဖြစ်၍ ၎င်းသည် မိမိကိုယ်မိမိ ယုံကြည်သူဖြစ်၍ မြန်မာပြည်သူပြည်သားတို့က ယုံကြည်ကိုးစားသူလည်း ဖြစ်လေသည်။

## မြန်မာပြည်အတွက်

၎င်းသည် ဂျပန်ကိုပင်သုံးသုံး၊ ဗြိတိသျှကိုပင်သုံးသုံး၊ ၎င်းသည် မြန်မာပြည်အတွက် အဓိကရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သူဖြစ်သည်။

## တိုင်းပြည်ကို ပြောသွားပုံ

လွန်ခဲ့သော ၁၀ ရက်လောက်ကပင် လူထုအစည်းအဝေးတစ်ခု၌ဗိုလ်ချုပ်အောင်ဆန်း ဟောပြောသွားရာ မြန်မာနိုင်ငံသည် နောက်အနှစ် ၂၀ အတွင်း ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေနှင့် ကြီးကျယ်ထွန်းကားသော နိုင်ငံကြီးတစ်ခု ဖြစ်မည့်ပုံကို ကွက်ကွက်ကွင်းကွင်း ပြောဆိုသွားရာ ယခုတိုင်းပြည်ကြီး ပျက်စီးယိုယွင်းနေပုံကို နှိုင်းယှဉ်ပြပြီး နောင်ကောင်းစားမည့်အရေးအတွက် တတ်နိုင်သည့်ဘက်က ဆင်းရဲအပင်ပန်းခံကာ စွန့်စားကြရန် တောင်းပန်သွားကြောင်း။

★





# မြန်မာ့နိုင်ငံရေး အမည်းစက်များ

# အာရှအဖို့ ကြီးလေးစွာ ဆုံးရှုံးခဲ့ပြီ

## အိန္ဒိယကွန်ဂရက်က ဝမ်းနည်းကြောင်း ဆုံးဖြတ်

## ရိုးရိုးမဟုတ်၊ နိုင်ငံရေး လူသတ်မှုကြီးဖြစ်သည်ဟု ဂန္ဒီဆိုပြီ

(နယူးဒေလီ ဇူလိုင် ၂၀ ရက်နေ့စွဲ - ရိုက်တာကြေးနန်း)

ယနေ့ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်အဖွဲ့ကြီး၏ အလုပ်အမှုဆောင်ကော်မတီက အတည်ပြုလိုက်သော ဆုံးဖြတ်ချက်တစ်ရပ်တွင် ယခုကဲ့သို့ အရေးကြီးသည့် အခါမျိုးတွင် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စရောက်ခြင်းသည် မြန်မာနိုင်ငံအဖို့ ဆိုးရွားသော နစ်နာချက်ကြီးဖြစ်၍ အာရှတိုက်အဖို့ ကြီးလေးသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံရေး လူသတ်မှု

ဤလုပ်ကြံမှုကြီးသည် ရိုးရိုးလူသတ်မှုမဟုတ်ဘဲ နိုင်ငံရေး အကြံအစည်ရှိသော လူသတ်မှုကြီး ဖြစ်လေသည်။ ဤအမှု မျိုးတို့သည် ကမ္ဘာနှင့်အဝန်းနိုင်ငံရေးကြီးပမ်းမှုများ၌ တွေ့ကြုံ နေကြရလေရာ ဤအခြင်းအရာသည် လူအပေါင်းတို့၏ နောင် ရေးအတွက် နိမိတ်မင်္ဂလာ မကောင်းပေ။

ဂန္ဒီကြီးက အသတ်ခံရသော ခေါင်းဆောင်ကြီးများ၏ သားမယား၊ ဆွေမျိုး၊ ဉာတိနှင့် မြန်မာပြည်အတွက် ဝမ်းနည်း ပါကြောင်း ထုတ်ဖော်ပြောကြားသွား၏။

★





## ကမ္ဘာ့စာရိတ္တပြုပြင်ရေးအဖွဲ့ကြီးကဝမ်းနည်းကြောင်း

### ဤလုပ်ကြံမှုကြီးသည် ဓါးတိုက်ပွဲကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟုဆိုခြင်း

(ကော့ဆာမွန်တဂူမြို့ ဇူလိုင် ၂၁ ရက်နေ့ရွဲ ရိုက်တာကြေးနန်း)

ယနေ့ ကမ္ဘာလုံးဆိုင်ရာ စာရိတ္တပြုပြင်ရေးဆိုင်ရာ ညီလာ ခံ၌ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းအတွက် ဝမ်းနည်း အ ထိမ်းအမှတ်ဖြင့် ဘုရားအာရုံပြု အစည်းအဝေးကို ကျင်းပရာ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် စာရိတ္တပြုပြင်ရေး လုပ်ငန်းကြီး ရင်းနှီးစွာ ဆက်သွယ်နေပုံကို ဖော်ထုတ်ပြောဆိုလေသည်။

လန်ဒန်မြို့တွင် ဗမာပြည်အုပ်ချုပ်ရေးအတွက် ဆွေးနွေး ရန် ဗမာကိုယ်စားလှယ်အဖွဲ့ကို ဦးစီး၍လာစဉ်က ဗိုလ်ချုပ် အောင်ဆန်းသည် စာရိတ္တပြုပြင်ရေးလုပ်ငန်းကို စတင်တည် ထောင်ခဲ့သူ ဒေါက်တာဘတ်(က်)မန်း၏ နေအိမ်သို့ သွားရောက် လည်ပတ်ခဲ့ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်ပြောခဲ့ပုံ

ဗွန်တင်ဒေး(လ်)ဘစ်(စ်)တိုးသည် ရန်ကုန်မြို့ ခရစ်ယာန်ဂိုဏ်းချုပ်ထံ လာရောက်လည်ပတ်စဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်မိတ်ဆွေ ဖြစ်ခဲ့သည်။ စာရိတ္တပြုပြင်ရေးအားဖြင့် လက်နက်စွဲကိုင်၊ လုယက်မှုများ၊ လူမျိုးရေးအဓိကရုဏ်းများနှင့် ငွေစက္ကူတန်ဖိုး ယုတ်လျော့ခြင်းများ၊ ပပျောက်နိုင်ကြောင်းကို သိရှိရသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ၎င်းသည် မြန်မာနိုင်ငံအတွက် ဤအဖြေကိုအလိုရှိသည်ဟု ပြောဆိုခဲ့ကြောင်း။

## စစ်သူရဲကောင်း

မြန်မာနိုင်ငံတွင်(၁၄)နံပါတ်နှင့်အတူ တိုက်ခိုက်ခဲ့သောကာနယ်ဒေးဗစ်ဝပ်ဆင်က ဗိုလ်ချုပ်အောင်ဆန်းသည် စစ်သူရဲကောင်း တစ်ဦးဖြစ်၍ မိတ်ဆွေတစ်ဦးလည်းဖြစ်သည်ဟု ပြောကြားသေးသည်။

## တံစိုးပေး၍မရ

ရန်ကုန်မြို့၌ ဖြစ်ပွားသော လုပ်ကြံမှုမှာ ယခုကမ္ဘာနှင့်အဝန်း ဖြစ်ပွားနေသော စစ်ပွဲကြီး၏ တစ်စိတ်တစ်ဒေသ ဖြစ်လေသည်။ ယမန်နေ့က မြန်မာနိုင်ငံတွင် ထူးချွန်သောနိုင်ငံရေးခေါင်းဆောင် အများအပြားကို သုတ်သင်လိုက်ကြပြီဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းတို့၏ အဓိက ဂုဏ်အင်္ဂါမှာ တိုင်းပြည်အတွက် စိတ်အားထက်သန်ခြင်းနှင့် တံစိုးလက်ဆောင်ပေး၍ မရနိုင်ခြင်းပင်ဖြစ်ကြောင်းကို ပြောဆိုလိုက်ကြောင်း။





## ဂျင်းနားက လူသတ်ဝါဒ ရှုတ်ချ

### မြန်မာ့ခေါင်းဆောင်များလုပ်ကြံခံရ၍ ဝမ်းနည်းပက်လက်ဖြစ်ရသည်ဆိုခြင်း

(နယူးဒေလီမြို့ ဇူလိုင် ၂၀ ရက်နေ့စွဲ-ရိုက်တာကြေးနန်း)

ပါကစ္စတန်-ဒိုမီနီယံနိုင်ငံ၏ ဘုရင်ခံချုပ်ဟောင်း မိုဟာမက်အလီဂျင်းနားက နယူးဒေလီမြို့၌ မနေ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် မြန်မာခေါင်းဆောင်ကြီးများ အသတ်ခံရကြောင်း ကြားရသောကြောင့် မိမိများစွာ အံ့ဩ၍ဝမ်းနည်းပက်လက် ဖြစ်ရသည်ဟု မြန်မာနိုင်ငံသူ နိုင်ငံသားတို့အား ပြောကြားလိုက်ပါကြောင်း။

ဂျင်းနားက နိုင်ငံရေး ရာဇဝတ်မှုကျူးလွန်ရေးဝါဒကို မည်သူမျှထောက်ခံအားပေးလိမ့်မည် မဟုတ်ကြောင်း၊ တိုင်းပြည်အတွက် ကြီးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားသော လူမျိုးတစ်မျိုးအဖို့ မည်သည့်အရာမဆိုရရှိအောင် စွမ်းဆောင်နိုင်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ဂျင်းနားက မြန်မာနိုင်ငံသူ နိုင်ငံသားတို့အား အေးချမ်းစွာ နေထိုင်ကြရန် မေတ္တာရပ်ခံပြီးနောက် ဤကမ္ဘာမြေပေါ်တွင် လူထု၏စိတ်ဓာတ်ကို မည်သည့်တန်ခိုးအာဏာကမျှ တော်လှန်နိုင်မည် မဟုတ်ဟု ဆက်လက်၍ ပြောကြားလိုက်လေသည်။

## နေရှူး၏ သဝဏ်လွှာ

နယူးဒေလီမြို့ အိန္ဒိယကြားဖြတ်အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဏ္ဍစ်ဇနေရူးထံမှ ဇူလိုင်လ ၂၀ ရက်နေ့က ဆေးပို့လိုက်သော ကြေးနန်းစာတွင် . . .

မနေ့ကဖြစ်ပေါ်သည့် စိတ်မကြည်စရာ အဖြစ်အပျက်ကို ကျွန်ုပ်နှင့်တကွ ကျွန်ုပ်အစိုးရကပင် များစွာဝမ်းနည်းကြကြောင်း၊ သင်၏ အစိုးရနှင့် မြန်မာပြည်သူ ပြည်သားများအား အိန္ဒိယအစိုးရကိုယ်စား ကျွန်ုပ်ကပြောကြားလိုက်ရပါသည်။

သင်တို့၏ မြန်မာ့ရာဇဝင်တွင် အရေးကြီးဆုံးသော ယခုလို အခိုက်အတန့်တွင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် ပညာရှိခေါင်းဆောင်ကြီး ဦးအောင်ဆန်းနှင့်တကွ အခြားခေါင်းဆောင်ကြီးများ အသတ်ခံရခြင်းကို ကျွန်ုပ်များစွာဝမ်းနည်းပက်လက် ဖြစ်ပါသည်။ အားလုံးသော အခက်အခဲများကို သတ္တိရှိရှိရင်ဆိုင်မည်ဆိုသော သင်တို့၏ အဓိဋ္ဌာန်ကို ကျွန်ုပ်တို့ လက်ခံ၍ အရေးတကယ်ရှိက အစွမ်းကုန် ဝမ်းမြောက်စွာဖြင့် အကူအညီပေးမည် ဖြစ်ပါကြောင်း။

★

ဖိုးရာဇာစာအုပ်



## မြန်မာပြည်ဘုရင်ခံကအသံလွှင့်၍ ဝမ်းနည်းစကားပြောကြားခြင်း၊ သူရဲဘော နည်းသူတို့၏ အပြုအမူဖြစ် ဝန်ကြီးများဆုံးရှုံးရသည့်အတွက် ဝမ်းနည်းခြင်း

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ ည ၇ နာရီ ၁၅ မိနစ်အချိန်တွင် မြန်မာနိုင်ငံတော် အသံလွှင့်ဌာနမှ မြန်မာနိုင်ငံတော်ဘုရင်ခံကြီးက အောက်ပါအတိုင်း အသံလွှင့်ကြောင်း။

## ဝမ်းနည်းစွာဖြင့် ပြောရတော့မည်

ဇူလိုင်လ ၁၉ ရက်နေ့ နံနက်က အမှုဆောင်ကောင်စီအဖွဲ့ဝင်ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ဝန်ကြီးများ သေကြောင်းကြံ၊ လုပ်ကြံသည့်အကြောင်းကို မြန်မာပြည်သူပြည်သားတို့အားအထူးဝမ်းနည်းစွာဖြင့် ပြောကြားရပါကြောင်း။

နံနက် ၁၀ နာရီခွဲသာသာလောက်တွင် စက်သေနတ်များကိုင်ဆောင်သူတို့သည် အစည်းအဝေးခန်းထဲသို့ ဝင်ရောက်လာ၍ အတွင်းရှိလူများကို ပစ်ခတ်ကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့်တကွ ဝန်ကြီးသခင်မြ၊ ဝန်ကြီး မန်းဘခိုင်၊ ဝန်ကြီး ဦးဘချို၊ ဝန်ကြီး အပ္ပဒူရာဇတ်နှင့် ဝန်ကြီး ဦးဘဝင်း၊ အတွင်းဝန်ဦးအုန်းမောင်နှင့် သက်တော်စောင့် ရဲဘော်မောင်ထွေးတို့ သေဆုံးကြကြောင်း။

မိုင်းပွန်စော်ဘွားကြီးမှာလည်း ဒဏ်ရာရရှိကြောင်း၊ ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ထပ်မံသေဆုံးသွားကြောင်း

ဖိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com

## သူရဲဘောနည်းသော အပြုအမူ

ဤကဲ့သို့ သူရဲဘောနည်းသူတို့၏ အပြုအမူကြောင့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့်တကွ နိုင်ငံအတွက် မရှိလျှင် မပြီးသလောက် အရေးကြီးသော ဝန်ကြီးများ ဆုံးရှုံးသည့်အတွက် ကျွန်ုပ်ကမျှားစွာပင် ဝမ်းနည်းကြောင်း၊ မြန်မာနိုင်ငံသူနိုင်ငံသားတို့သည် ငြိမ်သက်တည်ငြိမ်စွာနေကြ လျက် ကွယ်လွန်သူ ခေါင်းဆောင်ကြီး သတ်မှတ်ပေးသွားသည့် ဉာဏ်အမြော်အမြင်ပြည့်စုံသော လွတ်လပ်ရေး လမ်းစဉ်အတိုင်း ဆက်လက် ဆောင်ရွက်သွားကြရန် ကျွန်ုပ်က နှိုးဆော်လိုက်ပါကြောင်း။

ဝန်ကြီး ဦးအောင်ဇံဝေနှင့် ပျော်ဘွယ်ဦးမြ၊ ဦးဘဂျမ်းတို့မှာ ထိုအစည်းအဝေး တက်ရောက်ကြသော်လည်း ကံကောင်းထောက်မသဖြင့် ဒဏ်ရာအကြီးအကျယ်မရဘဲ လွတ်မြောက်သွားကြကြောင်း ဖော်ပြထားလေသည်။

★





## အထူးရာဇဝတ်မှုကြီးများကို စစ်ကြောစီရင်နိုင်ရန် အစိုးရကထုတ်ပြန်လိုက်ပြီ

အထူးခုံရုံးတော်ကို တရားသူကြီးသုံးဦး ခန့်ထားဖွဲ့စည်းမည်။ ခုံတရားသူကြီး သုံးဦးအနက် ဥက္ကဋ္ဌတရားသူကြီးမှာ ဟိုက်ကုတ်လွှတ်တော်ဝန်ကြီး တစ်ဦးဖြစ်ရမည်။

အထူးဖြစ်ပွားသော ရာဇဝတ်မှုကြီးများကို စစ်ကြောစီရင်ရန် အတွက် ခုံရုံးတော်ဖွဲ့စည်းရေး အက်ဥပဒေကို အစိုးရက ထုတ်ပြန်ကြေညာလိုက်သည်။

### အဆိုပါ ဥပဒေပုဒ်မ

ပုဒ်မ(၁)အရ ယခုထုတ်ပြန်သော ဥပဒေသည် ဘုရင်ခံမင်းကြီးက မဖျက်သိမ်းသေးသမျှ ကာလပတ်လုံး အတည်ဖြစ်နေရမည်။

ပုဒ်မ(၃)အရ ယခု ထုတ်ပြန်သည့် အက်ဥပဒေအရ ဘုရင်ခံမင်းကြီးက တရားသူကြီးသုံးဦး ခန့်ထားဖွဲ့စည်းလိမ့်မည်။ ခုံတရားသူကြီးသုံးဦးအနက် ဥက္ကဋ္ဌတရားသူကြီးမှာ ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးဖြစ်လိမ့်မည်။ ကျန်နှစ်ဦးကို စက်ရှင်တရားသူကြီး နှစ်နှစ်ထက်မနည်းဆောင်ရွက်ခဲ့ဖူးသော တရားသူကြီးများသော်လည်းကောင်း၊ သို့မဟုတ် ဟိုက်ကုတ်လွှတ်တော်တွင် ၁၀ နှစ်ကျော် အမှုလိုက်ဖူးသော လွှတ်တော်ရှေ့နေကြီးများမှသော်လည်းကောင်း၊ ရွေးချယ်ခန့်ထားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ပုဒ်မ(၄)အရ အဆိုပါခုံတရားရုံးတော်က ဘုရင်ခံမင်းကြီး
ညွှန်ကြားသည့် ရာဇဝတ်မှုများကို စစ်ကြောစီရင်လိမ့်မည်။ အမှု
ဖြစ်ခဲ့သည့် ဘုရင်ခံမင်းကြီး၏ ယေဘုယျအမိန့်နှင့် သက်ဆိုင်
သည်။ အထူးအမိန့်နှင့် ဆိုင်သည်ဆိုသော အချက်ကို အထူး
ခုံရုံးတော်ကဆုံးဖြတ်ရမည်။ အထူးခုံရုံးတော်က ဆုံးဖြတ်ချက်
ကိုမည်သည့် ခုံရုံးတော်ကမှ စောဒကမဝင်ရ။

ပုဒ်မ(၅)အရ တရားခံကို ရုံးတော်သို့ စစ်ကြောစီရင်ရန်
တင်သွင်းခြင်းမရှိသော်လည်း အထူးခုံရုံးတော်က ပြစ်မှုများကို
အရေးယူနိုင်သည်။ တရားခံကို စစ်ကြောရာ၌ ရာဇဝတ်ကျင့်ထုံး
ကိုဥပဒေအရ ရာဇဝတ်တရားသူကြီးများ စီရင်သည့် ထုံးနည်း
ကို လိုက်နာစီရင်ရလိမ့်မည်။

သို့သော် . . .

၁။ စစ်ကြောစီရင်မှုများကို မည်သည့်အကြောင်းမျိုးနှင့်မှ
အထူးခုံရုံးတော်က ရွှေ့ဆိုင်းပေးရန်တာဝန်မရှိ၊ သို့သော်လည်း
တရားမှန်ကန်ရေးအတွက် ရွှေ့ဆိုင်းမှုရန်သင့်သည်ဟု
ရုံးတော်က ထင်မြင်သဘောအရလျှင် ရွှေ့ဆိုင်းပေးနိုင်သည်။

၂။ အထူးခုံရုံးတော်က သက်သေတစ်စုံတစ်ယောက်၏
ထွက်ချက်သည် အရာရောက်လိမ့်မည်ဟု ထင်မြင်လျှင် အဆိုပါ
သက်သေမျိုးကို သမ္မန်စာမချမခေါ်ဘဲ နေနိုင်သည်။

ညွှန်ကြားသည့် အချိန်တွင် . . .

အထူးခုံရုံးတော်က တရားသူကြီးသဘောကွဲလွဲချက်
ရှိလျှင် များရာဘက်က အတည်ဖြစ်စေရမည်။ တရားဥပဒေခွင့်





ပြုသော မည်သည့် ပြစ်ဒဏ်မျိုးကိုမဆို အထူးခုံရုံးတော်က အမိန့်
ချမှတ်စီရင်နိုင်သည်။ အထူးခုံရုံးတော်သည် ဥက္ကဋ္ဌတရားသူကြီး
က ညွှန်ကြားသည့်အချိန်၌ ရုံးထိုင်ရလိမ့်မည်။ အကယ်၍တရား
သူကြီးတစ်ဦးဦးသည် ဆက်လက်ရုံးထိုင်ခြင်း မပြုနိုင်လျှင် ဘုရင်
ခံမင်းကြီးက ၎င်းအစား အခြားတရားသူကြီးတစ်ဦးဦးကို ခန့်
ထားနိုင်သည်။ ထိုသို့ ခန့်ထားသည့် တရားသူကြီးက မူလခန့်
ထားရင်း တရားသူကြီးကဲ့သို့ပင် ဆက်လက်စစ်ကြောသွားရမည်။

ပုဒ်မ(၇)အရ ခုံရုံးတော်က စစ်ဆေးသောအမှုတွင် တရား
ခံတစ်ဦးထက် ပို၍ပါရှိလျှင် မမာမကျန်းဖြစ်၍သော်လည်း
ကောင်း၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်း
ကောင်း၊ ရုံးတော်သို့မလာရောက်နိုင်သော် တရားခံကို ခွင့်လွှတ်
နိုင်သည်။

## ချမှတ်သောပြစ်ဒဏ်များ

ပုဒ်မ(၈)အရ ယခုအက်ဥပဒေတွင်ပါရှိသည့် စည်းကမ်း
ချက်များမှ တစ်ပါး ခုံရုံးတော်က စစ်ဆေးစီရင်သည့်အမှုများ၊
ရုံးတော်က ချမှတ်သည့် ပြစ်ဒဏ်များနှင့်ပတ်သက်သော အယူ
ခံမှုများ၊ အတည်ပြုလုပ်မှုများ၊ စစ်ကြောစီရင်ရေးနှင့်ပတ်သက်
၍ အခြားပေါ်ပေါက်သည့် ကိစ္စများကို စက်ရှင်ရုံးတော်ကဲ့သို့
ပင် ရာဇဝတ်ကျင့်ထုံးကိုဥပဒေနှင့် အခြားဥပဒေများနှင့် သက်
ဆိုင်မှုရှိသလောက် သက်ဆိုင်စေရမည်။ သို့သော်လည်း အထူး
ခုံရုံးတော်က ဆောင်ရွက်မှုများကို ရာဇဝတ်ကျင့်ထုံး ကိုဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ ၅၂၆ နှင့်မသက်ဆိုင်စေရ၊ ထို့ပြင် အထူးခုံရုံးတော်က ချမှတ်သည့် ပြစ်ဒဏ်များနှင့် ပတ်သက်၍ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်နှင့် ငါးနှစ်ကျော်သည့် ထောင်ဒဏ်မှတစ်ပါး အယူခံခွင့် မရှိစေရဟု ပါရှိလေသည်။

## ခုံသမာဓိအဖွဲ့ဥက္ကဋ္ဌနှင့်ခုံအဖွဲ့ဝင်တရားသူကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဦးကျော်မြင့်

### အထူးခုံရုံးအဖွဲ့၏ ဥက္ကဋ္ဌ (လွှတ်တော်တရားဝန်ကြီး)

နိုင်ငံတော်လုပ်ကြံမှုကြီးကို စစ်ဆေးရန်အတွက် ရွေးချယ်ခန့်ထားခြင်းခံရသော ခုံသမာဓိအဖွဲ့ တရားသူကြီးများ၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည့် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီး ဦးကျော်မြင့်မှာ အရွယ်အားဖြင့် အသက် ၅၀ နှစ်ရှိပြီး ၁၉၂၃ ခုနှစ်မှစ၍ လွှတ်တော်ရှေ့နေကြီးအဖြစ် အမှုများလိုက်ပါခဲ့ပြီးနောက် ၁၉၂၅ ခုနှစ်တွင် ဒုတိယ စမော်ကာ တရားသူကြီးအဖြစ် လေးလခွဲမျှ ခေတ္တဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၂၉ ခုနှစ်တွင် ဒုတိယစမော်ကော် ( Small Cause ) တရားသူကြီးအဖြစ် တစ်နှစ်လေးလတိုင်တိုင် ဆောင်ရွက်ခဲ့ပြန်သည်။ ထို့နောက် ၁၉၃၁ခုနှစ်မှစ၍ ၁၉၄၅ ခုနှစ်တိုင်အောင် ၁၅ နှစ်အတွင်း လွှတ်တော်ရှေ့နေအဖြစ်နှင့် ဆောင်ရွက်လုပ်ကိုင်ခဲ့နေစဉ် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဟိုက်ကုတ်လွှတ်တော်တွင် အပိုတရားဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရလေသည်။





### ဦးအောင်သာကျော်

### ( ခုံရုံးတရားသူကြီးအဖွဲ့ဝင်၊ စက်ရှင်တရားသူကြီး )

ခုံသမာဓိအဖွဲ့ဝင် တရားသူကြီးတစ်ဦးဖြစ်သည့် ပုသိမ်စက်ရှင်တရားသူကြီး ဦးအောင်သာကျော် (ဘီ၊ အေ၊ ဘီအယ်) မှာ အသက် ၄၉ နှစ်ရှိလျက် ၁၉၂၂ ခုနှစ်က ဘီလပ်မှ စာမေးပွဲအောင်မြင်ခဲ့ပြီးနောက် ၁၉၂၃ ခုနှစ်တွင် ဟိုက်ကုတ်လွှတ်တော်ရုံးဝန်ထောက်အဖြစ် တစ်နှစ်ခန့် ဆောင်ရွက်ခဲ့၏။ ၁၉၂၄ ခုနှစ်မှစ၍ ၁၉၂၉ ခုနှစ်အထိ နယ်များတွင် တရားသူကြီးအဖြစ်ခန့်အပ်ဆောင်ရွက်ခဲ့ပြီး ၁၉၂၉ ခုနှစ်တွင် တစ်ဖန် ရန်ကုန်မြို့သို့ပြောင်းရွှေ့၍ တတိယစမော်ကာ ( Small Cause ) တရားသူကြီးအဖြစ်ဖြင့် စစ်ကြီးဖြစ်ပွားသည့် အချိန်တိုင်အောင် ဆောင်ရွက်ခဲ့သည်။ စစ်အတွင်းက ဗြိတိသျှစစ်တပ်များ ပြန်လည်ဝင်ရောက်လာသည့်အခါတွင် စစ်ဘက်ဌာနရှိ လက်ဖတင်နှင့် ကာနယ်အဖြစ်ဖြင့် အမှုထမ်းလိုက်ပါခဲ့၏။ မြန်မာပြည်စစ်ဥပဒေရုပ်သိမ်းခဲ့ပြီးနောက် စက်ရှင်နှင့် တရားသူကြီးအဖြစ်ဖြင့် ပုသိမ်သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးစိဘူး

### ( ခုံရုံးတရားသူကြီးအဖွဲ့ဝင်၊ စက်ရှင်တရားသူကြီး )

ခုံတရားသူကြီးအဖြစ် ဆောင်ရွက်မည့် ဦးစိဘူးမှာ စစ်တွေဇာတိဖြစ်၍ ဘီအေ-ဘီအယ်လ် အောင်မြင်ပြီးနောက် ဝန်ထောက်ဘဝမှ စ၍ ၂၃ နှစ်တိုင်တိုင် တရားသူကြီးအဖြစ်ဖြင့် ဆောင်ရွက်ခဲ့၏။ ထိုသို့ တရားသူကြီးအဖြစ်ဖြင့် ခန့်အပ်ဆောင်ရွက်နေစဉ် လုပ်သက်နှစ်နှစ်ခန့် ကြာသောအခါ သထုံမြို့၌ ခန့်အပ်ဆောင်ရွက်နေစဉ် လုပ်သက် နှစ်နှစ်ခန့် ကြာသောအခါ သထုံမြို့၌ စက်ရှင်တရားသူကြီးအဖြစ်ဖြင့် နှစ်လ ခေတ္တခန့်ခဲ့ပြီး တစ်ဖန်ဆရာစံ သူပုန်ထစဉ်က ၎င်းသူပုန်မှုကြီးအတွက် အထူးတရားသူကြီးအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သေးသည်။ ထို့နောက် ဦးစိဘူးသည် တွဲဖက်တရားသူကြီးအဖြစ်နှင့် ၁၉၃၁ ခုနှစ်ဇွန်လ ၁ ရက်နေ့မှစ၍ ပထမစက်ရှင်တရားသူကြီးအဖြစ်နှင့် ဆောင်ရွက်ခဲ့သည်။

ဂျပန်အစိုးရလက်ထက်တွင် လွှတ်တော်ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်ပြန်ဝင်လာသည့်အချိန်မှစ၍ ယခု ၁၉၄၇ ခုနှစ်အထိ ပထမစက်ရှင် တရားသူကြီးအဖြစ်နှင့် ဆောင်ရွက်ခဲ့သည်။

☸





## နိုင်ငံတော် လုပ်ကြံမှုမှ နောက်ဆက်တွဲ ဖြစ်ရပ်များ

### ဦးစောက စ၍ပစ်ခြင်း

သတင်းအရ ဇူလိုင် ၁၉ ရက်နေ့ညနေပိုင်းက ဦးဘမောင်နှင့် လက်နက်ကိုင်အဖွဲ့သားများသည် ၇ မိုင်ရှိဦးစောအိမ်သို့ ဦးစောကိုဖမ်းဆီးရန်သွားကြရာ ဦးစော၏ နေအိမ်အနီးချဉ်းကပ်မိကြသောအခါ ခြံအတွင်းမှ ဦးစောနှင့်တကွ တပည့်လက်သားများက စတင်၍ တရစပ်ပစ်ခတ်တော့သည်။

### ပုလိပ်များ အကာအကွယ်ယူရ

ယခုအခါ ပုလိပ်အဖွဲ့သည် အကာအကွယ်များကိုယ်စီကိုယ်ငှယူလိုက်ကြပြီးနောက် ဦးစောတို့အိမ်ဘက်သို့ပင် ပြန်လည်ပစ်ခတ်ကြရာ ဦးစောတို့ကလည်း ပစ်မြဲပင်ပစ်ခတ်ကြသည်။

### အင်းလျားအတွင်း ဆင်းပြေးရန် ဦးစောကြံ

ထိုသို့ ပုလိပ်တို့က ပစ်ခတ်ကြသောအခါ ဦးစောသည် အနီးရှိ အင်းလျားကန်ကြီးအတွင်းသို့ ဆင်းပြေးကြရန် ကြံရွယ်သည်ဆို၏။ သို့သော် ပုလိပ်အဖွဲ့တို့က ဦးစောအိမ်ကို အဖက်ဖက်မှ ဝိုင်းရံထားပြီးဖြစ်ရာ ဦးစောကို တပည့် ၂၀ နှင့်အတူ လက်ရဖမ်းဆီးမိလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



## လက်နက်များတွေ့ခြင်း

ဦးစောတို့အား ဖမ်းဆီးမိသောအခါ လက်နက်ကိုင် ပုလိပ်များသည် ဦးစော၏ နေအိမ်နှင့်တကွ အစေခံတန်းလျားများကို တက်ရောက်ရှာဖွေကြရာ သို၀ှက်ထားသော ခေတ်မီလက်နက်၊ စက်သေနတ်အများအပြားကို တွေ့ရှိရသဖြင့် ဦးဘမောင်က သိမ်းဆည်းလိုက်သည်။

## အင်းစိန်ထောင်သို့ပို့လိုက်ပြီ

ထို့နောက် ဦးစောနှင့်တကွ တပည့်လက်သား ၂၀ ကိုပါ ထိုနေ့ညတွင်းချင်းပင် အင်းစိန်အချုပ်ထောင်ကြီးအတွင်းသို့ ပုလိပ်များခြံရံ၍ ပို့ဆောင်လိုက်တော့သည်။

## ဂျစ်ကားစိမ်းနှင့် လက်နက်များ

ဦးစောအိမ်ဝင်းအတွင်း ပုလိပ်များရှာဖွေစဉ်က အစိမ်းရောင်ဂျစ်ကားတစ်စီးကိုလည်းတွေ့ရပြီး ကားပေါ်တွင် စတင်းဂန်း၊ ဘရင်းဂန်းနှင့် လက်ပစ်ဗုံး အများအပြားကိုပါ ဖမ်းဆီးရမိသည်ဆို၏။

## မပူပါနဲ့ မိန်းမရယ်

ဦးစောက ၎င်းအားဖမ်းဆီးသောအခါ ၎င်း၏ဇနီးသည်အား နိုင်ငံရေးလုပ်ကြံမှုပေါ်ပေါက်လာတိုင်း မသင်္ကာတဲ့လူတွေကိုဖမ်းတာပါပဲ။ မပူပါနဲ့ဟု မှာကြားသွားသည်ဆို၏။





## ဦးစော၏ တပည့်များ

ဖမ်းဆီးရမိသည့် ဦးစော၏ တပည့်များအနက် ရန်ကြီးအောင်၊ ရန်ကြီးနောင်၊ လှတင်နှင့် ကြို့ပင်ကောက် ဦးမောင်ကြီး၏သား သိန်းမောင်တို့လည်း ပါဝင်ကြ၏။

## အခြားနိုင်ငံရေးသမားများကိုပါ ဖမ်းဆီးခြင်း

ဇူလိုင် ၂၀ ရက်နေ့က နောက်ထပ်ဒေါက်တာဗမော်၏ သမက်ဗိုလ်ရန်နိုင်နှင့်တကွ တပည့်ကျော်လွှန်းပြေကို ဆိုင်ရာတို့က ဖမ်းဆီးလိုက်ပြီဖြစ်၏။

ထို့ပြင် မဟာဗမာပါတီမှ ပါတီဝင် ၁၁ ဦး၊ သခင်ဂိုဏ်းမှ ၁၁ ဦးတို့ကိုလည်း ဖမ်းဆီးလိုက်ပြီဖြစ်ရာ ၎င်းတို့မှာ ဦးသာဂဒိုး၊ ဦးသာဆိုင်၊ ဦးဘုံစွမ်း၊ ဦးသန့်ဇင်၊ သခင်ဗစိန်၊ သခင်ချစ်၊ သခင်ကျော်စိန်၊ သခင်ခင်မောင်၊ သခင်ခ၊ သခင်အေး၊ သခင်ညို၊ ဦးမြ (စမ်းချောင်း)၊ ဦးစိန်(စည်ပင်သာယာရေးရုံး)တို့ဖြစ်သည်။ (ဒေါက်တာဗမော်အား ဖမ်းဆီးလိုက်ပြီဆိုသော သတင်းမှာ မဟုတ်မှန်ဟုဆို၏။ )

(နောက်ပိုင်း အဖမ်းခံရသည်၊ နောက်ပြန်လွှတ်လာသည်။)

## လူတစ်ယောက် မ, မနိုင်သော ယမ်းတောင့်သေတ္တာ

ပုလိပ်အဖွဲ့သားအား ဦးစောတို့က ဆီးကြိုပစ်ခတ်၍ ပုလိပ် အဖွဲ့မှ နေရာယူပြီး တရစပ်ပြန်လည် ပစ်ခတ်လိုက်ရာ ဦးစောတပည့်သုံးယောက် ကျဆုံးသည်ဟုသတင်းရရှိသည်။ ၎င်းပြင်ဝင်းအတွင်း ရှာဖွေရာတွင် တစ်နေရာ၌ စက်သေနတ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် လူတစ်ယောက် မ, မနိုင်သော ယမ်းတောင့် သေတ္တာကြီးတစ်လုံးကို တွေ့ရှိရ၍ ပုလိပ်များက သိမ်းဆည်းသွား၏။

## တောကြောင်များ

၁၉-၇-၄၇ နေ့နံနက် ၁၀ နာရီခွဲအချိန်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ မသမာလူသတ်သမားများက ပစ်ခတ်သတ်ဖြတ်သွားသဖြင့် ရန်ကုန်တစ်မြို့လုံး ချောက်ချားနေစဉ် ၎င်းနေ့လယ် ၂ နာရီလောက်တွင် တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့်ပမာ မသမာသူ အချို့က ပုဇွန်တောင်ဈေးကို ဝင်ရောက်လုကြသဖြင့် အတော်ကလေး ဆူပူသွားကာလှုပ်လှုပ်ရွရွ ဖြစ်သွားပြီး ချက်ချင်းဆိုသလို လက်နက်ကိုင် ပုလိပ်များချထားလိုက်မှ ငြိမ်သက်သွားတော့သည်ဆို၏။

## ဦးစောအမှုကို မကြာမီ စစ်မည်

### တစ်နှစ်ခန့် စစ်ဆေးရမည်ဟု ယူဆနေကြ

လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ခုံအဖွဲ့ဝင်များဖြစ်သော စက်ရှင်တရားသူကြီးဦးစိဘူး၊ ဦးအောင်သာကျော်တို့ထံသို့ စက်တင်ဘာလ ၁၀ ရက်နေ့က သံကြိုးရိုက်အကြောင်းကြားခဲ့ရာ စက်ရှင်တရားသူကြီးများမှာ ရန်ကုန်သို့ ၅ ရက်အတွင်း ရောက်ရှိလိမ့်မည်ဖြစ်၏။ စက်ရှင်တရားသူကြီးများရောက်ရှိလာပြီးမှ စစ်ဆေးရန် နေရာကို ခုံသဘာပတိဖြစ်သူ ဟိုက်ကုတ်လွှတ်တော်တရားဝန်ကြီး ဦးကျော်မြင့်နှင့် ဆွေးနွေးပြီး ရွေးချယ်ကြမည်ဆို၏။





## နေရာစီစဉ်ပြီးပြီ

သို့သော် အင်းစိန်ထောင်တွင်း၌ အမှုကြီးကိုစစ်ဆေးရန်နေရာထိုင်ခင်းများ စီစဉ်ထားပြီးပြီဟူသော သတင်းမှာ ခိုင်လုံသော ဌာနက ကြားသိရလေသည်။ ထို့ပြင် တရားလိုဘက်မှ သက်သေပေါင်း ၁၂၀ ခန့် ပါဝင်ပြီးဆိုကြောင်း၊ ထို ၁၂၀ ထဲတွင် သက်သေ ၆၀ မှာ အရေးပါအရာရောက်သော သက်သေများဖြစ်သည်ဆို၏။

## တစ်နှစ်ခန့်ကြာမည်

အမှုကြီးကို ယခုရက်အနည်းငယ်အတွင်း စတင်စစ်ဆေးတော့မည်ဆိုသော်လည်း အမှုကြီးပြီးပြတ်အောင် တစ်နှစ်ကျော်ခန့် စစ်ဆေးရလိမ့်မည်ဟု ခန့်မှန်းကြရသည်။ အမှုမှာ လူသတ်မှု၊ လက်နက်မှု၊ အစိုးရကို တော်လှန်ဖြုတ်ချမှု စသည်ဖြင့် အမှုစတင်လိမ့်မည်ဆိုကြောင်း။

## လုပ်ကြံမှု စစ်ဆေးမည်အစီအစဉ်

မြန်မာပြည်အမျိုးသားခေါင်းဆောင်ကြီးများအား လုပ်ကြံမှုကြီးကို စစ်ဆေးမည့် သမာဓိခုံအဖွဲ့ဝင် တရားသူကြီးများဖြစ်ကြသော ဦးကျော်မြင့်၊ ဦးစိဘူး၊ ဦးအောင်သာကျော်တို့သည် တရားဌာနအတွင်းဝန် မစ္စတာ မက္ကာနီးလ်၊ သတင်းစာဆက်ဆိုင်ရာ အရာရှိဦးကျော်စိုး၊ သတင်းထောက်များအသင်း ကိုယ်စားလှယ်ဦးအေးဖေတို့နှင့်အတူ ၃-၈-၄၇ နေ့ နံနက် ၁၀နာရီ

www.burmeseclassic.com

ကျော်ကျော်အချိန်တွင် လုပ်ကြံမှုကြီးကို စစ်ဆေးရန် ပြင်ဆင်ထားသည့်အင်းစိန်ထောင်ကြီး အတွင်းရှိသော ခုံသမာဓိရုံးတော် အဆောက်အအုံသို့ သွားရောက်ကြည့်ရှုကြ၏။

လာမည့် အောက်တိုဘာလ ၈ ရက်နေ့ နံနက် ၁၀ နာရီတွင် လုပ်ကြံမှုကြီးကို အင်းစိန်ထောင်ကြီးအတွင်း၌ ထားရှိသောခုံသမာဓိရုံးတော်တွင် စတင်စစ်ဆေးတော့မည်ဖြစ်ရာ ထိုစစ်ဆေးမည့်နေ့တွင် အင်းစိန်ထောင်ကြီး အပြင်ဘက် ပတ်ဝန်းကျင်တစ်ပိုက်တွင် လက်နက်ကိုင်အစောင့်တပ်သားများ ချထားစောင့်ကြပ်မည်ဖြစ်ကြောင်း။

အစောင့်ချထားမည့် နေရာအတွင်းသို့ အစိုးရထံမှ အသိအမှတ်ပြုသော လက်မှတ်မပါသူများအား ဝင်ရောက်ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း။

အမှုစစ်ဆေးမည့် ရုံးတော်သည် ယခင်ပဲခူးသူပုန်မှု စစ်ဆေးသည့် ရုံးတော်အဖြစ် အသုံးပြုခဲ့သော အဆောက်အအုံဖြစ်၍ အလျား ပေ ၃၀၀၊ အနံပေ ၆၀ ရှိကြောင်း၊ အဆောက်အအုံ၏ အောက်ထပ်တွင် တရားလို၏ရှေ့နေများ၊ တရားခံ၏ရှေ့နေများ၊ နားနေရန် အခန်းနှင့် အမှုလာရောက် နားထောင်သော ဧည့်သည်များ နားနေရာ အခန်းများကိုလည်း ထားရှိပေးထားမည်ဖြစ်ကြောင်း။

အမှုစစ်ဆေးမည့် ရုံးခန်းကိုမူ အဆိုပါအဆောက်အအုံ၏ အပေါ်ထပ်တွင် ပြင်ဆင်ထားကြောင်း၊ အမှုစစ်ဆေးမည့် ခုံသမာဓိ တရားသူကြီးသုံးဦးတို့၏ ထိုင်ခုံကြီးများရှေ့တွင် အစိုးရ





ရှေ့နေနှင့် တရားခံများ၏ရှေ့နေထိုင်ခုံများ ထားရှိမည်ဖြစ်၏။ ထိုရှေ့နေများ ထိုင်ခုံနောက်တွင် သတင်းထောက်များ ထိုင်ခုံရှိမည်ဖြစ်ပြီး ထိုနောက်မှ လုပ်ကြံမှုကြီး တရားခံများထိုင်ခုံ ထားရှိမည်။

တရားခံများကို ရှေ့ငါးယောက်တန်း၊ နောက်ငါးယောက်တန်းစသည်ဖြင့် နှစ်တန်းထားရှိ၍ တရားခံဦးစောကို ရှေ့တန်းလက်ယာဘက်တွင် ကုလားထိုင်တစ်ခုပေး၍ သီးခြားထိုင်စေမည်ဖြစ်၏။ ကျန်တရားခံများကို ခုံရှည်ဖြင့် ထိုင်စေမည်ဖြစ်၏။ ထိုတရားခံများနောက်မှ လက်နက်ကိုင် တပ်သားနှစ်ယောက် စောင့်ကြပ်မည်ဖြစ်၏။

ထို့နောက်မှ အမှုလာရောက်နားထောင်သော ဧည့်သည်များအတွက် နေရာထားရှိမည်။ တရားခံများနှင့် စကားပြောဆိုခြင်းကို မည်သူ့အားမျှ ခွင့်မပြုပေ။ ရုပ်ရှင်ရိုက်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းကိုလည်း ခွင့်မပြုပေ။ သက်ဆိုင်ရာ ပြည်သူ့ပြန်ကြားရေးဌာနမှ ရိုက်ယူ၍ ထုတ်ပေးမည်ဖြစ်၏။

ခုံသမာဓိရုံးတော် အဆောက်အအုံကို သံဆူးကြိုးခတ်ထားမည်ဖြစ်၍ အစောင့်တပ်သား ချထားမည်မဟုတ်ပေ။

## အမှုတွင် ဆောင်ရွက်ရသော ပုဂ္ဂိုလ်များ

| | | |
|---|---|---|
| ၁။ ဦးကျော်မြင့် | (ခုံအဖွဲ့ဥက္ကဋ္ဌ) | တရားဝန်ကြီး။ |
| ၂။ ဦးစံဘူး | (ခုံအဖွဲ့ဝင်) | တရားသူကြီး။ |
| ၃။ ဦးအောင်သာကျော် | (ခုံအဖွဲ့ဝင်) | တရားသူကြီး။ |



www.burmeseclassic.com

www.burmeseclassic.com



၄။ ဦးအောင်ချိန်(တရားလို) ရဲမင်းကြီး။
၅။ ဦးထွန်းဖြူ (အစိုးရရှေ့နေချုပ်ကြီး)
၆။ ဦးမြသိန်း (အကူအညီဝတ်လုံတော်ရကြီးများ)
၇။ ဦးချွန်ဖောင်း (အကူအညီဝတ်လုံတော်ရကြီးများ)

**တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော ဝတ်လုံများ**

၁။ မစ္စတာ ကားတစ်တင်နက် (ဘိလပ်မှတော်ဝင်ဝတ်လုံတော်ကြီး)
၂။ မစ္စတာ ဗာတားနစ် (ဘိလပ်ဝတ်လုံ)
၃။ ဦးစံဝင်း (သာယာဝတီ)
၄။ ဦးသိန်းကျော် (ကြို့ပင်ကောက်)

**ဖြတ်ထိုးမေးခွန်းမရှိလျှင်**

၁၆-၁၀-၄၇ နေ့က နိုင်ငံတော်လုပ်ကြံမှုကြီးတွင် အစိုးရရှေ့နေချုပ်ကြီးအဖြစ် လိုက်ပါဆောင်ရွက်ရသော ဦးထွန်းဖြူက အကယ်၍ လုပ်ကြံမှုတရားခံများ၏ ရှေ့နေများသည် တရားလိုပြသက်သေများကို မေးခွန်းမထုတ်လျှင် အမှုကြီးတစ်ခုလုံးသည် ရက်သတ္တသုံးပတ်အတွင်း ပြီးဆုံးသွားဖွယ်ရာ ရှိသည်ဆို၏။

**သက်သေ ၁၃၂ ယောက်စာ**

အစိုးရသက်သေအဖြစ် လူပေါင်း ၂၀၀ ကိုတင်ပြရန်ဖြစ်သော်လည်း ယခုမူ ၁၃၂ ယောက်ကိုသာ တင်ပြတော့ရန် ဆုံးဖြတ်ပြီးပြီ ဖြစ်သည်ဆို၏။





**ဦးစောပိုင်ပစ္စည်း ပေါင်ခွင့်ရောင်းခွင့်ပြုသည်။**
**ပေါင်စေ၊ ရောင်းစေ**

ဦးစောအား မိမိ၏ ကာကွယ်ရေး၊ စရိတ်စကများအတွက် သုံးစွဲရန် မိမိပိုင်ပစ္စည်းများကို ပေါင်နှံခြင်းသော်လည်းကောင်း ရောင်းချခြင်းသော်လည်းကောင်း ပြုလုပ်နိုင်သည်ဟု ဗမာအစိုးရက ခွင့်ပြုလိုက်ပြီဟုဆို၏။

**လုပ်ကြံမှုကြီး ခုံရုံးတင်ပြီ**

တရားခံများမှာ ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ၊ မှုန်ကြီး၊ ဘညွန့်တို့ဖြစ်ကြပါသည်။

**ဘုရင်ခံ၏ ခန့်အပ်လွှာ**

ရန်ကုန်မြို့ ဟိုက်ကုတ်လွှတ်တော်ရုံးကြီး၏ အခန်းအမှတ် (၇)၌ စက်တင်ဘာလ ၂၄ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် နိုင်ငံတော်လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ခုံသမာဓိရုံး၌ တရားစွဲဆိုမည်ဟူသော သတင်းအရ နာလိုကြားလိုသောရှေ့နေ၊ ဝတ်လုံများနှင့် ပရိသတ်များ လူးလာဖြတ်သန်းလျက် စောင့်ဆိုင်းကြည့်ရှုနေကြသည်ကို တွေ့ရ၏။

အမှတ်(၇)နိုင်ငံတော် ခုံသမာဓိရုံးခန်းတွင် အောဝမ်းရုပ်ရှင်ဓာတ်ပုံဆရာများ၊ ဆလိုက်မီးထိုးသူများ၊ ရန်ကုန်ကြေးနန်းသတင်း ကိုယ်စားလှယ်အသီးသီးတို့သည် သတ်မှတ်ထားသော တရားသူကြီးများ၊ လက်ယာဘက်ခုံဘေးရှိ စင်မြင့်၌ထိုင်လျက်

www.burmeseclassic.com



ရှိကြကြောင်း၊ အပြင်လူများသည် နားထောင်ရန် တရားသူကြီး၏ မျက်နှာစာ၊ တရားခံများ၏ ခုံနေရာအနောက် ခုံတန်းလျားများပေါ်တွင် ထိုင်လျက်ရှိကြ၏။ နေရာမဆံ့၍ အပြင်ဘက်စင်္ကြံမှာလည်း နားထောင်နေသည်ကို တွေ့ရ၏။ *

## လက်နက်ကိုင်များ စောင့်နေခြင်း

ခုံတရားသူကြီးသုံးဦး၏ အခန်းနှင့် ခုံသမာဓိရုံးခန်းပတ်ဝန်းကျင်တစ်ဝိုက်တွင် လက်နက်ကိုင်ပုလိပ်များ စောင့်စေလျက် ခုံသမာဓိရုံးခန်းသို့ တရားသူကြီးများသွားရန် လမ်းတစ်ခု သီးသန့်ထားရှိသည်။

## ရုံးထိုင်သော အချိန်

နံနက် ၁၁ နာရီတိတိအချိန်တွင် ခုံစာရေးကြီးက အော်ဒါဟု ကြွေးကြော်လိုက်သည်နှင့် တစ်ပြိုင်နက် အခန်းတွင်းရှိ လူများအားလုံးမတ်တတ်ရပ်လျက် ရှိနေကြစဉ် ရှေ့ဆုံးမှ တရားမင်းဖြစ်သော သက်သေခံအထိမ်းအမှတ် လှံတံကိုကိုင် လျက် ခုံသမာဓိအဖွဲ့ဥက္ကဋ္ဌ တရားဝန်ကြီး ဦးကျော်မြင့်၊ တွဲဖက်တရားသူကြီးများဖြစ်သော ဦးစိဘူး၊ ဦးအောင်သာကျော်တို့သည် တရားခုံသို့ ဝင်ရောက်လာလျက် ရောက်ရှိနေသောဝတ်လုံကြီး များ၏ အရိုအသေခံယူပြီးမှ ထိုင်ကြလေသည်။

## ရှေ့နေချုပ်ကြီးနှင့် ပုလိပ်မင်းကြီး

ခုံတရားကြီး၏ ရှေ့မှောက်မျက်နှာချင်းဆိုင်ခုံတွင် တရားဌာန အတွင်းဝန်နှင့် ထောင်မင်းကြီးဖြစ်သော မစ္စတာဂျေမက်





နေ(လ်)၊ ရန်ကုန်ပုလိပ်မင်းကြီး ဦးအောင်ချိန်၊ ရှေ့နေချုပ်ကြီး ဦးထွန်းမြ၊ ရှေ့နေချုပ်ကြီး မစ္စတာချွန်ဖောင်း၊ ဦးချန်ထွန်းအောင် လွှတ်တော်ရှေ့နေကြီးများနှင့်အတူ တရုတ်ပြည် သံအမတ် လောင်း ဦးမြင့်သိန်း၊ ဘားမားကွန်ဗင့်စစ်တပ်မှ လက်ဖတင်နင် ကာနယ်ဘောတို့ တက်ရောက်လျက်ရှိသည်ကို တွေ့ရ၏။

## ခန့်အပ်ကြောင်း ကြေညာထားခြင်း

နိုင်ငံတော်လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ စစ်ဆေးရန် အလို့ငှာ တရားသူကြီး ဦးကျော်မြင့်အား လုပ်ကြံမှုကြီး စစ်ဆေးရေးခုံသမာဓိအက်ဥပဒေပုဒ်မ ၄ အရ အထူးခုံတရားသူကြီးသုံးဦးအနက် ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကာမားဂေဇက်အပိုဒ် ၃၅၆၊ စာမျက်နှာ ၅၇၉ အရ အထူးခုံရုံးပုဒ်မ ၃ အရ တရားဝန်ကြီး ဦးကျော်မြင့်အား ခုံသမာဓိ နာယကကြီးအဖြစ်လည်းကောင်း၊ ဦးအောင်သာကျော်(ဒီစတြိတ် စက်ရှင် တရားသူကြီး)နှင့် ဦးစိဘူး (ဒီစတြိတ် စက်ရှင်တရားသူကြီး) တို့အား တွဲဖက်ခုံသမာဓိ တရားသူကြီးများဖြစ်ကြောင်း ကိုမြန်မာပြည်ဘုရင်ခံမင်းကြီးက ခန့်အပ်ကြောင်းအစိုးရရှေ့နေချုပ်ကြီးက ဖတ်ကြားအစီရင်ခံသည်။

## ဇူလိုင် ၁၉ ရက်နေ့

၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့ နံနက်အချိန်တွင် ရန်ကုန်မြို့၊ အတွင်းဝန်ရုံးကြီး၌ အောက်ဖော်ပြပါ တရားခံများ၏



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြံမှုကြောင့် (၁) ဝန်ကြီးဦးအောင်ဆန်း (၂) ဝန်ကြီးဦးဘချို (၃) ဝန်ကြီးသခင်မြ (၄) ဝန်ကြီး ဦးဘဝင်း (၅) ဝန်ကြီး မန်းဘခိုင် (၆) ဝန်ကြီး မစ္စတာရာဇတ်၊ (၇) မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း (၈) အတွင်းဝန်ကလေးဦးအုန်းမောင် (၉) အပါးတော်မြဲ မောင်ထွေး တို့အား သေနတ်နှင့် ပစ်သတ်လုပ်ကြံသည့်အတွက် ဤရုံးတော်၌ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၀၂-၃၄၊ ၃၀၂-၁၁၄၊ ၃၀၂-၁၀၊ ၃၀၂-၁၂၀ (ခ) အရ ရုံးတော်က အရေးယူစစ်ဆေးလိုပါကြောင်း လျှောက်ထားသည်။

## တရားခံ ၁၀ ဦး

တရားခံများမှာ (၁)ဦးစော (၂) မောင်စိုး၊ (၃) သက်နှင်း (၄) မောင်စိန် (၅) ရန်ကြီးအောင် (၆) သုခ (၇) ခင်မောင်ရင် (၈) မောင်နီ (၉) မှုန်ကြီး (၁၀) ဘညွန့် တို့ဖြစ်သည်။

## အရေးယူစစ်ဆေးရန်

ရှေ့နေချုပ်ကြီးက ဆက်လက်၍ ဖတ်ကြားလျှောက်ထားချက်၌ အထက်ပါ ညနေ ၃ နာရီအချိန်တွင် ရန်ကုန်မြို့ အေဒီလမ်း၊ အမှတ်- ၇ ဦးစောနေအိမ်၌ တရားခံများကို ပုလိပ်များနှင့် တက်ရောက်ဖမ်းဆီးရမိသည့်အတွက် ဖော်ပြပါပုဒ်မများအရ အရေးယူစစ်ဆေးရန် လျှောက်ထားကြောင်းဖြင့် အမှုတွဲကို တရားသူကြီးများအား တင်ပြလေသည်။





## ဝန်ကြီးများအား လုပ်ကြံသူလေးဦး

ဝန်ကြီးများ စည်းဝေးနေသည့်အချိန်တွင် ဖော်ပြပါတရားခံမောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်တို့သည် ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းပါ ကိုးဦးအားသေနတ်ဖြင့်ပစ်သတ်သည့်ပြင် ရန်ကြီးအောင်သည် မောင်ထွေးအား သေနတ်နှင့်အတွင်းဝန်ရုံးအပေါ်၌ ပစ်သတ်ခဲ့သူဖြစ်သည်ဟု လျှောက်ထား၏။

အဆိုပါ အမှုကြီးမှာ ဝရမ်းအမှုကြီးဖြစ်သည့်ပြင် တရားလိုသက်သေပေါင်း ၁၂၀ ခန့် တင်ပြစစ်ဆေးမည်။ တရားခံများကိုလုံခြုံသောနေရာတွင် စစ်ဆေးရန် လျှောက်ထားချက်အရ လုပ်ကြံမှုကြီးစစ်ဆေးရန် သမာဓိခုံရုံးကို အင်းစိန်ဗဟိုထောင်ကြီးအတွင်း၌ စစ်ဆေးရန် နာယက တရားသူကြီးက အမိန့်ချမှတ်လိုက်သည်။

## စစ်ဆေးမည့်နေ့နှင့် သက်သေစာရင်း

စက်တင်ဘာလ ၂၆ ရက်နေ့တွင် တရားလိုပြသက်သေ ၁၂၀တို့၏ အမည်စာရင်းကို တင်ပြရန်နှင့် အောက်တိုဘာ ၈ ရက်နေ့ နံနက် ၁၀ နာရီမှ နေ့လယ် ၁ နာရီ၊ ညနေ ၁ နာရီခွဲမှ ၃ နာရီခွဲအထိ ခုံတရားရုံးတော်တွင် စစ်ဆေးမည်ဟု အဆိုပါကန့်သတ်ဆုံးဖြတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## တရားခံရှေ့နေ

တရားခံများသည် ရှေ့နေများကို မငှားနိုင်ပါက အစိုးရ ရှေ့နေခေါ် ပေးရန်အတွက် လွှတ်တော်ရှေ့နေချုပ်ကြီးက တာဝန် ယူမည့်အပြင် အစိုးရရှေ့နေများမှ ပါဝင်ကူညီလိမ့်မည်ဖြစ်၏။

## ခုံသမာဓိအဖွဲ့ ဖွဲ့နိုင်သည်

တရားခံဦးစော၏ ရှေ့နေက မြန်မာပြည်ဘုရင်ခံသည် အထူးခုံသမာဓိအဖွဲ့ကို မဖွဲ့စည်းနိုင်။ ဖွဲ့စည်းရန်လည်း အာဏာ မရှိဟု ဆိုထား၏။ တရားဝန်ကြီးများ၏ အမြင်မှာ ဘုရင်ခံတွင် ခုံသမာဓိဖွဲ့စည်းရန် အာဏာရှိနေသည်ကို တွေ့ရ၏။ သို့ဖြစ်၍ အထူးခုံသမာဓိအဖွဲ့သည် တရားဝင်ခုံသမာဓိအဖွဲ့ ပင်ဖြစ်ပေ သည်။

တရားဝန်ကြီးများသည် တရားခံတစ်ဦးစီ တစ်ဦးစီ ဝေဖန် ချက်ပေးသွားပြီး ဦးစော အလှည့်သို့ ရောက်သောအခါ ဦးစော အပေါ်တွင် စိစစ်ကြည့်လိုက်သည့်အခါ လုပ်ကြံမှုကြီးတွင် ကြံစည် သူ ဦးစော၊ စေခိုင်းသူ ဦးစောဖြစ်နေသည်ကို တွေ့ရပေသည်။

ဖော်ကောင်ဘညွန့်နှင့် မောင်နီတို့၏ ဖြောင့်ချက်များသည် သုခ၊ ခင်မောင်ရင်၊ မောင်စိန်၊ ရန်ကြီးအောင်တို့၏ ထွက်ချက် များနှင့် တိုက်ဆိုင်နေသည်ကို တွေ့ရပေသည်။

ဦးစောအပေါ်တွင် အရေးကြီးသော အချက်များကို တွေ့ နေရ၏။





## အချက်(၁၃)ချက်

၁။ လုပ်ကြံမှုတွင် ပါဝင်သော တရားခံများသည် ဦးစော နှင့်ပင်အတူနေထိုင်လျက်ရှိကြသည်။

၂။ တရားခံ မောင်စိုး၊ စိန်ကြီးနှင့် သက်နှင်း တို့သည် ဦးစော၏နောက်လိုက်များအနက် အရေးပါအရာရောက်သော သူများဖြစ်ကြသည်။

၃။ ဇူလိုင် ၁၉ ရက်နေ့က လုပ်ကြံမှုတွင် အသုံးပြုသော ဂျစ်ကားသည် ဦးစောဂျစ်ကားဖြစ်သည်။

၄။ လုပ်ကြံမှုတွင် လုပ်ဖော်ကိုင်ဘက်များအဖြစ် ပါဝင် ကြသော ဖော်ကောင်ဘညွန့်၊ တရားခံ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့် မှုန်ကြီးတို့သည် ဗိုဆင်မော်တော်ကားကို အသုံးပြု ကြသည်။ ထိုကားသည်လည်း ဦးစောပိုင်သာဖြစ်သည်။

၅။ လုပ်ကြံရာတွင် အသုံးပြုသည့် စက်သေနတ်များသည် ဦးစော၏ ဘုရားစင်အနီး ရေကန်ထဲမှ တွေ့ရသည်။

၆။ လုပ်ကြံမှုကြီး ဖြစ်ပွားပြီး ၄ နာရီအကြာတွင် တရား ခံများနှင့်တကွ ဦးစောအား ဦးစော၏ အိမ်ဝင်းအတွင်းမှ ဖမ်း ဆီးရမိသည်။

၇။ လုပ်ကြံရာတွင် ကိုယ်တိုင်ပါဝင်သူစိန်ကြီးနှင့် ရန်ကြီး အောင်တို့သည် မထောက်မညှာ လုပ်ကြံကြောင်းကို ထုတ်ဖော် ပြောဆိုသည့်အပြင် ကြံရာပါဖြစ်သူ သုခ၊ ခင်မောင်ရင်၊ မောင်နီ ဘညွန့်တို့ကိုလည်း ထုတ်ဖော်ပြောဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



၈။ ယိုကဲ့သို့ ဖြောင့်ချက်ပေးသူများအနက် ဘညွန့်တစ်ယောက်သာဖော်ကောင်လုပ်ထားသည့်အပြင် သက်သေထွက်ချက်ရှိသည်။

၉။ တူဖြစ်သူ ခင်မောင်ရင်သည် ဦးစောလုပ်ကြံကြောင်းကိုထွက်ဆိုထားသည်။

၁၀။ ပေးထားသော ဖြောင့်ချက်များသည် ပုလိပ်က ဆင်သောဖြောင့်ချက်မဟုတ်။ ၎င်းတို့အလိုအလျောက် ထုတ်ဖော်ပြောဆိုခြင်းသာ ဖြစ်သည့်အပြင် အမှန်ချည်းပင်ဖြစ်သည်။

၁၁။ လုပ်ကြံသည့်နေ့က ဦးစောအား ဝင်းတံခါးတွင် သက်သေမောင်ကျော်စိန်က မြင်လိုက်တွေ့လိုက်ရ၏။

၁၂။ လုပ်ကြံရာတွင် ပါဝင်ကြသော တရားခံများသည် ဦးစောပေးသော အမိန့်အတိုင်း လိုက်နာမည်ဟု သစ္စာရေသောက်ကာ သေတမ်းစာများ ရေးထားရသူများဖြစ်သည်။

၁၃။ တရားလိုသက်သေများ ထွက်ချက်သည် တစ်ခုနှင့်တစ်ခု တိုက်ဆိုင်နေသည်ဟူသော အချက် ၁၃ချက်ပင်ဖြစ်သည်။

## ပုလိပ်က ဆင်တာမဟုတ်

ဦးစော၏ ရှေ့နေက လုပ်ကြံရာတွင် ပါဝင်ပါသည်ဆိုသောလက်နက်များကို ပုလိပ်က ဆင်ထားသည်ဟု စွပ်စွဲသည်မှာ အခြေအမြစ်မခိုင်ပါ။ ပုလိပ်က ယခုလို ဆင်နိုင်မည်မဟုတ်ပါ။ လုပ်ကြံရာတွင် ဗစ်ခတ်ထားသော ယမ်းတောင့်ခွံများ သည်ရေထဲမှ ရရှိသော တော်မီဂန်း လေးလက်နှင့် စတင်းဂန်းတစ်





လက်၊ အစမ်းပစ်ကြည့်သော ယမ်းတောင့်ခွံများနှင့် တူနေသည်ကိုတွေ့ရကြောင်း။ ပုလိပ်တို့က ဆင်သည်ဆိုသည့်အချက်မှာ ယုံကြည်ဖွယ်ရာမရှိချေ။ ထိုလက်နက်များအနက် **ရန်ကြီးအောင်ကိုင်သော စတင်းဂန်းသေနတ်မှာ လုပ်ကြံမှုကြီးတွင် အထူးပင်အရေးပါသော စက်သေနတ်ပင်ဖြစ်၏။**

## ဦးစောကို အခွင့်အရေးပေးခဲ့သည်

ဦးစော၏ ရှေ့နေက ဦးစောအား ရာဇဝတ်ကျင့်ထုံးအရ လိုအပ်သည့် အခွင့်အရေးများ မပေးခဲ့ဟု စွပ်စွဲထားပြန်သည်။

တရားဝန်ကြီးများက အထူးခုံရုံးအဖွဲ့၏ နေ့စဉ် မှတ်တမ်းတွင် ပြန်လည်စိစစ်ကြည့်သောအခါ မစ္စတာဟက်ဗော်က်ပြောသည့်အတိုင်း မဟုတ်ပါ။ ခုံသမာဓိအဖွဲ့က ဦးစောအား လိုအပ်သည့် အခွင့်အရေးများ ပေးထားကြောင်းတွေ့ရှိရသည်။

## ခုံသမာဓိ အမိန့်အတိုင်း တည်စေ

ခုံသမာဓိအဖွဲ့ဝင်များသည် လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ စေ့စေ့စပ်စပ် စစ်ဆေးကြောင်း ထင်ရှားနေပေပြီ။ တရားခံဦးစော၏ ဘုရင်ဝတ်လုံတော်ကြီးအားလည်း သက်သေများကို ပြန်စစ်ဆေးရန် အခွင့်အရေးများပေးခဲ့ကြောင်း ထင်ရှားနေ၏။

တရားခံများအား ကြိုးဒဏ်ခံယူစေရမည်ဟူသော အမိန့်မှာလည်း တရားအတိုင်း ဖြစ်သည့်အတွက် ထိုအမိန့်အတိုင်း တည်စေရမည်။



www.burmeseclassic.com

www.burmeseclassic.com

## အယူခံလွှာ ပယ်လိုက်ပြီ

ယခုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်ကြသော တရားခံဦးစော၊ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီး၊ သုခ၊ ခင်မောင်ရင်နှင့် မောင်နီတို့၏ အယူခံကိုလည်း တရားဝန်ကြီးများက ပယ်ချလိုက်သည်ဟု ညနေ ၄ နာရီတိတိအချိန်တွင် အမိန့်ချမှတ်လိုက်သည်။

## စောဒက တက်ဦးမည်

တရားဝန်ကြီးများ ထွက်ခွာမသွားမီ ဦးစော၏ ရှေ့နေ မစ္စတာဟက်ဖောက်က ဦးစောအတွက် တရားလွှတ်တော်ချုပ်ရုံးတော်သို့ စောဒကတတ်ဦးမည်ဟု လျှောက်ထားသော်လည်း တရားဝန်ကြီးများက ပြန်လည်ပြောဆိုခြင်းမရှိဘဲ ထွက်ခွာ သွားတော့၏။

## ဦးစောကို အယူခံလွှာ တင်လိုက်ပြီ ကြိုးမိန့်ပေးရန်ရက်ကို ဆိုင်းငံ့ထားရပြန်ခြင်း

(၆-၄-၄၈ ဟံသာဝတီ သတင်းစာ)

ဗိုလ်ချုပ်အမှုရှိသော ဝန်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုကြီးနှင့် သေဒဏ်အမိန့်ချမှတ်ထားပြီးသော တရားခံကိုဦးအနက် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့သည် ရန်ကုန်မြို့တရားလွှတ်တော်ချုပ်သို့ ဧပြီလ ၅ ရက်နေ့တွင် အယူခံလွှာတင်သွင်းလိုက်ပြီဖြစ်သည်။





## ၂၃ ရက်နေ့ ရက်ချိန်း

အယူခံလွှာများကို လက်ခံထိုက်- မထိုက် နှစ်ဦးနှစ်ဖက် ဝတ်လုံများလျှောက်လဲချက်ပေးရန် ဧပြီ ၂၃ ရက်နေ့သို့ ချိန်းဆိုလိုက်သည်။

တရားခံစိန်ကြီးခေါ် မောင်စိန်မှာ သမ္မတကြီးထံသို့ ထောင်တွင်းမှ နေ၍ ကိုယ်တိုင်သနားခံလွှာတင်သည်။

ထိုသို့အယူခံလွှာများကို လက်ခံလိုက်သဖြင့် လုပ်ကြံမှုကြီး တရားခံအားလုံး ယခင်ကြိုးစင်တင်ရန် အမိန့်ကို ခေတ္တရပ်ဆိုင်းရန် ဆိုင်ရာက အမိန့်ထုတ်လိုက်ပြီဖြစ်ရာ ဦးစောတို့အား ဧပြီလ ၉ ရက်နေ့တွင် ကြိုးပေးလိမ့်မည်မဟုတ်ကြောင်း။

## ဦးစောတို့အား အယူခံဝင်ပိုင်ခွင့် ရှိ-မရှိ ရှေ့လာမည့် ရက်သတ္တပတ်တွင် ဆုံးဖြတ်ချက်ချမည် ကြံအမှုကြီးတွင် ခုံအဖွဲ့က အထူးအခွင့်အရေးများပေးခဲ့သည်ဆိုခြင်း

(၂၄-၄-၄၈ ဟံသာဝတီ သတင်းစာ)

လုပ်ကြံမှုကြီး၏ (၁)တရားခံဦးစောနှင့်တကွ တရားခံမောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့၏ အယူခံလွှာတင်ခွင့်ရလိုမှုကို တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ်ဆာဘဦး၊ တရားဝန်ကြီးဦးအေးမောင်၊ တရားလွှတ်တော်ဝန်ကြီးချုပ်ဦးသိန်းမောင်တို့သည် ဧပြီလ ၂၃ ရက်နေ့က ကြားနာစစ်ဆေးလေသည်။

ဦးစောဘက်မှ မစ္စတာဟက်ဖောက်က လိုက်ပါဆောင်ရွက်၍ တရားခံမှုန်ကြီး၊ ရန်ကြီးအောင်၊ မောင်စိုး၊ သက်နှင်းတို့အတွက် ဝတ်လုံတော်ရဦးကြာခိုင်က လိုက်ပါဆောင်ရွက်သည်။


www.burmeseclassic.com

www.burmeseclassic.com

## ဦးစောကို ချမ်းသာပေးရန် လမ်းမရှိ

## လူထုချမ်းသာအောင်လုပ်လျှင် ချမ်းသာခွင့်ပေးနိုင်မည်

## မြန်မာပြည်တွင် ဖြစ်ခဲ့သောအမှုမျိုးဘယ်နိုင်ငံမှာဖြစ်မှုးသလဲ

မေလ ၅ ရက်နေ့က ရွှေတိဂုံကုန်းတော် စေတီယင်္ဂဏ အသင်းတိုက်တွင် ဦးစော၏ဇနီး ဒေါ်သန်းခင်က ဦးစော၏ ကုသိုလ်ကောင်းမှုအတွက် ဆွမ်းကပ်လှူရာမှ ဦးစောအသက် ချမ်းသာပေးရေး သံဃာတော်များ၏ အလှူခံသည့်ကိစ္စကို နိုင်ငံတော်သမ္မတထံနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ပေးပို့အလှူခံကြောင်း သိရသည်။

## ဆင်းရဲသားအကျိုး

ထိုကဲ့သို့ တရားခံများကို စီရင်ချက်ချပြီးမှ မေတ္တာရပ်ခံခြင်းမှာ မဖြစ်နိုင်သော ကိစ္စဖြစ်ကြောင်း၊ ဦးစောသည် သာယာဝတီဆရာစံ သူပုန်ထသကဲ့သို့ ဆင်းရဲသားလူထုကောင်းစားရေးကို ရှေးရှု၍ ပြုလုပ်ခြင်းဖြစ်လျှင် ထိုသို့ အသက်မှ ချမ်းသာပေးရန် မေတ္တာရပ်ခံနိုင်ကြောင်း။

## ဘာကြောင့်အလှူခံသလဲ

ယခုမူ ဦးစောသည် ၎င်း၏ တပည့်တပန်းများက အထွတ်အထိပ်ရောက်ရေးအတွက် ကိုယ်ရေးကိုယ်တာကိုကြည့်ကာ နိုင်ငံတော်ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့ခြင်းဖြစ်ရာ ထိုသို့သောသူများ၏ အသက်ကို အလှူခံသည့်ကိစ္စမှာ မသင့်လျော်သည်သာမက လူထုဆန္ဒနှင့်လည်း ဆန့်ကျင်လျက်ရှိကြောင်း။





## ချမ်းသာခွင့် မပေးနိုင်

ဦးစော၏အမှုကို စစ်ဆေးစဉ်က ဒီမိုကရေစီနှင့်မဆန့်ကျင်စေဘဲ တရားသဖြင့် မျှမျှတတ စစ်ဆေးကာ စီရင်စေခဲ့ကြောင်း။ ဤကဲ့သို့သော မှုခင်းမျိုးကို မြန်မာပြည်တွင်သာမက အခြားဒီမိုကရေစီ လွှမ်းမိုးသောနိုင်ငံတိုင်းပင် လျှော့ပေးရန် နည်းမရှိသဖြင့် ဦးစော၏ အသက်ချမ်းသာခွင့် ရရှိရေးအတွက်ကိုမူ မည်သည့်နည်းနှင့်မျှ စဉ်းစားလိမ့်မည် မဟုတ်ကြောင်းသိရှိရလေသည်။

## သမ္မတကြီးက သုခနင့်မောင်နီကို နိုင်ငံတော်၏ ဝီဝိတဒါနအဖြစ် ကယ်လိုက်ပြီ

လုပ်ကြံမှုကြီးတွင် ခေါင်းဆောင်ပါဝင်ခြင်းမဟုတ် နောက်လိုက်မျှသာ မေလ ၆ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သမ္မတကြီးက နိုင်ငံတော် လုပ်ကြံမှုကြီးတွင် သေဒဏ်အတည်ပြုပြီးဖြစ်သော တရားခံရှစ်ယောက်အနက်မှ သတ်ဖြတ်ရာတွင် ကိုယ်ထိလက်ရောက် မပါဝင်ခြင်း၊ ခေါင်းဆောင်မဟုတ်ဘဲ နောက်လိုက်ငယ်သားဖြစ်လျက် အမှန်တရား၊ နောင်တတရားများကို ရရှိနေသော တရားခံနှစ်ဦးအား ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ ဇီဝိတဒါနအဖြစ် သေဒဏ်မှ ချမ်းသာပေးလိုက်သည်။

၎င်းတို့နှစ်ဦးမှာ သုခနင့်မောင်နီခေါ် ဘိုနီတို့ဖြစ်ပြီး နိုင်ငံတော်ဇီဝိတဒါနအဖြစ် သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ် သို့ ပြောင်းလဲချမှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဦးစောတို့ အယူခံမတက်နိုင်

ခုံသမာဓိအဖွဲ့နှင့် ဟိုက်ကုတ်လွှတ်တော် ဆုံးဖြတ်ပုံမှန်ကန်သည့် တရားသဘော အယူအဆ မှန်သည့်အတွက် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိဟုဆို၏။

## တရားဝန်ကြီးချုပ်အဖွဲ့ ဆုံးဖြတ်ကြခြင်း

နိုင်ငံတော် လုပ်ကြံမှုကြီးတွင် တရားခံဦးစောနှင့် အခြားတရားခံများက အယူခံနိုင်ရန် အထူးအခွင့်တောင်းသော လျှောက်ထားချက်များအပေါ် နိုင်ငံတော်တရားလွှတ်တော်ချုပ်ကြီး၏ ကိုယ်စားလွှတ်တော် တရားသူကြီးဦးအေးမောင်က ယနေ့ အမိန့်ချမှတ်လိုက်သည်မှာ -

## ဦးကျော်မြင့် မပါနိုင်

နိုင်ငံတော်တရားလွှတ်တော်ချုပ်၏ ယင်းအမှုကြားနာရာရုံးအဖွဲ့တွင် နိုင်ငံတော်တရားဝန်ကြီးချုပ် ဆာဘဦး၊ နိုင်ငံတော်လွှတ်တော်ချုပ်တရားသူကြီး ဦးအေးမောင်နှင့် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးချုပ် ဦးသိန်းမောင်တို့ပါဝင်ကြောင်း။

နိုင်ငံတော် လွှတ်တော်ချုပ်ကြီးတွင် ယခုအခါ သုံးဦးသာရှိနေသော်လည်း တရားဝန်ကြီး ဦးကျော်မြင့်မှာ ဦးစောနှင့် အခြားတရားခံများကို စစ်ဆေးခဲ့သည့် အထူးခုံရုံးအဖွဲ့တွင် ဥက္ကဋ္ဌဖြစ်လာခဲ့သဖြင့် ယခုတရားလွှတ်တော်ချုပ်က အယူခံထိုက်မထိုက် စစ်ဆေးရာတွင် မပါဝင်နိုင်ကြောင်း တွေ့ရှိရပေသည်။





## ပရိဗီကောင်စီနှင့်မတူ

ဒင်းအမှုစီရင်ချက်ချရာတွင် တရားဝန်ကြီးများက စီရင်ချက်ရေးသားထားသည်မှာ ဗြိတိသျှပရိဗီကောင်စီ၏ တရားဌာနဆိုင်ရာ ကော်မတီအဖွဲ့သည် အယူခံရုံးတစ်ရုံး မဟုတ်၊ စီရင်ဆုံးဖြတ်ချက်များ ချရာတွင် တစ်ကြိမ်ထက် ပို၍လေးလေးနက်နက် စဉ်းစားဆုံးဖြတ်လေသည်။ သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုထုံးတမ်းစဉ်လာ ဥပဒေနှင့် တရားဌာနအက်ဥပဒေများအရ ဖွဲ့စည်းထားသော အယူခံရုံးတစ်ရုံးစီပင် ဖြစ်သည့် အားလျော်စွာ ပရိဗီကောင်နှင့်မတူချေ။

သို့ရာတွင် ပရိဗီကောင်စီသတ်မှတ်ထားသော မျှတသည့် ဥပဒေများကို ဗဟုသုတအလို့ငှာ တရားလွှတ်တော်ချုပ်က လိုက်နာမိစေရန် တရားဝန်ကြီးများက လိုက်လျောလေသည်။

## အခွင့်အရေးများပေးခဲ့သည်

အမှုစစ်ဆေးနေသည့်နေ့ တစ်လျှောက်လုံးတွင် အထူးခုံရုံးနှင့် ဦးစောအကြိုက် ရှေ့နေဖြင့် အစစ်မခံရ၍ ဦးစောမှာ နစ်နာကြောင်းဖြင့် ဦးစောအတွက် လျှောက်လဲချက်ပေးသည်ကို တရားဝန်ကြီးက ပယ်ချရင်း ညွှန်ပြသွားသည်မှာ -

ဦးစောအတွက် ရှေ့နေလိုက်ရန် မစ္စတာကားတစ်ဘင်နက် (ကေစီ)အားခွင့်ပြုခဲ့ပြီး၊ လိုအပ်သည့် အခွင့်အရေးအားလုံးကို ဦးစောအတွက် ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## လျှောက်လဲပေမယ့်

အထူးခုံရုံးဖွဲ့စည်းရေး အက်ဥပဒေသည် မြန်မာပြည် ဘုရင်ခံမင်းကြီးက မြန်မာပြည်အစိုးရ အက်ဥပဒေပုဒ်မ ၁၃၉ အရ မိမိတွင်ရှိနေသော အာဏာများဖြင့်သာ ပြဋ္ဌာန်းအတည် ပြုလိုက်သော အက်ဥပဒေအဖြစ်ငှင်း ဥပဒေပြဋ္ဌာန်းအတည် ပြုသည့်အချိန်တွင် ဘုရင်ခံမင်းကြီးတွင် အမှန်အားဖြင့် ဤကဲ့ သို့သော အာဏာများမရှိပါသောကြောင့် ၎င်းအက်ဥပဒေသည် မတည်မြဲနိုင်ပါကြောင်းနှင့် လျှောက်လဲသေးသည်။

## အာဏာကို ဘုရင်ခံသုံးနိုင်တယ်

ဤလျှောက်လဲချက်နှင့် ပတ်သက်၍ တရားဝန်ကြီးများက မြန်မာပြည်အစိုးရ၏ ၁၉၄၅ ခုနှစ် ယာယီဥပဒေကို မိရင်အထူး ရာဇဝတ်ခုံရုံးဖွဲ့စည်းရေး အက်ဥပဒေကို တည်မြဲသည်ဟု ယူဆ ကြောင်း (ဗြိတိသျှပါလီမန်) ၏ အက်ဥပဒေတစ်ရပ်ဖြစ်သော ၁၉၄၅ ခု ယာယီအက်ဥပဒေသည် ဘုရင်ခံမင်းကြီး၏ အာဏာ များကို အက်ဥပဒေပြဋ္ဌာန်းပြီးသည့်နောက် သုံးနှစ်ကာလမျှ အချိန်တိုးပေးထားကြောင်း။

## ဥပဒေအသစ် မကြေညာသမျှ

ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့ မှစ၍ ပေါ်ပေါက်လာရခြင်းကလည်း အထူးခုံရုံးအား ၎င်းအမှု စစ်ဆေးသည့် အာဏာကင်းစေခဲ့သည်ဆိုသော နောက်ထပ် လျှောက်လဲချက်ကိုလည်း တရားဝန်ကြီးများက ပယ်ချ၍ ညွှန် ပြပြန်သည်မှာ -





၎င်းအမှုသည် ၁၉၄၇ ခု ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြီးပြတ်သည်ဟု ချေပပြီး ပြည်ထောင်စုဥပဒေပုဒ်မ- ၂၂၈ ကို ညွှန်ကြားလိုက်ကြောင်း ၎င်းဥပဒေကဆိုထားသည်မှာ -

ပြည်ထောင်စု မြန်မာနိုင်ငံအဖွဲ့ အစည်း အတည်ဖြစ်လာ သည့်နေ့ရက်တွင် ရှိနေသည့် ရုံးအားလုံးသည် ပြည်ထောင်စု အက်ဥပဒေအရ ရုံးသစ်များ မဖွင့်လှစ်ရသေးမီ မိမိတို့၏ အာ ဏာပိုင်များအရ လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း၊ ၎င်းအပြင် ရုံးများရှိ မပြီးပြတ်သေးသော အမှုအခင်းများအားလုံးကို ပြည် ထောင်စု မြန်မာနိုင်ငံတော်မဖြစ်မြောက်သေးသကဲ့သို့ပင် စီရင် ဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း။

## ဆုံးဖြတ်ချက်များ မှန်သည်

နောက်ဆုံး၌ တရားဝန်ကြီးများက ရေးသားထားသည်မှာ-

၎င်းအမှုကို ပထမ စတင်စစ်ဆေးသည့် ခုံရုံးတော်နှင့်တကွ အယူခံဝင်ရာ ဟိုက်ကုတ်လွှတ်တော်ရုံးတို့သည် ၎င်းတို့၏ ရှေ့ မှောက်သို့ရောက်လာသော အချက်အလက်များဖြင့် အကြောင်း မှန်ဆုံးဖြတ်ချက်များ ချကြသည်ဖြစ်သောကြောင့် အထူးသီးခြား အကြောင်းအရာများ မပေါ်ပေါက်ဘဲနှင့် ဤကဲ့သို့သော ဆုံး ဖြတ်ချက်မျိုးတို့ကို ဝင်ရောက်နှောင့်ယှက်ရန် တရားလွှတ်တော် ချုပ်၏ အလုပ် မဟုတ်ပါကြောင်း။

ထို့ကြောင့် တရားဝန်ကြီးများက လျှောက်ထားချက်များ ကိုပယ်ချလိုက်ကြောင်း။


www.burmeseclassic.com

www.burmeseclassic.com



ဦးစောအတွက် ဝတ်လုံတော်ရ မစ္စတာ ဟက်ဇောက်က ရှေ့နေလိုက်၍ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုန်ကြီးတို့အတွက် ဝတ်လုံတော်ရ ဦးကြာခိုင်က ရှေ့နေလိုက်ကြောင်း၊ အထူးခုံရုံး စီရင်ချက်ကို ဟိုက်ကုတ်ရုံးတော်တွင် အယူခံဝင်ကြသော ကျန်တရားခံလေးဦးတို့သည် အ(ထူး)အယူခံခွင့် မလျှောက်ထားကြချေ။ ၎င်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတကြီးထံသို့ အသနားခံလွှာများ တင်ထားကြသည်ဟု သိရကြောင်း။

**(၁၉၄၈ ခု မေလ ၉ ရက်နေ့ ဟံသာဝတီသတင်းစာပါဖော်ပြချက်)**

ညှိမှိုင်းသော အင်းစိန်ထောင်ကြီးအက်မှ ခေါက်လိုက်သော ၁၂ နာရီ အချက်ပေးသံချောင်းသည် ဦးစောနှင့် ကြံရာပါ ငါးဦးတို့အား ကြိုးပေးမည့် မေလ ၈ ရက်သို့ ဝင်လာပြီဟု ပတ်ဝန်းကျင်တစ်ခွင်လုံး လှမ်း၍ သတိပေးလိုက်သကဲ့သို့ ဖြစ်တော့၏။

နာရီ၏ စက်သည် တစ်ချက်ချက်နှင့် မရပ်နားသွားနေသည့် နည်းတူ ကောင်းကင်၌ မိုးသားကလေးများအား လွင့်စဉ်လိုက် ဖုံးပိတ်လိုက်နှင့် ဖြစ်နေရာ လောကဓာတ်တစ်ခုလုံးကို မှောင်လိုက်၊ လင်းလိုက်နှင့်ဖြစ်နေတော့၏။

အရုဏ်ကျင်း၍ အလင်းရောင်ပြန်သည့်အခါ အချက်ပေးသံချောင်းသည် ၅ နာရီခေါက်လိုက်သည်နှင့် တစ်ပြိုင်နက် ပေါ်လွင်ထင်ရှားသည့်အသံများ ဖြစ်ပေါ်၍ မလာသေးသော်လည်း သွားလာစပြုနေသည့် အသံများကား ကြားရစပြုလာတော့၏။





## အာရုံစူးစိုက်သောနေရာ

နိုင်ငံတော်လူထု၏ အာရုံစူးစိုက်သည့်နေရာမှာ အင်းစိန်ထောင်ကြီးအတွင်း ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသဖြင့် ကြိုးဒဏ်ခံယူရမည့် ဦးစောနှင့် ကြံရာပါ ငါးဦးတို့အား သတ်မည့်အချက်ပင် ဖြစ်တော့၏။

အင်းစိန်ထောင်ကြီး ဘူးဝတွင်ကား လက်နက်ကိုင်စစ်တပ်နှစ်တပ်ချထားကာ စောင့်ရှောက်လျက်ရှိ၏။

၅ နာရီထိုးသည့်အချိန်တွင် ထောင်ဘူးတံခါးကြီးသည် တဂျုန်းဂျုန်းနှင့် စတင်၍ ဖွင့်တော့သည်။

ထောင်ပိုင်ကြီး ဦးတင်မောင်၊ ထောင်မှူးကြီးဦးစံတင်၊ တရားသူကြီးဦးဘကြိုင်နှင့် တောင်ဆရာဝန်များသည် ဘူးဝမှ ကြိုးဒဏ်ခံရမည့် တရားခံများအား ကြိုးပေးမည့် ကြိုးစင်သို့ ရှေးရှုလာတော့သည်။

ထောင်ကြီး၏ပတ်ဝန်းကျင်တွင်မူကား မည်သူမျှ သွားခြင်း မပြုရတော့ပေ။

## လာကြသည့် ဝန်ကြီးများ

အရုဏ်ကျင်း၍ အလင်းသို့ ရောက်သောအချိန်တွင် ဝန်ကြီးစောစံဘိုးသင်၊ ဝန်ကြီးမန်းဝင်းမောင်တို့သည်လည်း ကြိုးစင်အနီးသို့ လာရောက်ကြည့်ရှုကြသည်။

ဘူးဝမှ ကြိုးဒဏ်ခံရမည့် တရားခံများထားရာ အခန်းများကား အလွန်ခိုင်ခံသောသော၊ သံတိုင်ကြီးများနှင့်ပြုလုပ်ထားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တရားခံတစ်ဦးနှင့်တစ်ဦး မမြင်နိုင်ပေ။

ကြိုးဒဏ်ခံရမည့် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှုန်ကြီးတို့ကား အိပ်ပျော်ကြဟန်လက္ခဏာမရှိပေ။

တတွတ်တွတ်နှင့် မြည်တမ်းနေသောအသံကို ဖြည်းညင်းစွာကြားရတော့၏။

သေရတော့မည့်ဘေးကြီးကား မိနစ်ပိုင်းအတွင်းလောက်သာရှိတော့သည်။

ရန်ကြီးအောင်နှင့် စိန်ကြီးတို့လည်း ရန်ကုန်ထောင်ကြီးအတွင်း၌ ဤနည်းအတိုင်းပင် ရှိပေလိမ့်မည်။

## လေပြည်လာ၍ မအေးနိုင်တော့

ကြိုးခန်းထဲတွင် နေကြရသူဦးစော၊ သက်နှင်း၊ မောင်စိုး၊ မှုန်ကြီးတို့လေးဦးကား သေရတော့မည်ကို သိပြီးဖြစ်သဖြင့် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ ဘုရားဂုဏ်တော်ရွတ်ဖတ်ခြင်း ဖြင့် လာရောက်ခေါ်ဆောင်မည့် ထောင်မှူးကြီးအလာကို စောင့်ဆိုင်းနေကြလေပြီ။

နံနက် ၅ နာရီထိုးပြီး မိနစ်အနည်းငယ်တွင်ပင် ထောင်မှူးကြီးနှင့် အဖွဲ့ရောက်ရှိလာတော့မည်။

ဖိနပ်သံများကို ကြားရတော့သည်။

ဦးစောကား တုန်လှုပ်ခြင်းမရှိ ပုတီးစိပ်မြဲသော စိပ်လျက်ရှိတော့၏။





## အသင့်ရှိရတော့မည်

ထောင်မှူးကြီးက ဦးစောအသင့်ရှိပြီလားဟု ပြောပြောဆိုဆို တံခါးကိုဖွင့်တော့သည်။

ထောင်မှူးကလေးသည် အသင့်ပါလာသော အဝတ်မြူကြီးနှင့် ဦးစောခေါင်းကိုစွပ်ရန် ပြင်လိုက်သည်။ ဦးစောကလေအေးနှင့်ပင် "ကျွန်တော့်ကိုစွပ်ဖို့ မလိုပါဘူးဗျာ၊ ကျွန်တော့်ကိုကြိုးစင်ပေါ် ကျမှ အဝတ်အုပ်လိုကအုပ်ပါ" ဟု ခပ်ပြုံးပြုံးပင်ပြောတော့၏။

## ထုတ်သွားလေပြီ

ထောင်မှူးကြီးကား ဦးစောကို ထုတ်သွားတော့သည်။

ထိုအချိန်တွင် ဦးစောသည် ရှမ်းပိုးတောင်းဘီအပြာ၊ စပို့ရှပ်အပြာကွက်ကလေးကို ဝတ်ဆင်၍ မော်လမြိုင်ရွှေတိုးဖိနပ်ကို ထဖျပ်ဖျပ်စီးကာ ကြိုးစင်ရှိရာသို့ လှမ်းလာတော့သည်။

သူ၏ မျက်နှာကား တည်ကြည်လှ၏။

သူ့ရှေ့တွင်ရှိ ကြိုးစင်ပေါ်၌ကား တစ်လက်မလုံးခန့်ရှိကြိုးသည်လက်ယပ်ခေါ်ငင်နေသကဲ့သို့ ရှိနေတော့၏။

ကြိုးစင်တွင် နှစ်ယောက်တစ်ပြိုင်တည်းသတ်ရန် စီစဉ်ထားသော်လည်း ဦးစော၏တောင်းပန်ချက်ကြောင့် ဦးစောတစ်ယောက်တည်း ပထမစတင်ကြိုးပေးရန် စီစဉ်ထားတော့၏။

## ကြိုးစင်ခန်းတွင်ဝယ်

ကြိုးပေးရန် စင်မြင့်ကား ၁၀ပေ၊ ၁၂ ပေခန့်မြင့်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစင်ပတ်ဝန်းကျင်တွင် ဒန်းသလွန်ပင်ကလေးတစ်ပင် နှင့် မာလကာပင်ရှိလေသည်။

ကြိုးစင်အထက် လှေကားအနီးရှိ ဘုရားစင်ရှေ့သို့ ရောက်သောအခါ ထောင်မှူးကြီးက ဦးစောအား ဘုရားဝတ်ပြုပါဦးဟု သတိပေးတော့၏။

ဦးစောသည် မော်လမြိုင်ရွှေတိုးဖိနပ်ကလေးချွတ်ကာ မြတ်စွာဘုရားအား ဝတ်ပြု၍ ဆုမွန်ကောင်းများ တောင်းတော့၏။

## ဂွတ်ဘိုင် - ထောင်ပိုင်ကြီး

၅ နာရီခွဲသည့်အခါ ဦးစောသည် ထောင်ပိုင်ကြီးအချက်ပေးလိုက်သည်နှင့် ထောင်ပိုင်ကြီးဦးတင့်မောင်၊ ထောင်မှူးကြီး ဦးစံတင့်တို့နှင့်တကွ မိမိအား သေဒဏ်ချမှတ်သောအထူးခုံရုံးဓားရားဝန်ကြီးများအား ငှင်းအငြိုးအာဃာတ မထားပါကြောင်း အားလုံးအားလုံး “ ဂွတ်ဘိုင် ” ဟု နှုတ်ဆက်ပြီး လေးလံသောခြေလှမ်းဖြင့် ကြိုးစင်သို့ တက်သွားတော့သည်။ ကြိုးစင်ပေါ်ခြေစုံရပ်မိသည်နှင့် ထောင်မှူးကြီးဦးစံတင့်သည် လက်ပြန်ကြိုးနှစ်ဆင့်တုပ်ပြီး ဦးစော၏ လည်ပင်းကို ကြိုးကွင်းစွပ်လိုက်သည်။ သေချာစွာ စွပ်မစွပ် ထောင်မှူးကြီး ဦးစံတင့်က စစ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက် ၅ နာရီ ၃၂ မိနစ်အချိန်တွင် ‘ ဒေါင်’ ဟုမြည်ဟိန်းကာ ဒေါက်ပြုတ်သွားတော့သည်။

## ကြိုးလျှပ်ခြင်းမရှိ

ဦးစောသည် ကြိုးစင်ပေါ်၌ မရှိတော့ပေ။ ကြိုးစင်အောက်တွဲလောင်းဖြစ်နေတော့သည်။ ကြိုးသည် လှုပ်ခြင်းမရှိ စက္ကန့်





အနည်းငယ်အတွင်း သေဆုံးသွားတော့၏။ အနီးတွင် အသင့်ရှိသော ထောင်ဆရာဝန်သည် ဦးစောအားစစ်ဆေးခြင်း မရှိသေးပေ။ နာရီဝက်မျှ တွဲလောင်းထားတော့သည်။ အချိန်စေ့၍ ကြိုးမှ ဦးစောအား ဖြုတ်ယူလိုက်သည့်အခါ တစ်ကိုယ်လုံးမည်းနေတော့သည်။ လျှာကား အနည်းငယ်ထွက်လျက်ရှိသည်။

## မှုန်ကြီးအလှည့်

ဦးစောအား ဒေါက်ဖြုတ်ပြီးနောက် မှုန်ကြီးအလှည့်သို့ ရောက်လာတော့သည်။ မှုန်ကြီးသည် ခပ်ပြုံးပြုံးပင် ထောင်မှူးကြီးတို့အား ‘ ဂွတ်မောနင်းဆာ ’ ဟု နှုတ်ဆက်ကာ ကြိုးစင်ပေါ်သို့ တက်သွားတော့သည်။ သူ့ကိုလည်း လက်ပြန်ကြိုးနှစ်ဆင့်တုပ်၍ အဝတ်အုပ်ကာ ကြိုးကွင်းစွပ်တော့မည်အပြုတွင် “တိုင်းပြည်အတွက် လုပ်ကြတယ်။ ခေါင်းဆောင်ကြီးအတွက် ” ပြော၍မဆုံးမီ အဝတ်အုပ်၊ ကြိုးကွင်းစွပ်၍ ‘ ဒေါင် ’ ဟု ဒေါက်ဖြုတ်လိုက်တော့၏။ မှုန်ကြီးအား နှယ်နှယ်ရရ မဟုတ်၊ ကြိုး အတော်ကလေး ယမ်းနေသေးသည်။ သူ့ကိုလည်း နာရီဝက်ခန့်ကြာမှ ကြိုးတန်းလန်းထားပြီး ကြိုးကွင်းဖြုတ်ယူတော့သည်။

## မောင်စိုးနှင့် သက်နှင်း

မောင်စိုးနှင့် သက်နှင်းတို့အလှည့် ရောက်လာလေပြီ။ သူတို့၏ အဝတ်အစားများသည် ခုံသမာဓိအဖွဲ့တွင် စစ်ဆေးစဉ်အခါကကဲ့သို့ပင် ဝတ်ဆင်ထားသည်။ မောင်စိုးမျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



တည်လှသည်။ သက်နှင်းမှာ ထုံးစံအတိုင်း တတွတ်တွတ်နှင့် ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိသည်။ သူတို့တစ်တွေလည်း စကား မပြောနိုင်။ ရှေးနည်းအတိုင်း ကြိုးကွင်းနှစ်ယောက်ပြိုင်စွပ်၍ ဒေါက်ဖြုတ်လိုက်တော့၏။ သက်နှင်း၏ လက်ထဲ၌ရှိသော ပုတီး ကလေးသည် တင်းကျပ်စွာ ဆုပ်ကိုင်ထားခြင်း ခံရရှာသဖြင့် လွင့်စဉ်သွားခြင်း မရှိပေ။ မောင်စိုး၏ အလောင်းသည် မူလ အတိုင်းပင် ရှိသော်လည်း သက်နှင်းကား အနည်းငယ်လျှာ ထွက်လျက် ရှိ၏။

## အလောင်းများ စုံသည့်အခါ

ကြိုးများတွင် မည်သူ့အတွက် ကြိုးဟူသော ကတ်ပြား ကလေးများဆွဲထားသည်။ ကြိုးမှ မဖြုတ်မီ ဆရာဝန်သည် သူ တို့၏မေးများကို စမ်းသပ်ကြည့်သည်။ သွေးတိုးခြင်းမရှိတော့မှ ဖြုတ်ချတော့သည်။ အလောင်းများစုံလင်သည့်အခါ အသင့် ရှိသော ခေါင်းများထဲသို့တစ်လောင်းစီ တစ်လောင်းစီ ထည့် သွင်းတော့၏။ အလောင်းများကို ကြိုးခန်းထဲ၌ သိမ်းနှုတ်ပိတ် ထားခြင်းမပြုသေးဘဲ ထား၏။

## အစီအရီ ယူသွားသည့်အခါ

အလောင်းသွင်းပြီးသော ခေါင်းများကို ထောင်သားများ က အသီးသီးထမ်းဆောင်လျက် အုးဝသို့ ယူဆောင်သွားကြ လေသည်။ အတွင်းတံခါး အပြင်တံခါး စောင့်ရှောက်သူများက စေ့စပ်သေချာစွာ စစ်ဆေးပြီးမှ အပြင်သို့ထုတ်ခွင့်ပြုလေသည်။





ထောင်ပြင်တွင် အလောင်းတင် သယ်ယူရန်ကားကြီးများလည်း အသင့်ရှိ၏။

## ဦးစောယောက်ဖ ဦးမြရင်

ဒေါ်သန်းခင်၏မောင် ဦးမြရင်သည် ယောက်ဖတော်သူ ဦးစော၏အလောင်းကို လာရောက်စောင့်နေတော့၏။ သူ လည်း ဦးစောအလောင်းကိုကြည့်ရုံသာ ကြည့်ရသည်။ ဦးမြရင် သည် ဦးစော၏ အလောင်းမြှုပ်ရာထောင်သင်္ချိုင်းသို့ သွား ရောက်သင်္ဂြိုလ်ခြင်းပြုသကဲ့သို့ သက်နှင်း၊ မှုန်ကြီး၊ မောင်စိုးတို့ သည်လည်း ဦးစောကဲ့သို့ တူးထားသော ကျင်းများထဲတွင် မြှုပ် နှံလိုက်တော့သည်။

ဦးစောမြှုပ်နှံရာ သင်္ချိုင်းတွင် လက်နက်ကိုင်တပ်သားများ သည် အထူးသဖြင့် စောင့်ရှောက်လျက်ရှိသည်။ စုံစမ်းသိရသည် မှာ လေးလတိတိစောင့်နေရမည်ဟု ကြားသိရလေသည်။

## ရန်ကုန်ထောင်ကြီးတွင်

ရန်ကုန်ထောင်ကြီးမှာ တိတ်ဆိတ်လျက်ရှိတော့၏။ အ စောင့်အရှောက်များလည်း ကျပ်တည်းစွာပင် ထားရှိသည်။ နံ နက် အာရုဏ် ၄ နာရီခန့်မှစ၍ ရောက်ရှိလာသော တရားသူကြီး ဦးထွန်းညို၊ လက်ထောက်ပုလိပ်မင်းကြီး ဦးအေးအေးတို့သည် အသင့်ရောက်ရှိလာပြီး ထောင်ပိုင်ကြီးနှင့်တွေ့ဆုံဆွေးနွေးကြ လေသည်။ ၄ နာရီ အုံးမောင်း၊ ၅ နာရီထိုးရန် ၁၅ မိနစ်အလို



www.burmeseclassic.com

www.burmeseclassic.com



တွင် ကြိုးပေးမည့် တရားခံများထားရှိရာ ကြိုးတိုက်ကြီးဆီသို့ ရောက်လာကြပြီး တရားခံစိန်ကြီးနှင့် ရန်ကြီးအောင်တို့အား ခေါ်ကြောင်း။

## ကြောက်သလား ရဲဘော်

စိန်ကြီးနှင့် ရန်ကြီးအောင်တို့အား ထုံးစံအတိုင်း နောက်ပြန်လက်ထိပ်ခတ်ရန် တာဝန်ကျသူများက ပြုလုပ်ကြရာ စိန်ကြီးနှင့် ရန်ကြီးအောင်တို့က "အခုပဲ သေရတော့မှာဗျာ၊ လက်ထိပ်ခတ်မနေကြပါနဲ့ ...မပြေးပါဘူး" ဟုပြောသေးကြောင်း။

## ဦးစောအလောင်းပြန်ပေးရန်တောင်း

မြန်မာနိုင်ငံအစိုးရက ဦးစောအား မေလ ၈ ရက်နေ့တွင် သတ်ရမယ်လိုဆိုသည်။

မသေမီကလေးတွင် ဆရာတော်ကြီးများနှင့် သရဏဂုံ တင်ခွင့်ပြုရန် ဒေါ်သန်းခင် တောင်းဆိုခဲ့သည်။

[၁၃၁၀ ခု၊ ကဆုန်လဆုတ်(၇)ရက်၊ ကြာသပတေးနေ့၊ (၂၉၊ ၄၊ ၄၈) ဟံသာဝတီ]

ဦးစော အယူခံတက်ပိုင်ခွင့် ရှိ-မရှိ လျှောက်ထားသော လျှောက်လွှာကား နိုင်ငံတော် တရားရုံးချုပ်က ပယ်ချခဲ့လေပြီ။

ဦးစော၏ ဇာတ်လမ်းနိဂုံးချုပ်ကား အောက်ပါအတိုင်းပင် ဖြစ်တော့သည်ဟု သိရှိရပါသည်။

## အခွင့်အရေးကုန်ပြီ

ဧပြီလ ၂၇ ရက်နေ့က နိုင်ငံတော်တရားလွှတ်တော်ချုပ်မှ ဦးစောနှင့် အပေါင်းပါ တပည့်များ၏ အယူခံ တက်ရောက်နိုင်





ခွင့်ပယ်လိုက်ပြီဖြစ်ရာ ဦးစော၏ကိစ္စနှင့် ပတ်သက်သော တရားရုံးတော်များတွင် ဆောင်ရွက်ရန် အာဏာကုန်သွားပြီဖြစ်သည်။

## နောက်ဆုံးလမ်း

နောက်ဆုံး ပြုလုပ်နိုင်သည့် အချက်မှာ နိုင်ငံတော်သမ္မတကြီးထံအသနားခံစာ တင်သွင်းရန်ရှိသေးသော်လည်း ထိုကိစ္စကို ဦးစောအတွက်မည်သူ တစ်ဦးတစ်ယောက်မျှ နိုင်ငံတော်သမ္မတထံသို့ အသနားခံစာ တစ်စုံတစ်ရာမသွင်းဘဲ ထားရှိကြသည်ဟု သိရလေသည်။ ဦးစောကိုယ်တိုင်လည်း သနားခံစာ တင်သွင်းနိုင်မည် မဟုတ်ဟုသိရှိရကြောင်း။

ဧပြီလ ၂၈ ရက်နေ့ နံနက်က ဦးစော၏ ဇနီးဒေါ်သန်းခင်၏ ကိုယ်စား တရားခံတစ်ဦးဖြစ်သော ခင်မောင်ရင်၏ ဖခင် ဦးမြရင်က နိုင်ငံတော်တရားလွှတ်တော်ချုပ်သို့ လာရောက်၍ လျှောက်ထားသည်ဟု သိရှိရလေသည်။

## ဒေါ်သန်းခင်၏ အမှာစာ

(မြန်မာပြည် အစိုးရမင်းများနှင့် ဝန်ကြီးများသို့ ဦးစော၏ ဇနီးဒေါ်သန်းခင်က ပေးပို့သောစာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။)

၂၇၊ ၄၊ ၄၈ နေ့က ကျွန်မ၏ခင်ပွန်း ဦးစောကို တရားဝန်ကြီးများက အယူခံလွှာပယ်ချလိုက်သဖြင့် အမှုမှာ ပြီးဆုံးနေပါ၍ ကျွန်မအိမ်ကိုပြန်ပေးရန် တောင်းပန်ပါသည်။ ကျွန်မ၏ ခင်ပွန်းကိုမြန်မာပြည်အစိုးရကသတ်၍ သေပြီးသောအခါမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မခင်ပွန်းသည်၏ ရုပ်ကလာပ်ကို ကျွန်မနေအိမ်၌ ယူလိုပါ၍ အမြန်ဆုံး အမိန့်ချပေးစေလိုပါသည်ရှင်။

(ပုံ) မသန်းခင်

၂၈၊ ၄၊ ၄၈၉

**သရဏဂုံ တင်ခွင့်ပေးရန်**

ဦးမြရင်၏ လျှောက်လွှာတွင် ဦးစောအား အလောင်းကို နေအိမ်သို့ပြန်ယူခွင့်ပြုရန် မသတ်မီ ဆရာတော်ကြီးတစ်ပါးနှင့် အခြားလျှောက်ထားသည်ဟု သိရှိရကြောင်း။ ထိုတိုစွ သံဃာတော်များပါ ထောင်သွင်းသို့ဝင်ခွင့်ပြုကို တရားဌာနမှ စဉ်းစားနေသည်ဟု ကြားသိရသည်။

**သတ်မည့်နေ့**

ဦးစောအားလာမည့် မေလ ၈ ရက် နံနက်တွင် သတ်ရန် ဆိုင်ရာတို့အား အမိန့်ထုတ်ပေးလိုက်ပြီဖြစ်ကြောင်း ကြားသိရလေသည်။

**ဦးစော၏အလောင်းကို ပြန်တောင်း၍ရပါ့မလား**

(၁၃၁၀ ခု၊ ကဆုန်လဆုတ်(၈)ရက်၊ သောကြာနေ့ ၃၀၊ ၄၊ ၄၈ ဟံသာဝတီ)

ထောင်သင်္ချိုင်းမှလွဲ၍ အခြားသင်္ချိုင်းတွင်းမြှုပ်နှံခွင့်မရှိဟု ဆိုသည်။ သရဏဂုံတင်ခွင့်ကိုကား အစိုးရခွင့်ပြုကောင်း ခွင့်ပြုမည်ဟု ဆိုသည်။

ယမန်နေ့က ကျွန်ုပ်တို့ သတင်းစာတွင် ဦးစော၏ဇနီး ဒေါ်သန်းခင်က ဦးစောအားအစိုးရက သတ်ပြီးသည့်အခါ အလောင်းကို အိမ်သို့ ပြန်ယူခွင့်ရရှိနိုင်ရန် တောင်းသည့်ကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့လိုက်လံစုံစမ်းကြည့်ရာ အစိုးရက သတ်ပြီးသော အလောင်းကို မြို့တွင်းမှယူဆောင်ကာနေအိမ်တွင် ထားရှိခြင်းကို မည်သည့်အခါကမျှ ခွင့်မပေးခဲ့ဟုဆိုသည်။

**ရှေးဘုရင်များထုံးစံမရှိဘူးတဲ့**

အစိုးရက သေဒဏ်ပေး သတ်ပြီးသော အလောင်းကို ထောင်သင်္ချိုင်းမှတစ်ပါး အခြားသင်္ချိုင်းများတွင် မြှုပ်နှံခွင့်မရှိဘဲ ထားရှိခဲ့သည်မှာ ထုံးစံဖြစ်သည်။

" ကျွန်တော့်အလောင်းကို အိမ်မယူပါနဲ့ မာမီခင် " သေပြီးသော အပုပ်တောင်ကြီးဆိုပြီး တရားနှင့်ဖြေပါ "

(၁၃၁၀ ခု၊ ကဆုန်လဆုန် ၉ ရက်၊ ၁၉၄၈ ခု၊ မေလ ၁ ရက်နေ့ ဟံသာဝတီ သတင်းစာ )

ကြိုးဒဏ်ခံရသော ဦးစောက ဇနီးဖြစ်သူ ဒေါ်သန်းခင်ထံသို့ ပေးလိုက်သောစာ -

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါ ဝန်ကြီးများအားလုပ်ကြံသတ်ဖြတ်သည့် အမှုနှင့်ပတ်သက်၍ ကြိုးမိန့်ပေးထားခြင်းခံရသော ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှုန်ကြီး၊ ရန်ကြီးအောင်တို့၏ ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီးထံ အသနားခံလွှာ တင်သွင်းရန် ရန်ကြီးအောင်တစ်ဦးသာ နိုင်ငံတော်သမ္မတထံ အသနားခံလွှာကို အပူတပြင်း ရေးသားစီစဉ်နေသည်ဟု သိရှိရလေသည်။





www.burmeseclassic.com

www.burmeseclassic.com



## ခွင့်လွှတ်ပါတယ်

မာမီကျွန်တော့်အပေါ် မကျေနပ်တာရှိလျှင် သည်းခံပါ။ မာမီအပေါ်တွင် မကျေနပ်တာရှိလျှင် ခွင့်လွှတ်ပါသည်။ သမီးတစ်သက်လုံးတွင် ‘ သူတစ်ပါးအသက် သတ်ခြင်း ရှောင်ကြည်ပါ’

## လက်စားမချေရလျှင်

ဒက်ဒီတို့အမျိုးသည် အဖေဘက်က အမျိုး၊ အမေဘက်က အမျိုး ဟူ၍ နှစ်ဖက်ရှိကြပါသည်။ ထိုအမျိုးများသည် အလွန်စိတ်ထက်ကြသည်။ စိတ်ကောင်းရှိကြသည်။ စော်ကားလျှင် မခံချင်သော စိတ်ဓာတ်အလွန်အားကြီးကြသည်။ စိတ်ပြင်းလွန်းကြသဖြင့် သူများက တစ်ချက်ရိုက်လျှင် ကိုယ်ကအချက် ၂၀ ပြန်ရိုက်ချင်သည်။ သူတစ်ပါး တစ်ချက်ထုလျှင် ကိုယ်က အချက် ၅၀ လောက်ပြတ်ထုရမှ ကျေနပ်ကြသည်။ လက်စားပြန်မချေရလျှင် တစ်သက်လုံး မမေ့နိုင်ဆိုသလို ရှိခဲ့ကြသည်။

‘ သူများကို သွားမစော်ကားနဲ့၊ စော်ကားလျှင် တစ်ဆင့်တစ်ဆင့် ပြန်ချရမည်ဟု အစဉ်အစိုက် ဒက်ဒီတို့က တစ်မျိုးလုံးကိုအမွေပေးခဲ့ကြသည်။ ဒါကြောင့် သည်လိုစော်ကားလိမ့်မည်ထင်တဲ့လူကို အပေါင်းအဖော်မလုပ်ပါနဲ့၊ ရန်သူလာလျှင် သည်းခံပါ။ သမီး လှူဒါန်းနိုင်သမျှ သံဃာတော်အရှင်မြတ်များအတွက် လှူဒါန်းပါ။ ဤကား ငါ၏ချစ်သမီးကို ပေးနိုင်သော အမွေများဖြစ်သတည်း ’။

(ပုံ) မောင်စော





## ဂဠုန်ဦးစောကို မသတ်ရန် ယိုးဒယားအစိုးရက မေတ္တာရပ်ခံခြင်း

(ဘန်ကောက်မြို့ မေ ၄ ရက်နေ့ နေ့စွဲ ရိုက်တာကြေးနန်း)

လွန်ခဲ့သည့် ဇူလိုင်လက ဗိုလ်ချုပ်အမှူးရှိသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုဖြင့် သေဒဏ်အပြစ်ပေးခံ့ထားရသူ နန်းရင်းဝန် ဦးစော၏ အသက်ကို ချမ်းသာပေးပါရန် မြန်မာပြည်အစိုးရအား ယိုးဒယားပါလီမန်လူကြီး ၇ ဦးတို့က ယနေ့ မေတ္တာရပ်ခံလိုက်ကြောင်း။

မြန်မာအစိုးရသို့ ပို့လိုက်သော စာထဲတွင် နိုင်ငံရေးသမားများအား ပိုမို ဂုဏ်ရှိသည့် ထွက်ပေါက်ဖွင့်ပေးထားသင့်သည်ဟု ၎င်းတို့က ဆိုထားကြောင်း။

## ဦးစောအသက်ကို ဆရာတော်ကြီးများ အလျှော့ခံမည် ဒေါ်သန်းခင်က သံဃာတော်များ ဆွမ်းကျွေး၍ အလှူစာရင်း ရေစက်ချခြင်း

(၁၃၁၀ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ကြာသာပတေးနေ့ ၆-၅-၄၈ ဟံသာဝတီ )

မြန်မာပြည်ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်သည် ဦးစော

www.burmeseclassic.com

www.burmeseclassic.com



အား အသက်ချမ်းသာခွင့်ပေးပါရန် မြန်မာနိုင်ငံသမ္မတကြီးထံသို့ မေတ္တာရပ်ခံခဲ့သည်။

လန်ဒန်မြို့ရှိ ဗုဒ္ဓဘာသာအသင်းကြီးကလည်း မေတ္တာရပ်ခံခဲ့လေသည်။

ယိုးဒယားပြည်မှလည်း ထိုနည်းအတိုင်းပင်။ ရန်ကုန်မြို့ရှိ ဆရာတော်ကြီးများကလည်း ဦးစောအား အသက်ချမ်းသာခွင့်ပေးရန် မြန်မာပြည် အစိုးရအား မေတ္တာရပ်ခံကြဦးမည်။ ဦးစော၏ ကံကြမ္မာကား မည်သို့ဖန်တီးမည်နည်း။

ဧပြီလ ၅ ရက်နေ့ နံနက် ၇ နာရီအချိန် ရန်ကုန်မြို့ ရွှေတိဂုံစေတီယက်ကာအသင်းတိုက်တည်ရာတွင် ဦးစော၏ဇနီး ဒေါ်သန်းခင်၊ ဦးမြရင် အစရှိသော ဦးစော၏ ဆွေမျိုးတစ်စုတို့က သံဃာတော်အပါး ၅၀ အား ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်း၍ သာဓုအနုမောဒနာပြုကြသည်။

## ရေစက်သွန်းချ

ရေစက်သွန်းချ အမှုဝေခါနီးတွင်ဦး ထောင်တွေ့ဦးစောထံမှ နန်းရင်းဝန်ဖြစ်စဉ်က လှူဒါန်းခဲ့သော စာမျက်နှာ ၂၀ ကျော်ခန့်ရှိ အလှူစာရင်းကို ဦးစော၏ တူဖြစ်သူ မောင်ခင်မောင်လတ်က ဖတ်ကြား၍ ရေစက်သွန်းချအမှုပေးဝေသည်။

## အစည်းအဝေးလုပ်၍

ထို့နောက် ရှင်အာဒိစ္စဝံသကျောင်းမှ ဦးကုသလ်ရိုယက နာယကအဖြစ် ဆောင်ရွက်၍ မင်္ဂလာသုခကျောင်းတိုက်မှ





ဦးကေသရတို့က အစည်းအဝေးတစ်ရပ် ပြုလုပ်၍ ကျွင်းပကာ အောက်ပါအဆိုတစ်ရပ်ကို တင်သွင်းကြသည်ဆို၏။

## ရှေးဘုရင်များထုံး

အစည်းအဝေးတွင် အတွင်းရေးမှူး ဦးကေသရက ရှေးဗမာမင်းများ လက်ထက်တွင် ရာဇဝတ်သားများအား သံဃာတော်များ၊ ဆရာတော်ကြီးများက အသက်ချမ်းသာခွင့်ရရန် အလှူခံခဲ့သည့်အခါတွင် ရှေးမင်းများက ခွင့်ပြုခဲ့ဖူးကြောင်း၊ ဗြိတိသျှအစိုးရလက်ထက်ကလည်း အလယ်တောရ ဆရာတော်ဘုရားကြီး ကြီးမှူးသော ဆရာတော်တစ်စုက ရာဇဝတ်ကောင်များ၏ သေဒဏ်ကို အလှူခံခဲ့ရာ ရရှိခဲ့ဖူးကြောင်း။

## အသက်ချမ်းသာပေးရန်

ထို့အတူ ဦးစော၏ အသက်ကိုလည်း နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းများက အလှူခံစာများ ပေးပို့ခဲ့ကြောင်း၊ သို့အတွက် ယခုအစည်းအဝေးကလည်း ဦးစောအတွက် ဗမာနိုင်ငံ နန်းရင်းဝန်ကြီးနှင့် နိုင်ငံတော် သမ္မတကြီးထံ အလှူခံရန် အဆိုကို တင်သွင်းသည်။

## လှူဒါန်းနိုင်ပါစေ

ထိုအခါ တားဂရာတိုက် ဦးတိလောက ဥက္ကဋ္ဌ ထပ်မံဖြည့်စွက်၍ ဦးစောအား အသက်အလှူခံ၍ မရလျှင် ဦးစောအား သတ်ရန် အမိန့်ကို ၁ လ၊ ၂ လ၊ ၃လ အထိ

www.burmeseclassic.com

ရွေ့ဆိုင်းပေးစေ ပြီး ဦးစောသဘောကျ အလျှအတန်း ပေးခွင့်ပြုရန်တို့ကို တင်ပြ ပြောဆိုပြီး ဆုံးဖြတ်ကာ ထိုကိစ္စကို ဆောင်ရွက်ရန် အောက်ပါ ဆရာတော်များအား တာဝန်လွှဲပေး လိုက်သည့် ဆိုကြောင်း။

ပါဝင်သော ဆရာတော်များ

၁။ ကြည့်မြင်တိုင် ဝေဠုဝန် ဆရာတော်
၂။ စလင်းဆရာတော်
၃။ ဥယျာဉ်တိုက် ဆရာတော်
၄။ ဇေယျဝတီ ဆရာတော်
၅။ မင်္ဂလာသုခ ဆရာတော်
၆။ ကျောင်းရာတော် ဆရာတော်
၇။ ဗားဂရာ ဆရာတော်
၈။ ရှင်အာဒိစ္စ ဆရာတော်
၉။ အလယ်တောရ ဆရာတော်
၁၀။ ကြို့ကုန်းဆရာတော်
၁၁။ ဘုရားကြီးကျောင်းတိုက် ဆရာတော်
၁၂။ ဆားလင်းကျောင်းတိုက် ဆရာတော်
၁၃။ မင်းကွန်းအင်းစိန် ဆရာတော်တို့ ပါဝင်သောအဖွဲ့မှ

ဝန်ကြီးချုပ်နှင့် နိုင်ငံတော် သမ္မတထံသို့ သွားရောက်မေတ္တာ ရပ်ခံကြမည်ဟု ကြားသိရပါသည်။





## သရဏဂုံ တင်ခွင့်ပေးမည်

နိုင်ငံတော်လုပ်ကြံမှုကြီးကို ကျူးလွန်သဖြင့် ဆိုင်ရာ အစိုးရတို့က သေဒဏ်ပြုခဲ့သော ဦးစောနှင့် အပေါင်းပါ ၃ ဦးတို့အား မသတ်မီသရဏဂုံတင်ခွင့်ရရန် တောင်းဆိုချက်ကို ဆိုင်ရာ အစိုးရ၏ ခွင့်ပြုချက်ဖြင့် ထောင်ပိုင်၊ ထောင်မှူးများက မေလ ၅ ရက် နေ့မှစ၍ ၆ ရက် ၇ ရက်နေ့များတွင် မိမိကြိုက်နှစ်သက်ရာ သံဃာတော်များကို ပင့်ဖိတ်၍ သရဏဂုံတင်ခွင့်ပြုလိုက်သည်။

## အလောင်းကို ပြန်ပေးမည်မဟုတ်

ဦးစောနှင့်တကွ ကျန်တရားခံများသည် ကြိုးပေးပြီးသော အခါ အလောင်းကို ဆိုင်ရာ ကာယကံရှင်တို့၏တောင်းဆိုချက် အရ မည်သည့်နည်းနှင့်မျှ ခွင့်မပြုနိုင်ကြောင်း ဆုံးဖြတ်လိုက် သည်။

★



www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း

၁။ မြန်မာ့နိုင်ငံရေးသမိုင်း (ဦးလေးမောင်)၊ စာပေဗိမာန်။
၂။ ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓါန် (ဦးမြဟန်)၊ အားမာန်သစ်စာပေ။
၃။ ကိုလိုနီခေတ်မြန်မာ့သမိုင်း (ဗန်းမော်တင်အောင်)၊ ပင်းယစာပေ။
၄။ မြန်မာ့စွယ်စုံကျမ်းများ (စာပေဗိမာန်)။
၅။ ဦးစောနှင့် နိုင်ငံတော်လုပ်ကြံမှု (ဒေါက်တာမောင်မောင်)၊ ပုဂံစာအုပ်တိုက်။
၆။ အဓိပတိဒေါက်တာဘမော် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်း (မောင်ဆန်းကြွယ်)။
၇။ မြန်မာ့လွတ်လပ်ရေးသမိုင်းများပေါင်းချုပ် (လူထုဦးလှ)၊ ကြီးပွားရေးမန္တလေး။
၈။ တစ်ချိန်ကထင်ရှားခဲ့သည့် ပုဂ္ဂိုလ်ကြီးများ (ရွှေဥဒေါင်း)၊ စပယ်ဦးစာပေ။
၉။ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း (တက္ကသိုလ်နေဝင်း)။
၁၀။ အမှတ်တရဗိုလ်ချုပ်အောင်ဆန်း (တက္ကသိုလ်နေဝင်း)
၁၁။ နန်းဦးစွယ်စုံကျမ်း (နန်းငွေ၊ မော်လမြိုင်)
၁၂။ သွေးစွန်းသောနေ့ရက်များ (လင်းယုန်မောင်မောင်)
၁၃။ ဂျွန်ဦးစောနောက်ဆုံးနေ့များ (သန်းဝင်းလှိုင်)

★



BURMESE CLASSIC

www.burmeseclassic.com